ယောသောပုရိသော၊ အကြင်ယောကျ်ားသည်။ ပဌမံ၊ စွာ။ ရုက္ခံ၊ ကို။ အာရုဠှော၊ တက်ခဲ့၏။ သော၊
ထိုယောကျ်ားသည်။ ခိပ္ပမေဝ၊ သာလျှင်။ သစေ နဩရောဟေယျ၊ အကယ်၍ မသက်ဆင်းငြားအံ့။
သောရုက္ခော၊ သည်။ ပပတန္တော၊ လဲသည်ရှိသော်။ တဿ၊ ထိုတက်သောယောကျ်ား၏။ ဟတ္ထံဝါ၊
လက်ကိုသော်လည်း။ ဘဉ္ဇေယျ၊ ချိုးရာ၏။ ပါဒံဝါ၊ ခြေကိုသော်လည်း။ ဘဉ္ဇေယျ၊ ချိုးရာ၏။ အညတရံဝါ
အညတရံ ဝါ၊ တပါးပါးလည်းဖြစ်သော။ အင်္ဂပစ္စင်္ဂံ ဝါ၊ ကိုလည်း။ ဘဉ္ဇေယျ၊ ချိုးရာ၏။ သော ပုရိသော၊
သည်။ တတောနိဒါနံ၊ ထိုချိုးခြင်းလျှင် အကြောင်းရင်းရှိသော။ ဝါ၊ ထိုချိုးခြင်းဟူသော အကြောင်း
ကြောင့်။ မရဏံဝါ၊ သို့မူလည်း။ နိဂစ္ဆေယျ၊ သလော။ မရဏမတ္တံ၊ သော။ ဒုက္ခံဝါ၊ သို့မူလည်း။ နိဂစ္ဆေယျ၊
သလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဧဝံဘန္တေ၊ အရှင်ဘုရား ဤသို့ ဖြစ်ရာပါ၏။
ဂဟပတိ၊ ကြွယ်။ ဧဝမေဝခေါ၊ သာလျှင်။ အရိယသာဝကော၊ သည်။ "ဘဂဝတာ၊ သည်။ ကာမာ၊
တို့ကို။ ရုက္ခဖလူပမာ၊ သစ်သီးရှိသော သစ်ပင်လျှင် ဥပမာရှိကုန်၏ဟူ၍။ ပ။ ဘိယျောတိ၊ များ၏"
ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ၏။ ပ။ ဘာဝေတိ၊ ပွါးများ၏။

၄၉။ ဂဟပတိ၊ ကြွယ်။ သ ခေါ သော အရိယသာဝကော၊ ထိုအရိယာသာဝကသည်။ အနုတ္တရံ၊
မြင့်မြတ်လှန်ကဲသော။ ဣမံယေဝ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ၊ ဤဥပေက္ခာသည် ဖြစ်စေအပ်သော
သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သမာဓိကိုသာလျှင်။ အာဂမ္မ၊ စွဲ၍။ အနေကဝိဟိတံ၊
သော။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရတိ၊ ၏။ သေယျထာ၊ သော။ ဧကံပိ၊ ဤရှေး၌နေဘူးသော
ခန္ဓာအစဉ်ကို။ (အနုဿရတိနည်း။) ဧကံမ္ပိ ဇာတိံ၊ တဘဝကိုရင်း။ ပ။ ဣတိ၊ ဤသို့။ သာကာရံ၊

အဆင်းစသော အခြင်းအရာနှင့်တကွသော။ သံဥဒ္ဒေသံ၊ အမည်အနွယ်ဟူသော ညွှန်ပြဖွယ်နှင့်တကွ သော။ အနေကဝိဟိတံ၊ သော။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရတိ၊၏။

ဂဟပတိ၊ကြွယ်။သဲ ခေါ် သော အရိယသာဝကော၊သည်။အနုတ္တရံ၊သော။ဣမံယေဝ ဥပေက္ခာ-သတိပါရိသုဒ္ဓိံ ၊ ကိုသာလျှင်။ အာဂမ္မ၊၍။ ဝိသုဒ္ဓေန၊ စင်ကြယ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏ မျက်စိအမြင်ကို လွန်သော။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ စဝမာနေ၊ စုတေ ကုန်သော။ ဥပပဇ္ဇမာနေ၊ပဋိသန္ဓေနေကုန်သော။ဟီနေ၊ယုတ်ကုန်သော။ ပဏီတေ၊ မြတ်ကုန်သော။ သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အဆင်းမလှကုန်သော။ သုဂတေ၊ ကောင်းသောလားရာ (ဂတိ)ရှိကုန်သော။ ဒုဂ္ဂတေ၊ မကောင်းသောလားရာ(ဂတိ)ရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ပ။ယထာကမ္မူပဂေ၊ကံအားလျော်စွာကပ်ရောက်ကုန်သော။သတ္တေ၊သတ္တဝါတို့ကို။ ပဇာနာတိ၊ ၏။

ဂဟပတိ၊ ကြွယ်။သ ခေါ် သော အရိယသာဝကော၊သည်။အနုတ္တရံ၊သော။ဣမံယေဝ ဥပေက္ခာ-သတိပါရိသုဒ္ဓိံ ၊ ကိုသာလျှင်။ အာဂမ္မ၊၍။ အာသဝါနံ၊ တို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာ-သဝံ၊ အာသဝေါကင်းသော။ စေတောဝိမုတ္တိံ ၊ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော ရာဂမှလွတ်သော သမာဓိကို။ ပညာဝိမုတ္တိံ ၊ အရဟတ္တ ဖိုလ်နှင့် ယှဉ်သော အဝိဇ္ဇာမှ လွတ်သော ပညာကို [1]။သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ၍။ ဒိဋ္ဌေဝ ဓမ္မေ၊ ဤပင်လျှင်။ သစ္ဆိကတွာ၊ ၍။ ဥပသမ္ပဇ္ဇ၊ ၍။ဝိဟရတိ၊ နေ၏။ ဂဟပတိ၊ ကြွယ်။ ဧတ္တာဝတာခေါ၊ ဖြင့်။ အရိယဿ၊ငါဘုရား၏။ဝိနယေ၊ ၌။သဗ္ဗေနသဗ္ဗံ၊ အကြွင်းမဲ့။ သဗ္ဗထာသဗ္ဗံ၊ အားဖြင့်။ ဝေါဟာရသမုစ္ဆေဒေါ၊ သည်။ ဟောတိ၊ ၏။

၅၀။ ဂဟပတိ၊ ကြွယ်။ တံ၊ကို။ ကိံ မညသိ၊ နည်း။ ယထာ၊ ဖြင့်။ အရိယဿ၊၏။ဝိနယေ၌။ သဗ္ဗေနသဗ္ဗံ၊ မဲ့။ သဗ္ဗထာသဗ္ဗံ၊ အားဖြင့်။ (ကတွာ၊ ၍။) ဝေါဟာရသမုစ္ဆေဒေါ၊သည်။ဟောတိ၊ ၏။ တံ၊သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဝေါဟာရသမုစ္ဆေဒံ၊ ကို။ အတ္တနိ၊ မိမိ၌။ သမနု-ပဿသိအပိနု၊ ကောင်းစွာအဖန်ဖန်ကြည့်ရှု နိုင်ပါမည်လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ အဟံ၊ တပည့်တော်သည်။ကော စ၊ ဘယ်လိုပုဂ္ဂိုလ်စားနည်း။အရိယဿ၊မြတ်ဗုဒ္ဓဘုရား၏။ ဝိန-ယေ၊ ၌။ သဗ္ဗေနသဗ္ဗံ၊ မဲ့။ သဗ္ဗထာသဗ္ဗံ၊ အားဖြင့်။ ဝေါဟာရသမုစ္ဆေဒေါ၊သည်။ ကော စ၊ဘယ်လို တရားမျိုးနည်း [2]။ ဘန္တေ၊ဘုရား။ အဟံ၊ တပည့်တော်သည်။ အရိယဿ၊၏။ပ။ဝေါဟာရသမုစ္ဆေဒါ၊ မှ။ အာရကာ၊ ဝေး၏။ဘန္တေ၊ဘုရား။မယံဟိ၊ တပည့်တော်တို့သည်ကား။ ပုဗ္ဗေ ရှေး၌။အညတိတ္ထိယေ၊ သာသနာတော်မှ တပါးသော အယူရှိကုန်သော။ ပရိဗ္ဗာဇကေ၊ ပရိဗိုဇ်တို့ကို။ အနာဇာနီယေ၊

---

၁။ စေတောဝိမုတ္တိံ ပညာဝိမုတ္တိန္တိ ဧတ္ထ စေတောဝစနေန အရဟတ္တဖလသမ္ပယုတ္တော သမာဓိ, ပညာဝစနေန တံသမ္ပယုတ္တာ ပညာ ဝ ဝုတ္တာ၊ တတ္ထ စ သမာဓိ ရာဂတော ဝိမုတ္တတ္တာ စေတောဝိမုတ္တိ, ပညာ အဝိဇ္ဇာယ ဝိမုတ္တတ္တာ ပညာဝိမုတ္တီတိ ဝေဒိတဗ္ဗာ။ မဋ္ဌ။ ၁။၆၉-၇၀။ သမာဓိ ဝုတ္တော စေတောသီသေန ယထာ စိတ္တံ ပညဉ္စ ဘာဝယန္တိ အဓိပ္ပါယော။ ၎င်းအာကာခံယျသုတ်-ဋီကာတို့ကို ထောက်၍ ပေးသည်။

၂။ ကောစာဟံ ကော သီသော၊ ငါကော ဘာမို့လဲ, ခြွေသ်ကော ဘာကောင်မိုလဲ-ဟူသကဲ့သို့ အံ့တုဂုဏ်ပြိုင် ခြင်းမျိုးမဟုတ်။ ဤတရားတော်ကို သိနိုင်ရလောက်အောင် တပည့်တော်ဟာ ဘယ်လောက်ဉာဏ်ပညာကြီးတဲ့ သူမို့လဲဘုရား။ မသိနိုင်ပါ-ဟု ဆိုလိုရင်း။ မဋ္ဌ၊၂။ ၂၇-ကို နယဂ္ဂါဟမှုလေ။

အာဇာနည်မဟုတ်သည်တို့သာလျှင် [၁]။ သမာနေ၊ ဖြစ်ကုန်လျက်။ အာဇာနီယာတိ၊ အာဇာနည်တို့ဟူ၍။ အမညိမှ၊ မှတ်ထင်ခဲ့ကြပါကုန်၏။ အနာဇာနီယေဝ၊ သာလျှင်။ သမာနေ၊ ကုန်လျက်။ အာဇာနီယဘောဇနံ၊ အာဇာနည်တို့အား ထိုက်သောဘောဇဉ်ကို။ ဘောဇိမှ၊ ကျွေးမွေးခဲ့ပါကုန်၏။ အနာဇာနီယေဝ၊ သာလျှင်။ သမာနေ၊ ကုန်လျက်။ အာဇာနီယဋ္ဌာနေ၊ အာဇာနည်တို့အား ထိုက်ရာနေရာ၌။ ဌပိမှ၊ ထားခဲ့ကြပါကုန်၏။ ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ ဘိက္ခုပန၊ တို့ကိုကား။ အာဇာနီယေဝ၊ တို့သည်သာလျှင်။ သမာနေ၊ ဖြစ်ပါကုန်လျက်။ အနာဇာနီယာတိ၊ တို့ဟူ၍။ အမညိမှ၊ မှတ်ထင်ခဲ့ပါကုန်၏။ပ။ဘောဇိမှ၊ ကုန်၏။ပ။ဌပိမှ၊ ထားခဲ့ပါကုန်၏။ ဘန္တေ၊ ဘုရား။ဣဒါနိ ပန၊ ယခုအခါ၌ကား။ မယံ၊ တပည့်တော်တို့သည်။ အညာတိတ္ထိယေ၊ ကုန်သော။ ပရိဗ္ဗာဇကေ၊ တို့ကို။ အနာဇာနီယေဝ၊ တို့သည် သာလျှင်။ သမာနေ၊ ဖြစ်ကုန်၍။ တနည်း။ အနာဇာနီယေဝ၊ တို့သည်သာလျှင်။ သမာနေ၊ ဖြစ်ကုန်သော။ အညာတိတ္ထိယေ၊ ကုန်သော။ ပရိဗ္ဗာဇကေ၊ တို့ကို။ အနာဇာနီယာတိ၊ တို့ဟူ၍။ ဇာနိဿာမ၊ သိရပါကုန်အံ့။ပ။ဘောဇေဿာမ၊ ကျွေးမွေးကြပါကုန်အံ့။ပ။ဌပေဿာမ၊ ထားကြပါကုန်အံ့။ ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ ဘိက္ခုပန၊ တို့ကိုကား။ အာဇာနီယေဝ၊ တို့သည်သာလျှင်။ သမာနေ၊ ဖြစ်ကုန်၍။ တနည်း။ အာဇာနီယေဝ၊ တို့သည် သာလျှင်။ သမာနေ၊ ဖြစ်ကုန်သော။ ဘိက္ခုပန၊ ရဟန်းတို့ကိုကား။ အာဇာနီယာတိ၊ တို့ဟူ၍။ ဇာနိဿာမ၊ သိရပါကုန်အံ့။ပ။ဘောဇေဿာမ၊ ကျွေးမွေးကြပါကုန်အံ့။ပ။ဌပေဿာမ၊ ထားကြပါကုန်အံ့။ ဘန္တေ၊ ဘုရား။ မေ၊ တပည့်တော်အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမဏေသု၊ ရဟန်းတို့၌။ သမဏပ္ပေမံ၊ ရဟန်းဟူ၍ ချစ်ခြင်းကို။ သမဏေသု၊ တို့၌။ သမဏပ္ပသာဒံ၊ ရဟန်းဟူ၍ ကြည်ညိုခြင်းကို။ သမဏေသု၊ တို့၌။ သမဏဂါရဝံ၊ ရဟန်းဟူ၍ ရိုသေခြင်းကို။ အဇနေသိ ဝတ၊ ဖြစ်စေတော်မူပေစွတကား။ "ဘန္တေ၊ ဘုရား။ အဘိက္ကန္တံ၊ အလွန်နှစ်သက်အပ်ပေစွ။ ဘန္တေ၊ ဘုရား။ အဘိက္ကန္တံ၊ စွ။ဘန္တေ၊ ဘုရား။နိက္ကုဇ္ဇိတံ၊မှောက်ထားအပ်သောဝတ္ထုကို။ ဥက္ကုဇ္ဇေယျ သေယျထာပိဝါ၊ လှန်ရာသကဲ့သို့ငှာ။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းထားအပ်သောအရာဝတ္ထုကို။ ဝိဝရေယျ သေယျထာပိဝါ၊ ဖွင့်ပြရာသကဲ့သို့ငှာ။ မူဠှဿ၊ ခရီးခွဲတွေဝေသောသူအား။ မဂ္ဂံ၊ လမ်းကို။ အာစိက္ခေယျ သေယျထာပိဝါ၊ပြောကြားရာသကဲ့သို့ငှာ။ အန္ဓကာရေ၊ အမိုက်မှောင်၌။ 'စက္ခုမန္တော၊ မျက်စိအမြင်ရှိသော သူတို့သည်။ ရူပါနိ၊ အဆင်းတို့ကို။ ဒက္ခန္တီတိ၊ မြင်နိုင်ကုန်လတ္တံ့၊'ဟု နှလုံးသွင်း၍။ တေလပဇ္ဇောတံ၊ ဆီမီးတန်ဆောင်ကို"ဓာရေယျသေယျထာပိဝါ၊ ညှိထွန်းဆောင်ပြရာသကဲ့သို့ငှာ။ ဘန္တေ၊ ဘုရား။ ဧဝမေဝ၊ သာလျှင်။ဘဂဝတာ၊ သည်။ အနေကပရိယာယေန၊ များသော ပရိယာယ်ဖြင့်။ ဓမ္မော၊ ကို။ ပကာသိတော၊ ပြတော်မူအပ်ပြီ။ ဘန္တေ၊ ဘုရား။ သောဟံ၊ ထိုတပည့်တော်သည်။ ဘဂဝန္တံ၊ ကိုငှာ။ ဓမ္မဉ္စ၊ ကိုငှာ။ဘိက္ခုသံဃဉ္စ၊ ကိုငှာ။သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။ ဘဂဝါ၊ သည်။ မံ၊ တပည့်တော်ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍ [၂]။ ပါဏုပေတံ၊ အသက်ထက်

---

၁။ အနာဇာနီယေတိ ဂိဟိဝေါဟာရသမုစ္ဆေဒနသာ ကာရဏ် အဇာနနကေ။ ဋ္ဌ။ ကဿစိ နာမ အတ္ထဿပိ အဇာနနတော န အာဇာနန္တီတိ အနာဇာနီယာ။ဋီကာ။

၂။ အဇ္ဇတံ အာဒိံ ကတွာ။ အဇ္ဇတဂ္ဂံ အဇ္ဇဘာဝံ။ အဇ္ဇဒဂ္ဂေတိဝါ ပါဌော-ဟု ယင်းပုဒ်ပါသော အဋ္ဌကထာ-ကြီး ၁-ခေါင်းတို့အလို အဇ္ဇတာ အဂ္ဂ-ဟုငှင်း၊အဇ္ဇ အဂ္ဂေ-ဟုငှင်း ပဒစ္ဆေဒပြု။ဒ-နှင့်ရှိလျှင် အဇ္ဇ အဂ္ဂံ ကတွာ-ဟုပေး။ အဂ္ဂကား ဝဓနဝိယလ်။ တာပစ္စည်းဟုသူမှု ယနေ့အဖြစ်ဟူသော သရဏဂုဏ်ဆောက်တည်ခြင်းကိုဟုပေး။ အဇ္ဇတဂ္ဂံ အဇ္ဇဘာဝံ အဇ္ဇော- ဟူသော အဖွင့် (သာရတ္ထ၊ သီလိ) တို့အလို တာ-ပစ္စည်း ဒေဝတာ-ကဲ့သို့ သွတ္တ။ တာ-ကို အာဂမ-ဟုဆိုသော ကဇ္ဇည်း၊ ရူပသိဒ္ဓိတို့ကား ဋ္ဌကိုတို့နှင့် မညီ။ နိတိ၌ ဗ-အာဂုံ။

ဆုံး။ သရဏံ ဂတံ၊ကိုးကွယ်ရာဟု ဆည်းကပ်သော။ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတု၊ အသိ အမှတ်ပြုတော်မူပါလော့။ ဣတိ၊ ဤသို့ လျှောက်ထားပြီ။ ဣတိ၊ သို့။ သုတံ၊ ပြီ။

စတုတ္ထံ၊ သော။ ပေါတလိယသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

## ၅-ဇီဝကသုတ်

၅၁။ (ဇေ၀ံ မေ သုတံ-ပေးမြဲ) ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်မြို့၌။ ကောမာရဘစ္စဿ၊ အဘယမင်းသားသည် မွေးမြူအပ်သော။ ဇီဝကဿ၊ ဇီဝက၏။ အမ္ဗဝနေ၊ သရက်ဥယျာဉ်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုအခါ၌။ပ။ နိသီဒိ၊ နေပြီ။ ဧကမန္တံ၊ ၌။ပ။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ ရား။ သမဏံ ဂေါတမံ၊ ရဟန်းဂေါတမကို။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ ပါဏံ၊ သတ္တဝါကို။ အာရဘန္တိ၊ သတ်ကြကုန်၏။ (အာရဘန္တီတိ ဃာတေန္တိ။ ဋ္ဌ)။သမဏော ဂေါတမော၊ သည်။ ဇာနံ ဇာနန္တော။ သိလျက်။ ဥဒ္ဒိဿကတံ၊ ရည်ညွှန်း၍ ပြုအပ်သော။ပဋိစ္စကမ္မံ၊မိမိကို အကြောင်းပြု၍ သတ်အပ်ပြီးသော[1]။တံ မံသံ၊ ထိုအသား ကို။ ပရိဘုဉ္ဇတီတိ၊ သုံးဆောင်၏"ဟူသော။ ဧတံ၊ ဤစကားကို။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားဘူးပါ၏။ ဘန္တေ၊ရား။ ယေတေ၊ အကြင်တို့တို့သည်။သမဏံ ဂေါတမံ၊ကို။ပ။ ပရိဘုဉ္ဇတီတိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ အာဟံသု၊ ပြောဆိုကြပါကုန်ပြီ။ ဘန္တေ၊ ရား။ ကစ္စိ၊ အသို့ပါနည်း။ တေ၊ ထိုတို့တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝုတ္တဝါဒိနော၊ ဟောတော်မူအပ်ပြီး သည်ကို ပြောဆိုကြပါကုန်သလော။ ဘဂဝန္တံ၊ကို။အဘူတေန၊ မဟုတ်မမှန်သောအားဖြင့်။ န စ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲလည်းမစွပ်စွဲကြပါကုန်သလော။ဓမ္မဿ၊အကြောင်းအား[2] ။ အနုဓမ္မံ၊ လျော်သော အကြောင်း

---

၁။ ပဋိစ္စ ကမ္မံ-ပုဒ်သည် သဒ္ဒ-အတ္ထ နှစ်မျိုးပင် ဆန်းကြယ်သည်။(၁)အတ္တာနံ ပဋိစ္စ ကတံ၊မိမိကို ရည်ညွှန်း၍ သတ်အပ်ပြီးသော။ (ကမ္မသဒ္ဒါသတ်ဖြတ်ပြုလုပ်ခြင်းအနက်၊ ရမ္မပစ္စည်း ကံဟော အတိတ်)။ ဤအလို ဥဒ္ဒိဿ ကတံ-ရှိပြီးဖြစ်၍ ၂၃- ဝိကပ်များလောက် မကောင်းတတ်။ (၂) အတ္တာနံ ပဋိစ္စ ကမ္မံ ဧတ္ထ အတ္ထီတိ၊ မိမိကို အကြောင်းပြု၍ ဖြစ်သော မကောင်းမှု (ပါဏာတိပါတ) ကံရှိသော။ (ကမ္မသဒ္ဒါ မကောင်းမှုကံဟော)။ ဤဋ္ဌ-ဋီ။ ဝိ၊ဋ္ဌ၊၃။ အံ၊ဋီ-တို့၌ ဤနှစ်ဝိကပ်သာပြ၏။ (၃) တံ မံသံ ပဋိစ္စ ပဝတ္တံ ကမ္မံ၊ထိုအသားကို စွဲ၍ ဖြစ်သော မကောင်း မှုကံကို။ (ဖုသတိ၊ ရ၏)ဟု ပါဌ်သေသထည့်။ ဤနည်းကား အံ၊ဋ္ဌ၊ ၃။၂၁၅။ သာရတ္ထ၊ ၃။၂၃၇-တို့အရ တိတ္ထိတို့ အယူအဆအတိုင်း ပေးအပ်သောအနက်။ ဇာတ်၊ဋ္ဌ၊၃။ တိတ္တိရဇာတ်၌ ငှက်မုဆိုး၏-တည်ခါ (ခါတိန်ညင်) အဖြစ် အသုံးပြုသော ခါတကောင်ရှိ၏။ ၎င်းခါသည် "ငါ၏ တွန်သံကြောင့် ခါများ လာကြ၏။မုဆိုးကလည်း ၎င်း တို့ကို သတ်ဖြတ်၏။ ပဋိစ္စ ကမ္မံ ဖုသတိ၊ မုဆိုးသည် ငါ့ကို အကြောင်းပြု စွဲမှီ၍ ပါဏာတိပါတကံကို ရ၏။ ထို မကောင်းမှုသည် ငါ၏ မကောင်းမှုပင်လော"ဟု သံသယဖြစ်၍ ရသေ့အား လျှောက်ထားရာ စေတနာမပါ သဖြင့် မဖြစ်ကြောင်း မိန့်တော်မူသည်။ ပဋိစ္စ ကမ္မံ ဖုသတီတိအာဒိသု ဝိယ- ဟူသော ဋီကာတို့၏ သာဓကပြုရာ ဇာတ်တည်း။ ယင်းအသားကို လှူသူတကာ၊ အလှူခံ (စား) သူတကာ အကုသိုလ်ရသည်ဟု တိတ္ထိတို့ယူဆ ကြောင်း ဤ ၂၃-ဝိကပ်များ က ပြသည်။ ယင်းအယူရှိသည့်အတိုင်း လည်း တိတ္ထိတို့သည် သီဟစစ်သူကြီး၏ ဆွမ်းကျွေးပွဲအပြီးတွင် ဘုရားရှင်အား ပဋိစ္စ ကမ္မံ ဖုသတိ၊အသားကို စွဲ၍ဖြစ်သော မကောင်းမှုကံကို ရသည် စသဖြင့် ဝေသာလီပြည် လမ်းလေးခွ၌ လှည့်လည်ကြွေးကြော်၍ ဝါဒဖြန့်ကြဘူး၏။ အင်္ဂုတ္တရနှင့် မဟာဝဂ္ဂ ဘေသဇ္ဇ ခန္ဓကလာ သီဟဝတ္ထုတို့၌ အကျယ်ရှု။

၂။ ဓမ္မဿ-သည် တိကောဋိပရိသုဒ္ဓမံသကို သုံးဆောင်ခြင်း၏ အကြောင်းဟုတ္တိဟု ဆိုလိုသည်။ ဤ-ဋ္ဌ။ ဓမ္မော နာမ ကတိကောဋိကတာ၊ အနုဓမ္မော နာမ ကာယိကာ ပဋိကထနံ-ဟု ဖွင့်ပြသည့် အံ၊ ဋ္ဌ၊၂၊ ၃၉၉-အလို ဓမ္မ-စကားပင်။

ကို။ မျှာကရောန္တိစ၊ ထင်စွာလည်း ပြုကြကုန်သလော။ ဝါ၊ ပြောလည့်း ပြောဟောကြကုန်သလော။ သဟာဓမ္မိကော၊ အကြောင်းနှင့်တကွသော။ ဝါဒါနုဝါဒေါ၊ ဘုရားရှင်၏ဝါဒ ထိုဝါဒသို့အတုလိုက်သော အနုဝါဒသည်။ ဂါရယှံ ဌာနံ၊ ကဲ့ရဲ့အပ်သော အကြောင်းသို့။ ကောစိ န စ အာဂစ္ဆတိတိ၊ အနည်းငယ်မျှပင် မကျရောက်တဲလည်း ရှိပါသလောဟူသော။ ဇော၊ ဤစကားကို။ အဝေါစ၊ပြီ။

၅၂။ ဇီဝက၊ ဇီဝက။ ယေတေ၊ အကြင်တိတ္ထိတို့သည်။ သမဏံ ဂေါတမံ၊ ကို။ပ။ ပရိဘုဉ္ဇတိတိ၊ ဟူ၍။ ဇော၊ ဤသို့။ အာဟံသု၊ ကုန်ပြီ။ တေ၊ ထိုတိတ္ထိတို့သည်။ မေ၊ ငါဘုရား၏။ နဝုတ္တဝါဒိနော၊ ဟောအပ်ပြီးသည်ကို ပြောဆိုလေ့ရှိသူတို့ မဟုတ်ကုန်။ တေ၊ တို့သည်။ မံ၊ ငါ့ကို။အသတာ အဘူတေန၊ ထင်ရှားမရှိသော မဟုတ်မမှန်သော အားဖြင့်။အဗ္ဘာစိက္ခန္တိစ၊ စွပ်စွဲလည်းစွပ်စွဲကြကုန်၏။ဇီဝက၊က။ အဟံ၊ ငါသည်။ တီဟိ ခေါ ဌာနေဟိ၊ အကြောင်း သုံးပါးတို့ဖြင့်။ မံသံ၊ အသားကို။ အပရိဘောဂန္တိ၊ မသုံးဆောင်အပ် မသုံးဆောင်ကောင်းဟူ၍ ။ ဝဒါမိ၊ ဟော၏။ ဒိဋ္ဌံ၊ မြင်အပ်သောအသားရင်း။ သုတံ၊ ကြားအပ်သောအသားရင်း။ ပရိသင်္ကိတံ၊ ယုံမှားအင်သောအသားရင်းတည်း။ ဇီဝက၊က။ အဟံ၊ ငါသည်။ တီဟိ၊ ကုန်သော။ ခေါ ဌာနေဟိ၊ တို့ဖြင့်။ မံသံ၊ကို။ အပရိဘောဂန္တိ၊ ဟူ၍။ ဝဒါမိ၊၏။ပ။ အဒိဋ္ဌံ၊ မမြင်အပ်သောအသားရင်း။ အသုတံ၊ မကြားအပ်သော အသားရင်း။ အပရိသင်္ကိတံ၊ မယုံမှားအပ်သောအသားရင်းတည်း။ပ။ ပရိဘောဂန္တိ၊ သုံးဆောင်အပ်၏ဟူ၍။ ဝဒါမိ၊ ၏။

၅၃။ ဇီဝက၊က။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အညတရံ၊ တခုခုသော။ ဂါမံဝါ၊ ရွာကိုရင်း။ နိဂမံဝါ၊ နိဂုံးကိုရင်း။ ဥပနိဿာယ၊ မှီ၍။ဝိဟရတိ၊ နေ၏။သော၊ ထိုရဟန်းသည်။
(မေတ္တာသဟဂတေန-မှ စ၍ အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ-တိုင်အောင် သောဝါကျကား အင္ဂုတ္တရနိကာယ်သုတ် အပိုဒ် နံပါတ် ၂၀-နှင့် တူပြီ)။

တမေနံ၊ ထိုရဟန်းကို။ ဂဟပတိဝါ၊ သည်ရင်း။ ဂဟပတိပုတ္တောဝါ၊သည်ရင်း။ ဥပသင်္ကမိတွာ၊ ၍။ သွေတနာယ၊ နက်ဖန်၌ ဖြစ်လတ္တံ့သောပုညပီတိပါမောဇ္ဇအကျိုးငှါ[၁]။ ဘတ္တေန၊ ဆွမ်းဖြင့်။ နိမန္တေတိ၊ ပင့် ဘိတ်၏။ ဇီဝက၊ က။ဘိက္ခု၊သည်။ အာကင်္ခမာနော၀၊ အလိုရှိသည်ဖြစ်၍သာလျှင်။ အဓိဝါသေတိ၊ ၏။ သော၊ ထိုရဟန်းသည်။တဿာ ရတ္တိယာ: ထိုညဉ့်၏။ အစ္စယေန၊ကုန်လွန်သဖြင့်။ ပုဗ္ဗဏှသမယံ၊နံနက်အခါ၌။ပ။ပညတ္တေ၊သော။အာသနေ၌။နိသီဒိ၊ပြီ။တမေနံ၊ကို။သောဂဟပတိဝါ၊ သည်ရင်း။သောဂဟပတိပုတ္တောဝါ၊ သည်ရင်း။ပဏီတေန၊ မွန်မြတ်သော။ ပိဏ္ဍပါတေန၊ သားပွဲမ်းဆွမ်းဖြင့်။ပရိဝိသတိ၊ လုပ်ကျွေး၏။ တဿ၊ ထိုရဟန်း၏ (စိတ်၌)။ "မံ၊ ငါ့ကို။ အယံဂဟပတိဝါ၊ ဤသူကြွယ်သည်ရင်း။ အယံဂဟပတိပုတ္တောဝါ၊သည်ရင်း။ ပဏီတေန၊ မွန်မြတ်သော။ ပိဏ္ဍပါတေန၊ သားပွဲမ်းဆွမ်းဖြင့်။ ပရိဝိသေယျ၊ လုပ်ကျွေးပါမူကား။ သာဓုဝတာတိ၊ ကောင်းလေစွ" ဟူ၍။ ဧဝံ၊ ဤသို့(သောအကြံ)သည်။နဟောတိ၊ မဖြစ်။ မံ၊ငါ့ကို။ပ။အာယတိံပိ၊ နောင်အခါ၌လည်း။ပ။ အဟောဝတာတိ၊ ဟူ၍။ဧဝမ္ပိ၊ ဤသို့လည်း။ အဿ၊ထိုရဟန်း၏(စိတ်၌။)နဟောတိ၊ မဖြစ်။ သော၊ ထိုရဟန်းသည်။ တံပိဏ္ဍပါတံ၊ ကို။ အဂဓိတော၊ တဏှာဖြင့်မတပ်မက်သည် ဖြစ်၍။ အမုစ္ဆိတော၊ တဏှာဖြင့် မတွေဝေသည်ဖြစ်၍။ အနဇ္ဈောပန္နော၊ အာသာငမ်းငမ်း မငွေ့လမ်း မမျိုသိပ်သည် ဖြစ်၍ ။ အာဒီနဝဒဿာဝီ၊ အပြစ်ကို ရှုမြင်လေ့ရှိသည်ဖြစ်၍။ နိဿရဏပညော၊ ရသတဏှာမှ

၁။ သွေတနာယ(သွေအာဒနာယ)၊ နက်ဖန်ဆွမ်းစားခြင်းငှါ။ (ဓိဗ္ဗတ္ထာင်းနည်း)

ထွက်မြောက်ကြောင်းပညာရှိသည်ဖြစ်၍။ ပရိဘုဉ္ဇတိ၏။ ဇီဝက၊က ။တံ၊ ထိုဆိုအပ်လတ္တံ့ စကားကို။ ကိံ မညသိ၊နည်း။ သော ဘိက္ခု၊သည်။တသ္မိံ သမယေ၊ ထိုအခါ၌။ အတ္တဗျာဗာဓာယဝါ၊မိမိကိုယ်ကို ဆင်းရဲအကျိုးငှါလည်း။ စေတေတိ အပိနု၊ အားထုတ်ရာသလော။ ပရဗျာဗာဓာယဝါ၊ ထပါးသူ ဆင်းရဲအကျိုးငှါလည်း။ စေတေတိ အပိနု၊လော။ ဥဘယဗျာဗာဓာယဝါ၊ မိမိ-သူတပါးနှစ်ဦးသား တို့၏ ဆင်းရဲခြင်းအကျိုးငှါလည်း။စေတေတိ အပိနု၊ လော။ ဣတိ၊ ပြီ။ဘန္တေ၊ ရှား။ တေ၊ သည်။ နောဟိ၊ မသင့်ပါ။ ဇီဝက၊က။ သော ဘိက္ခု၊သည်။ တသ္မိံ သမယေ၌။ အနဝဇ္ဇံယေဝ၊ အပြစ်မရှိ သည်သာဖြစ်သော။အာဟာရံ၊ ကို။ အာဟာရေတိ နနု၊ သုံးဆောင်သည် မဟုတ်လော။ ဣတိ၊ သို့မေးတော်မူပြီ။ ဝေံဘန္တေ၊ အရှင်ဘုရား ဟုတ်ပါ၏။

ဘန္တေ၊ရှား။ မေ၊သည်။"ဗြဟ္မာ၊ ဗြဟ္မာသည်။ မေတ္တာဝိဟာရတိတိ၊ မေတ္တာဈာန်ဖြင့် နေလေ့ ရှိသည်"ဟူသော။တေ၊ ကို။ သုတံ၊ ပြီ။ ဘန္တေ၊ ရှား။ မေ၊ ၏။ တံဣဒံ၊ ထိုကြားအပ်ဘူးသော မေတ္တာဖြင့် နေလေ့ရှိသူဟူသည်။ သက္ခိဒိဋ္ဌော၊ မျက်မှောက်တွေ့မြင်အပ်သော။ ဘဂဝါ၊ မြတ်စွာ ဘုရားပါတည်း။ ဘန္တေ၊ ရှား။ ဟိ၊ မှန်လှပါ၏။ ဘဂဝါ၊ သည်။ မေတ္တာဝိဟာရီ၊ မေတ္တာဖြင့် နေလေ့ ရှိသူပါတည်း။ ဣတိ၊ သို့လျှောက်ပြီ။ ဇီဝက၊ က။ ယေန ရာဂေန၊ အကြင်ရာဂကြောင့်ရှင်း။ ယေန ဒေါသေန၊ ကြောင့်ရှင်း။ ယေန မောဟေန၊ ကြောင့်ရှင်း။ ဗျာပါဒဝါ၊ ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းရှိသည်။ အဿ၊ ဖြင်ရာ၏။ တထာဂတဿ၊ မြတ်စွာဘုရားသည်။ သော ရာဂေါ၊ ကို။ သောဒေါသော၊ကို။ သောမောဟော၊ကို။ ပဟီနော၊ ပယ်အပ်ပြီ။ ဥစ္ဆိန္နမူလော၊ ဖြတ်အပ်ပြီးသော အမြစ်ရှိပြီ။ တာလာဝတ္ထုကတော၊ ထန်းပင်၏တည်ရာ (ကျင်း)ကဲ့သို့ ပြုအပ်ပြီ။ အနဘာဝံ- ကတော၊ တဖန်မဖြစ်အောင် ပြုအပ်ပြီ။ အာယတိံ အနုပ္ပါဒဓမ္မော၊ နောင်အခါ၌ တဖန်မဖြစ်ခြင်း သဘောရှိ၏။ ဇီဝက၊က။ တေသင်သည်။ ဣဒံ၊ ဤစကားကို။ သန္ဓာယ၊ ရည်ညွှန်း၍။ သစေခေါ ဘာသိတံ၊ အကယ်၍ လျှောက်အပ်သည်ဖြစ်အံ့။ (ဝေံသန္တေ၊ ဤသို့ဖြစ်သော်။) တေ၊ သင်၏။ တေ၊ ဤစကားကို။ အနုဇာနာမိ၊ (ငါဘုရား) ခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့မိန့်တော်မူပြီ။ ဘန္တေ၊ ရှား။ မေ၊ သည်။ ဧတဒေဝ ခေါပန၊ ဤစကားကိုသာလျှင်။ သန္ဓာယ၊ ၍ ။ ဘာသိတံ၊ လျှောက်အပ် ပါ၏။

၅၄။ ဇီဝက၊က။ ပ။ အာဟာရေတိနနု၊ သုံးဆောင်သလော။ ဣတိ၊ ပြီ။ ဝေံဘန္တေ၊ ၏။ ဘန္တေ၊ရှား။ မေ၊သည်။ "ဗြဟ္မာ၊ ဗြဟ္မာသည်။ ဥပေက္ခာဝိဟာရီတိ၊ ဥပေက္ခာဈာန်ဖြင့် နေလေ့ ရှိသည်"ဟူသော။ တေ၊ကို။ သုတံ၊ပြီ။ပ။ ဥပေက္ခာဝိဟာရီ၊ ဥပေက္ခာဖြင့် နေလေ့ရှိသူပါတည်း။ ဣတိ၊ လျှောက်၏။ ဇီဝက၊ က။ပ။ ဝိဟေသဝါ၊ ညှဉ်းဆဲခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ အရတိဝါ၊ အဓိကုသလမှုတို့၌ မမွေ့လျော်ခြင်း ရှိသည် မှုလည်း။ အဿ၊ ရာ၏။ ပဋိဃဝါ၊ အမျက်ထွက်ခြင်း ရှိသည်မှုလည်း။ အဿ၊ ရာ၏။ (အကြွင်းတူပြီ)။

၅၅။ ဇီဝက၊က။ ယော ခေါ၊အကြင်သူကြွယ်သည်။ တထာဂတံဝါ၊ ကိုရင်း။ တထာဂတသာဝ- ကံ ဝါ၊ ဘုရားရှင်၏ တပည့်သားကိုရင်း။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ ပါဏံ၊ ကို။ အာရဘတိ၊ သတ်၏။ သော၊ ထိုသူသည်။ ပဥ္စဟိ ဌာနေဟိ၊ ငါးပါးသောအကြောင်းတို့ကြောင့်။ ဗဟုံ၊ များစွာသော။ အပုညံ၊ မကောင်းမှုသည်။ပသဝတိ၊ ပွါးစီး၏[၁]။သော ဂဟပတိ၊ ထိုသူကြွယ်သည်။ "ဂစ္ဆထ၊ သွားကြ

---

၁။ ပသဝတိ၊ ပွား၏၊ ဖြစ်၏၊ ဖြစ်စေ၏၊ ရ၏-ပေးနိုင်သည်ချည်း။

ကုန်လော့။ အမှုကံနာမ ပါဏံ၊ ဤမည်သော သတ္တဝါကို။ အာနေထာတိ၊ ဆောင်ခဲ့ကြကုန်လော့” ဟူ၍။ ဧဝံ၊ ဤသို့။ ယမ္ပိ၊ အကြင်ကြောင့်လည်း။ အာဟ၊ ဆိုပြီ။ ပဌမေန၊ ရှေးဦးစွာသော။ ဣမိနာ ဌာနေန၊ ဤအကြောင်းကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ၏။ သော ပါဏော။ ထိုသတ္တဝါသည်။(ပဋိသံဝေဒေတိ-၌စပ်)။ဝါ၊ထိုသတ္တဝါကို။(အာနီယမာနော-၌စပ်)။ဂလပ္ပဝေဌကေန၊ လည်၌ ကြိုးချည်ရစ်ပတ်သဖြင့်။အာနီယမာနော၊ဆွဲငင်အပ်သည်ရှိသော်။ဒုက္ခံ၊ကိုယ်၏ဆင်းရဲကိုရင်း။ ဒေါမနဿံ၊ စိတ်နှလုံးမသာယာခြင်းကိုရင်း။ ယမ္ပိ၊ အကြင်ကြောင့်လည်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ ဒုတိယေန၊ နှစ်ခုမြောက်သော။ ဣမိနာ ဌာနေန၊ ကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ၏။ သော။ ထိုသူကြွယ်သည်။ “ဂစ္ဆထ၊ သွားကြကုန်လော့။ ဣမံပါဏံ၊ ကို။ အာရဘထာတိ၊ သတ်ကြကုန်လော့”ဟူ၍။ ဧဝံ၊ သို့။ ယမ္ပိ၊ ကြောင့်လည်း။ အာဟ၊ ပြီ။ တတိယေန၊ သော။ ဣမိနာ ဌာနေန၊ ကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ၏။ သော၊ ပါဏော။ သည်။ ဝါ၊ ကို။ အာရဘီယမာနော၊ သည်ရှိသော်။ ဒုက္ခံ၊ ကိုရင်း။ ဒေါမနဿံ၊ ကိုရင်း။ ယမ္ပိ၊ ကြောင့်လည်း။ ပဋိသံဝေဒေတိ၊ ၏။ စတုတ္ထေန၊ သော။ ဣမိနာ ဌာနေန၊ ကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ၏။ သော၊ ထိုသူကြွယ်သည်။ တထာဂတံဝါ၊ ကိုရင်း။ တထာဂတသာဝကံ ဝါ၊ ကိုရင်း။ အကပ္ပိယေန၊ မအပ်သောအသားဖြင့်။ ယမ္ပိ၊ ကြောင့်လည်း။ အာသာဒေတိ၊ ထိပါးပြော ဆို၏[1]။ ပဉ္စမေန၊ သော။ ဣမိနာ ဌာနေန၊ ကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ၏။

ဇီဝက၊ က။ ယော ခေါ၊ အကြင်သူသည်။ တထာဂတံဝါ၊ ကိုရင်း။ တထာဂတသာဝကံဝါ၊ ကိုရင်း။ ဥဒ္ဒိဿ၊ ၍။ ပါဏံ၊ ကို။ အာရဘတိ၊ သတ်၏။ သော၊ ထိုသူသည်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ ဌာနေဟိ၊ တို့ကြောင့်။ ဗဟုံ၊ သော။ အပုညံ၊ သည်။ ပသဝတိ၊ ပွါးစီးစေ၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဧဝံဝုတ္တေ၊ ဤသို့ မိန့်တော်မူသည်ရှိသော်။ ကောမာရဘစ္စော၊ သော။ ဇီဝကော၊ သည်။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ရား။ အစ္ဆရိယံ၊ စွ။ ဘန္တေ၊ ရား။အဗ္ဘုတံ၊ စွ။ ဘန္တေ၊ ရား။ ဘိက္ခူ၊ တို့သည်။ ကပ္ပိယံ အာဟာရံ၊အပ်သောအာဟာရကိုသာ။ အာဟာရေန္တိ ဝတ၊ သုံးဆောင်တော်မူကြပေကုန်စွ။ ဘန္တေ၊ ရား။ ဘိက္ခူ၊ တို့သည်။ အနဝဇ္ဇံအာဟာရံ၊ အပြစ်မဲ့သော အာဟာရကိုသာ။ အာဟာရေန္တိ ဝတ၊ ပေကုန်စွ။ ဘန္တေ၊ ရား။ အဘိက္ကန္တံ၊ စွ။ပ။ဓာရေတူတိ၊ပါလော့”ဟူသော။ဝေါ၊ကို။အဝေါစ၊ ပြီ။ ဣတိ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ပဉ္စမံ၊ သော။ ဇီဝကသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၆-ဥပါလိသုတ်

၅၆။ (ဧဝံ မေ သုတံ၊ ပေးမြဲ)။ဧကံ၊ သော။ သမယံ၊ ၌။ဘဂဝါ၊ သည်။ နာဠန္ဒာယံ၊ နာဠန္ဒာ မြို့၌။ ပါဝါရိကမ္ဗဝနေ၊ ဒုဿပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌။ ဝိဟရတိ၊ ၏။ တေန ခေါ ပန သမယေန၊ ၌။ နာဋပုတ္တော၊ ကခြေသည်၏သားဖြစ်သော။ နိဂဏ္ဌော၊ နိဂဏ္ဌသည်။ မဟတိယာ၊

1။ အာ+သဒ-ဓာတ်ရှေ့နှင့်တွဲ။ အာသာဒိမှုသောတိ ထောင့်ယိမ့်။ (ဒီဋ္ဌ၁၊၈။) တနဲ-အရှိန်အဝေဝါမဲ့စေ၏။ အာသနှာ-ပေတ္တာတိ အာသာဒနံ ဆေဒနံ မက်ကရဏာဘာဝံ အပေက္ခမာနော။ (ဝိဋ္ဌ၃။ ၉၇)

များပြားသော။ နိဂဏ္ဌပရိသာယ၊ နိဂဏ္ဌာ၏ ပရိသတ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ နာဠန္ဒာယံ၊ နာဠန္ဒာမြို့၌။ ပဋိဝသတိ၊ နေ၏။ အထခေါ၊ ထိုအခါ၌။ ဒီဃတပဿီ၊ ဒီဃတပဿီ မည်သော။ နိဂဏ္ဌော၊ သည်။ နာဠန္ဒာယံ၊ ၌။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းခံလှည့်လည်၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည်မှ နောက်ကာလ၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ၍။ ပ။ အဋ္ဌာသိ၊ ပြီ။ ဧကမန္တံ၊ ၌။ ဌိတံခေါ၊ ရပ်ပြီးသော။ ဒီဃတပဿိံ၊ သော။ နိဂဏ္ဌံ၊ ကို။ ဘဂဝါ၊ သည်။ "တပဿိ၊ ဒီဃတပဿီ။ အာသနာနိ၊ နေရာတို့သည်။ သံဝိဇ္ဇန္တိခေါ၊ ရှိကုန်သည်သာတည်း။ သစေ အာကင်္ခသိ၊ အကယ်၍ (ထိုင်) လိုသည်ဖြစ်အံ့။ နိသီဒါဟိ၊ ထိုင်လော့" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ ဧဝံဝုတ္တေ၊ သော်။ ဒီဃတပဿီ၊ သော။ နိဂဏ္ဌော၊ သည်။ အညတရံ၊ တခုသော။ နီစံ အာသနံ၊ နိမ့်သောနေရာကို။ ဂဟေတွာ၊ ယူ၍။ ဧကမန္တံ၊ ၌။ နိသီဒိ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နံခေါ၊ သော။ ဒီဃတပဿိံ၊ သော။ နိဂဏ္ဌံ၊ ကို။ ဘဂဝါ၊ သည်။ "တပဿိ၊ ဿီ။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊ သည်။ ပါပဿ ကမ္မဿ၊ မကောင်းမှုကို။ ကိရိယာယ၊ ပြုခြင်း ကြောင့်။ ပါပဿ ကမ္မဿ၊ ကို။ ပဝတ္တိယာ၊ ဖြစ်စေခြင်းကြောင့်။ ကတိပန ကမ္မာနိ၊ အဘယ်မျှလောက် ကုန်သောကံတို့ကို။ ပညပေတိ၊ ပညတ်ထားသနည်း" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ မေးတော်မူပြီ။

အာဝုသော ဂေါတမ၊ ငါ့ရှင် ဂေါတမ။ ကမ္မံ ကမ္မန္တိ၊ ကံ ကံ ဟူ၍။ ပညပေတုံ၊ ငှါ။ နာဋပုတ္တဿ၊ သော၊ နိဂဏ္ဌဿ၊ ၏။ နခေါအာစိဏ္ဏံ၊ အလေ့အကျက် မဟုတ်။ အာဝုသော ဂေါတမ၊ မ။ ဒဏ္ဍံ ဒဏ္ဍန္တိ၊ ဒဏ် ဒဏ် ဟူ၍။ ပညပေတုံ၊ ငှါ။ နာဋပုတ္တဿ၊ သော။ နိဂဏ္ဌဿ၊ ၏။ အာစိဏ္ဏံခေါ၊ အလေ့အကျက် သာတည်း။ ဣတိ၊ ဤသို့လျှောက်ပြီ။

တပဿိ၊ ဿီ။ ပ။ ကတိပန ဒဏ္ဍာနိ၊ တို့ကို။ ပညပေတိ၊ ပညတ်ထားသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။

အာဝုသော ဂေါတမ၊ မ။ ပ။ တီဏိ ခေါ ဒဏ္ဍာနိ၊ သုံးပါးကုန်သော ဒဏ်တို့ကိုသာလျှင်။ ပညပေတိ၊ ၏။ ဣတိ၊ (ဤသို့လျှောက်)၏။ (ဤ၌ ဣတိ သဒ္ဒါ ပိုအပ်ထင်သည်။ ထိုထိုပါဠိတော် တို့၌-သေယျထိဒံ-ဝါကျ၏ရှေ့၌ ဣတိသဒ္ဒါပါသည်ကို မတွေ့ရ။ လာမည့် ၅၇-ဝါကျ၌လည်း မပါပေ)။

သေယျထာ ကတမာနိ၊ ကုန်သော။ ဣဒံ-ဣမာနိ၊ တို့ကို။ (ပညပေတိ၊ နည်း။) ကာယဒဏ္ဍံ၊ ၎င်း။ ဝစီဒဏ္ဍံ၊ ၎င်း။ မနောဒဏ္ဍံ၊ ၎င်းတည်း။ ဣတိ၊ ဤသို့ လျှောက်၏။

တပဿိ၊ ဿီ။ ကာယဒဏ္ဍံ၊ သည်။ အညဒေဝ ကိံပန၊ အခြားတပါး ဖြစ်သလော။ ဝစီဒဏ္ဍံ၊ သည်။ အညံကိံပန၊ လော။ မနောဒဏ္ဍံ၊ သည်။ အညံကိံပန၊ လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

အာဝုသော ဂေါတမ၊ မ။ ကာယဒဏ္ဍံ၊ သည်။ အညဒေဝ၊ အခြားတပါးသာလျှင်တည်း။ ဝစီဒဏ္ဍံ၊ သည်။ အညံ၊ တည်း။ မနောဒဏ္ဍံ၊ သည်။ အညံ၊ တည်း။ ဣတိ၊ ဤသို့ လျှောက်၏။

တပဿိ၊ ဿီ။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊ သည်။ ဧဝံ၊ ဤသို့။ ပဋိဝိဘတ္တာနံ၊ အနက် အားဖြင့် ကွဲပြားကုန်သော။ (ပဋိဝိဘတ္တာနန္တိ အတ္ထတော ဝိဘတ္တာနံ။ ဋီ)။ ဧဝံ သို့။ ပဋိဝိသိဋ္ဌာနံ၊ သဒ္ဒါအားဖြင့် ထူးခြားကုန်သော။ (ဝိသေသနပဒေသေန သဒ္ဒတောပိ ဝိသိဋ္ဌာနံ။ ဋီ)။ ဣမေသံ တိဏ္ဏံ ဒဏ္ဍာနံ၊ ဤ သုံးပါးသော ဒဏ်တို့တွင်။ ကတမံ ဒဏ္ဍံ၊ အဘယ်ဒဏ်ကို။ ပါပဿ ကမ္မဿ၊ ကို။ ကိရိယာယ၊ ကြောင့်။ ပါပဿ ကမ္မဿ၊ ကို။ ပဝတ္တိယာ၊ ကြောင့်။ မဟာသာဝဇ္ဇတရံ၊ အပြစ်အကြီး

ဆိုးဟူ၍။ ပညာပေတိ၊ ပညတ်သနည်း။ ယဒိဝါ ကာယဒဏ္ဍံ၊ ကာယဒဏ်ပင်လော။ ယဒိ ဝါ ဝစီဒဏ္ဍံ၊ လော။ ယဒိ ဝါ မနောဒဏ္ဍံ၊ လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

အာဝုသော ဂေါတမ၊ မ။ ပ။ ကာယဒဏ္ဍံ၊ ကို။ မဟာသာဝဇ္ဇတရံ၊ ဟူ၍။ ပညပေတိ၊ ၏။ ဝစီဒဏ္ဍံ၊ သည်။ နောတထာ၊ ထိုကဲ့သို့ အပြစ်မကြီး။ မနောဒဏ္ဍံ၊ သည်။ နောတထာ၊ မကြီး။ ဣတိ၊ ဤသို့ လျှောက်၏။

တပဿိ၊ သိ။ ကာယဒဏ္ဍန္တိ၊ ဟူ၍။ ဝဒေသိ၊ (သင်)ဆိုသလော။

အာဝုသော ဂေါတမ၊ မ။ ကာယဒဏ္ဍန္တိ၊ ဟူ၍။ ဝဒါမိ၊ (ကျွန်ုပ်) ဆို၏။ ပ။ ဣတိ၊ ဤသို့ လျှောက်၏။

ဣတိဟ၊ ဤသို့လျှင်။ ဘဂဝါ၊ သည်။ ဒီဃတပဿိံ၊ သော။ နိဂဏ္ဌံ၊ ကို။ ဣမသ္မိံ ကထာဝတ္ထုသ္မိံ၊ ဤပြောဆိုအပ်ပြီးသော စကား၌။ (ကထာယေဝ ကထာဝတ္ထု)။ ယာဝတတိယကံ၊ သုံးကြိမ်တိုင်တိုင်။ ပတိဋ္ဌာပေတိ၊ တည်စေပြီ။ ဝါ၊ ဝန်ခံစေပြီ [၁]။

၅၇။ [ဤ၌အဘ်၊ ငါသည်။ မနောကမ္မံ၊ ကို။ မဟာသာဝဇ္ဇတရံ၊ ဟူ၍။ ပညပေမိ၊ ၏။ စသည်ဖြင့် ဒဏ်နှင့်ကံမျှသာ ထူးသည်။ ၅၆-ဝါကျကို မှီး၍ ပေးလေ]။

ဣတိဟ၊ ဤသို့လျှင်။ ဒီဃတပဿီ သော။ နိဂဏ္ဌော၊ သည်။ ဘဂဝန္တံ၊ ကို။ ဣမသ္မိံ ကထာဝတ္ထုသ္မိံ၊ ၌။ ယာဝတတိယကံ၊ တိုင်တိုင်။ ပတိဋ္ဌာပေတွာ၊ ဝန်ခံစေ၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ထ၍။ယေန၊ ၌။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိပြီ။

၅၈။ တေန ခေါ ပန သမယေန၊ ၌။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊ သည်။ မဟတိယာ၊ သော။ ဂိဟိပရိသာယ၊ နှင့်။ ဗာလကိနိယာ၊ ဗာလကရွာသားဖြစ်သော။ ဥပါလိပမုခါယ၊ ဥပါလိ သူကြွယ်အမှူးရှိသော။ ပရိသာယ၊ နှင့်။ သဒ္ဓိံ၊ တကွ။ နိသိန္နော၊ နေသည်။ ဟောတိ၊ ၏။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊သည်။ ဒီဃတပဿိံ နိဂဏ္ဌံ၊ကို။ ဒူရတော၀၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသာခေါ၊မြင်လေပြီ။ ဒိသွာန၊မြင်ပြီးလတ်သော်။ဒီဃတပဿိံ နိဂဏ္ဌံ၊ကို။ "တပဿိ၊သိ။ တွံ၊ သင်သည်။ ဟန္ဒ၊ယခု။ ဒိဝါဒိဝဿ၊နေမွန်းလွဲချိန်၌ [၂]။ ကုတော၊အဘယ်အရပ်မှ။ အာဂစ္ဆသိနုတိ၊ လာခဲ့ရသနည်း" ဟူသော။ တေံ၊ ကို။ အဝေါစ၊ မေးပြီ။ ဘန္တေ၊ အရှင်နာဋပုတ္တ၊ အဟံ၊ အကျွန်ုပ်သည်။ သမဏဿ ဂေါတမဿ၊၏။သန္တိကာ၊ အထံမှ။ ဣတော ဟိ ခေါ၊ ဤအရပ်သို့ သာလျှင်။ အာဂစ္ဆာမိ၊ လာခဲ့ပါ၏။ ဣတိ၊ ဤသို့ ပြော၏။

တပဿိ၊ သိ။ သမဏေန ဂေါတမေန၊ နှင့်။ သဒ္ဓိံ၊တကွ။တေ၊ သင်၏။ ကောစိဒေဝ၊တစုံ တခုသာလျှင်ဖြစ်သော။ ကထာသလ္လာပေါ၊ တရားစကားဆွေးနွေးခြင်းသည်။ အဟုပန၊ ဖြစ်ခဲ့သ လော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်နာဋပုတ္တ။ ပ။ အဟုခေါ၊ ဖြစ်ခဲ့သည်သာတည်း။ ဣတိ၊ ဤသို့ ပြော၏။

---

၁။ ပတိဋ္ဌာပေတီတိ ပတိဋ္ဌာပေတိ၊ ဝန်ခံစေပြီ [illegible]။

၂။ ဒိဝါဒိဝဿ ဒိဝါ နာမ မဇ္ဈန္တိကကာလော။ [illegible]

တပဿိ၊ ဿိ။ ယထာကထံပန၊ အဘယ်သို့လျှင်။ ပ။ အဟု၊ဖြစ်ခဲ့လေသနည်း။ ဣတိ၊ ဤသို့မေး၏။ အထခေါ၊ ၌။ ဒီဃတပဿိနိဂဏ္ဌော၊ သည်။ ဘဂဝတာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ယာဝတကော၊ အကြြင်မျှလောက် အတိုင်းအရှည်ရှိသော။ ကထာသလ္လာပေါ၊ သည်။ အဟောသိ၊ ဖြစ်ခဲ့ပြီ။ တံသဗ္ဗံ၊ထိုဆွေးနွေးချက်အားလုံးကို။ နာဋပုတ္တဿ၊သော။ နိဂဏ္ဌဿ၊အား။ အာရောစေသိ၊ ပြောကြားလေပြီ။ ဧဝံဝုတ္တေ၊ သော်။ နာဋပုတ္တော၊ သော။ နိဂဏ္ဌော၊ သည်။ ဒီဃတပဿိ နိဂဏ္ဌံ၊ ကို။ "သာဓု သာဓု တပဿိ၊ ကောင်းပေစွ တပဿိ-ကောင်းပေစွ။သတ္ထုသာသနံ၊ဆရာ၏အဆုံးအမကို။ အာဇာနန္တေန၊သိသော။ သုတဝတာ၊ အကြားအမြင်ရှိသော။ သာဝကေန၊ တပည့်သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ဗျာကတံယထာ၊ ဖြေဆိုနိုင်သကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ ဒီဃ-တပဿိနာ နိဂဏ္ဌေန၊ သည်။ သမဏဿ ဂေါတမဿ၊ အား။ ဗျာကတံ၊ ဖြေဆိုနိုင်ပေပြီ။ ဇော၊ ဤသို့။ ဩဠာရိကဿ၊ အပြစ်ကြီးသော (ကြီးမားရှန့်ရင်းသော)။ ဣမဿ ကာယဒဏ္ဍဿ၊ ဤကာယဒဏ်၏။ ဥပနိဓာယ၊ အနီး၌ ထား၍။ (အဋ္ဌကထာ)။ဆခေါ၊ သေးနုတ်ယုတ်ညံ့သော။ မနောဒဏ္ဍော၊ မနောဒဏ်သည်။ ကိံ ဟိ သောဘတိ၊ အဘယ်မှာလျှင် သင့်တင့်နိုင်အံ့နည်း။ အထခေါ၊ စင်စစ်အားဖြင့်။ ပါပဿ ကမ္မဿ၊ ကို။ပ။ ကာယဒဏ္ဍောဝ၊ သည်သာလျှင်။ မဟာသာ-ဝဇ္ဇတရော၊ အပြစ်အကြီးဆုံးတည်း။ ဝစီဒဏ္ဍော၊ သည်။ နောတထာ၊ ထိုကဲ့သို့ အပြစ်မကြီး။ မနောဒဏ္ဍော၊ သည်။ နောတထာတိ၊ ထိုကဲ့သို့ အပြစ်မကြီး"ဟူသော။ ဇော်းကို။ အဝေါစ၊ ပြီ။

၅၉။ ဧဝံဝုတ္တေ၊ သော်။ ဥပါလိဂဟပတိ၊ ဥပါလိသူကြွယ်သည်။ နာဋပုတ္တံ၊ သော။ နိဂဏ္ဌံ၊ ကို။ "ဘန္တေ၊ အရှင်ဘုရား နာဋပုတ္တ။ ဒီဃတပဿိ၊ သည်။ သာဓုသာဓု၊ ကောင်းပေစွ ကောင်းပေစွ။ပ။ မနောဒဏ္ဍော၊ သည်။ နောတထာ၊ ထိုကဲ့သို့ အပြစ်မကြီးပါ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ဟန္ဒ၊ ယခုပင်လျှင်။ ဂစ္ဆာမိ၊ သွားချေအံ့။ သမဏဿ ဂေါတမဿ၊ အား။ ဣမသ္မိံ ကထာဝတ္ထုသ္မိံ၊ ၌။ ဝါဒံ အာရောပေဿာမိ၊ အပြစ်တင်ချေအံ့။ ဘဒန္တေန တပဿိနာ၊ အရှင်ဒီဃတပဿိသည်။ ပတိဋ္ဌာပိတံ ယထာ၊ ဝန်ခံစေအပ်သကဲ့သို့။ တထာ၊ ထိုအတူ။ သမဏော ဂေါတမော၊ သည်။ မေ၊ ငါ့အား။ သစေ ပတိဋ္ဌဟိဿတိ၊ အကယ်၍ ဝန်ခံအံ့။

သေယျထာပိနာမ၊ ဆိုအံ့။ ဗလဝါ၊ အားကြီးသော။ ပုရိသော၊ ယောကျာ်းသည်။ ဒီဃလောမိကံ၊ အမွေးရှည်သော။ ဧဠကံ၊ သိုးကို။ လောမေသု၊ အမွေးတို့၌။ ဂဟေတွာ၊ ကိုင်၍။ တနည်း-ဧဠကံ၊ သိုး၏။ လောမေသုတို့ကို။ ဂဟေတွာ၊ ၍။ အာကဍ္ဎေယျ၊ ဆွဲငင်ရာ၏။ ပရိ-ကဍ္ဎေယျ၊ တွန်းထိုးရာ၏။သမ္ပရိကဍ္ဎေယျ၊ ဆွဲရမ်းပစ်မွေ့ ငင်လေရာ၏။ဧဝမေဝ၊ ဤအတူသာလျှင်။ အဟံ၊ ငါသည်။သမဏံ ဂေါတမံ၊ ကို။ဝါဒေန၊ စကားအစီအစဉ်ဖြင့်။ ဝါဒံ၊ အပြစ်ကို။ ဝါဒေန ဝါဒံ၊ ဝါဒအချင်းချင်း။ အာကဍ္ဎိဿာမိ၊ အံ့။ ပရိကဍ္ဎိဿာမိ၊ အံ့။ သမ္ပရိကဍ္ဎိဿာမိ၊ အံ့။

သေယျထာပိနာမ၊ ဆိုအံ့။ ဗလဝါ၊ သော။ သောဏ္ဍိကကမ္မကာရော၊ သေတင်းကုပ်အလုပ်သမားသည်။ မဟန္တံ၊ ကြီးသော။ သောဏ္ဍိကာကိလဉ္ဇံ၊ သေတင်းကုပ်၌ ခင်းသောဖျာကို။ ဂမ္ဘီရေ၊ နက်ရှိုင်းသော။ ဥဒကရဟဒေ၊ ရေအိုင်၌။ ပက္ခိပိတွာ၊ နှစ်ချ၍။ ကဏ္ဏေ၊ ဖျာစွန်း၌။ ဂဟေတွာ၊ ၍။ပ။ သမ္ပရိကဍ္ဎိဿာမိ၊ အံ့။

သေယျထာပိနာမ၊ ဆိုအံ့။ ဗလဝါ၊ သော။ သောဏ္ဍိကာဓုတ္တော၊ သေသောက်ကြူးသည်။ ဝါလံ၊ သေစစ်ဇကာအိတ်ကို။ ကဏ္ဏေ၊ အစွန်း၌။ ဂဟေတွာ၊ ၍။ ဩဓုနေယျ၊ မှောက်၍ ခါရာ၏။

နိဒ္ဒါနေယျ၊ လှန်၍ခါရာ၏။ နိပ္ပေါဌေယျ၊ အကြိမ်ကြိမ်လှုပ်၍ ခါရာ၏။ ဝေမေဝ၊ သာလျှင်။ ပ။ နိပ္ပေါဌေသာမိ၊ အံ့။

သေယျထာပိနာမ၊ ဆိုအံ့။ သဋ္ဌိဟာယနော၊ အနှစ်ခြောက်ဆယ်ရှိသော။ ကုဉ္ဇရော၊ဆင်သည်။ ဂမ္ဘီရံ၊ နက်ရှိုင်းသော။ပေါက္ခရဏိံ၊ ရေကန်သို့။ဩဂါဟေတွာ၊ သက်ဆင်း၍။သာဏဓောဝိကံနာမ၊ သာဏဓောဝိကလျှော်မျှင် ဖွပ်ခြင်းမည်သော။ ကီဠိတဇာတံ၊ ကစားမျိုးကို။ ကီဠတိ၊ ကစား၏။ ဝေမေဝ၊ သာလျှင်။ ပ။ ကီဠိဿာမိ၊ အံ့။

ဘန္တေ၊ အရှင်ဘုရား နာဠန္ဒပုတ္တ။ ဟန္ဒ၊ ယခုပင်လျှင်။ ဂစ္ဆာမိ၊ သွားချေအံ့။ပ။ ဝါဒံ၊ ကို။ အာရောပေဿာမိတိ၊ တင်ချေအံ့ ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။

ဂဟပတိ၊ သူကြွယ်။ ဂစ္ဆ၊ သွားချေလော့။ တံ၊ သင်သည်။ပ။ ဝါဒံ၊ အပြစ်ကို။ အာရောပေဟိ၊ တင်ချေလော့။ဂဟပတိ၊ ကြွယ်။ အဟံ ဝါ၊ ငါသည်မူလည်း။ သမဏဿ ဂေါတမဿ၊ အား။ ဝါဒံ၊ ကို။ အာရောပေယျံ၊ တင်ရာသလော။ ဒီဃတပဿီဝါ နိဂဏ္ဌော၊ သည်မူလည်း။ အာရောပေယျ၊ တင်ရာသလော။ တွံ ဝါ၊သင်(ဥပါလိ)သည်မူလည်း။ အာရောပေယျာသိ၊ တင်ရာသလော။

၆၀။ ဝေဝုတ္တေ၊ သော်။ ဒီဃတပဿီနိဂဏ္ဌော၊ သည်။ နိဂဏ္ဌံ နာဋပုတ္တံ၊ကို။ "ဘန္တေ၊ အရှင်ဘုရား နာဋပုတ္တ၊ ဥပါလိဂဟပတိ၊ သည်။သမဏဿ ဂေါတမဿ၊ အား။ ဝါဒံ၊ကို။ ယံအာရောပေယျ၊ အကြင်တင်ရာ၏။ တေ၊ ထိုသို့ တင်ခြင်းသည်။ မေ၊ အကျွန်ုပ် ဒီဃတပဿီအား။ နခေါ ရုစ္စတိ၊ မနှစ်သက်အပ်။ ဟိ၊ မှန်လှပါ၏။ ဘန္တေ၊ ပုတ္တ။ သမဏော ဂေါတမော၊ သည်။ မာယာဝီ၊ မာယာများသည်ဖြစ်၍။ အာဝဋ္ဋနိံ မာယံ၊ လှည့်ပတ်သော မာယာကို။ ဇာနာတိ၊ သိ၏။ ယာယ၊ အကြင်မာယာကြောင့်။ အညတိတ္ထိယာနံ၊ တို့၏။ သာဝကေ၊ တပည့်တို့ကို။ အာဝဋ္ဋေတိတိ၊ လှည့်ပတ်၍ ယူတတ်၏ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။

တပဿိ၊ သီ။ ဥပါလိဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ၊ ၏။ သာဝကတ္တံ၊ တပည့်အဖြစ်သို့။ ယံဥပဂစ္ဆေယျ၊အကြင် ဆည်းကပ်ရာ၏။ တေ၊ ဤသို့ ဆည်းကပ်ခြင်းသည်။ အဋ္ဌာနံခေါ၊ အကြောင်းမဟုတ်ပါ။ အနဝကာသော၊ အရာမဟုတ်ပါ။

သမဏော ဂေါတမော၊ သည်။ ဥပါလိဿ ဂဟပတိဿ၊ ၏။ သာဝကတ္တံ၊ သို့။ ယံဥပဂစ္ဆေယျ၊ ရာ၏။ တေဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိခေါ၊ ရှိသည်သာတည်း။

ဂဟပတိ၊ ကြွယ်။ ဂစ္ဆ၊ သွားသာသွားချေလော့။ပ။ တွံဝါ၊ သင်သည်မူလည်း။ အာရောပေယျာသိ၊ တင်ရာ၏။ ဒုတိ၊ ဤသို့ (နာဋပုတ္တ)ပြော၏။

ဒုတိယမ္ပိ ခေါ၊ နှစ်ကြိမ်မြောက်လည်း။ ဒီဃတပဿီ၊သည်။ပ။တတိယမ္ပိ ခေါ၊ သုံးကြိမ်မြောက်လည်း။ ဒီဃတပဿီနိဂဏ္ဌော၊ သည်။ နိဂဏ္ဌနာဋပုတ္တံ၊ ကို။ပ။ တွံ ဝါ၊ သင်သည်မူလည်း။ အာရောပေယျာသိ၊ ရာ၏။ ဣတိ၊ ဤသို့(နာဋပုတ္တ)ပြော၏။

ဥပါလိဂဟပတိ၊ သည်။ ဧဝံဘန္တေတိခေါ၊ ကောင်းပါပြီအရှင်နာဋပုတ္တဟူ၍။ နိဂဏ္ဌဿ နာဋပုတ္တဿ၊ အား။ ပဋိဿုတွာ၊ ဝန်ခံစကားပြောကြား၍။ပ။နိသီဒိ၊ နေပြီ။ ဧကမန္တံ၊ ၌။ နိသိန္နောခေါ၊ သော။ ဥပါလိဂဟပတိ၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ အရှင်ဂေါတမ။ ဒီဃတပဿီနိဂဏ္ဌော၊ သည်။ ဣဓ၊ ဤအရှင်ဘုရားထံမှောက်သို့။ အာဂမာနုခေါတိ၊ ရောက်ဘူးပါသလော" ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။

ဂဟပတိ၊ ကြွယ်။ဒီဃတပဿီနိဂဏ္ဌော၊ သည်။ ဣဓ၊ သို့။အာဂမာ ခေါ်၊ ရောက်ဘူး၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေ၊ ရှား။ ဒီဃတပဿိနာ နိဂဏ္ဌေန၊ နှင့်။ သဒ္ဓိံ၊ တကွ၊ တော၊ အရှင်ဘုရား၏။ ကောစိ ဒေ၀၊ သော။ ကထာသလ္လာပေါ၊သည်။ အဟုခေါပန၊ လော။ ဣတိ၊ ဤသို့ လျှောက်၏။ ဂဟပတိ၊ ကြွယ်။ပ။အဟုခေါ၊ သာလျှင်တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေ၊ ရှား။ ယထာကထံပန၊ ဘယ်သို့လျှင်။ပ။ အဟု၊ သနည်း။ ဣတိ၊ဤသို့လျှောက်၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ပ။ဥပါလိဿ ဂဟပတိဿ၊ အား။ အာရောစေသိ၊ ပြီ။

၆၁။ ဝေ၀ုတ္တေ၊ သော်။ပ။ မနောဒဏ္ဍော၊ သည်။ နေ့ာတထာ၊ ကြီး။ ဣတိ၊ ဤသို့ လျှောက်၏။ ဂဟပတိ၊ ကြွယ်။ တံ၊ သင်သည်။ သစ္စေ၊ ပဋိညာဉ်ခံမှန်ကန်သောစကား၌။ ပတိဋ္ဌာယ၊ တည်၍။ သစေ မန္တေယျာသိ၊ အကယ်၍ ပြောဆိုဆွေးနွေးသည်ဖြစ်အံ့။(ဝေသတိ၊သော်။)တ္တေ၊ ဤပြောဆို ဆွေးနွေးရာ၌။ နော၊ ငါတို့၏။ ကထာသလ္လာပေါ၊ သည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ ရှား။ အဟံ၊ သည်။ သစ္စေ၊ ၌။ ပတိဋ္ဌာယ၊ ၍။ မန္တေဿာမိ၊ အံ့။ တ္တေ၊ ၌။ နော၊ အကျွန်ုပ်တို့၏။ ကထာသလ္လာပေါ၊ သည်။ ဟောတု၊ ဖြစ်ပါစေဘုရား။ ဣတိ၊ ဤသို့ လျှောက်၏။

၆၂။ ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံ မညသိ၊ နည်း။ ဣဓ၊ ဤလောက၌။ သီတောဒက-ပဋိက္ခိတ္တော၊ ပယ်အပ်ပြီးသော ရေအေးရှိသည်ဖြစ်၍[1]။ ဥဏှောဒကပဋိသေဝီ၊ ရေနွေးကို မှီဝဲသောက်သုံးလေ့ရှိသော။ယော နိဂဏ္ဌော၊ အကြင်နိဂဏ္ဌသည်။ အာဗာဓိကော၊ အနာနှိပ်စက်သည်။ ဒုက္ခိတော၊ ဆင်းရဲသည်။ ဗာဠ္ဟဂိလာနော၊ ပြင်းစွာ နာဖျားသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုနိဂဏ္ဌသည်။ သီတောဒကံ၊ ရေအေးကို။ အလဘမာနော၊ မရသည်ရှိသော်။ ကာလင်္ကရေယျ၊ သေရာ၏။

ဂဟပတိ၊ ကြွယ်။ နိဂဏ္ဌော နာဋပုတ္တော၊ သည်။ ဣမဿပန၊ ဤသေသော နိဂဏ္ဌ၏။ကတ္ထူ-ပပတ္တိံ၊ အဘယ်ဘုံ၌ ဖြစ်ခြင်းကို။ ပညပေတိ၊ ပညတ်သနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရှား။ မနောသတ္တာ၊ စိတ်၌ စွဲလမ်းကုန်သော။ ဒေဝါနာမ၊ နတ်တို့မည်သည်။ အတ္ထိ၊ ရှိကုန်၏။ တတ္ထ၊ ထိုနတ်ဘုံ၏ဘုံ၌။ သော၊ ထိုနိဂဏ္ဌသည်။ ဥပပဇ္ဇတိ၊ ပဋိသန္ဓေတည်နေရ၏။ တံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိဿဟေတု၊ နည်း။ ဘန္တေ၊ ရှား။ ဟိ၊ အကြင်ကြောင့်။ အသု၊ ထိုနိဂဏ္ဌသည်။ မနောပဋိဗဒ္ဓေါ၊ စိတ်၌ငြိတွယ်သည်ဖြစ်၍။ ကာလင်္ကရောတိ၊ သေရ၏။ ဣတိ၊ ထိုကြောင့်တည်း။ ဣတိ၊ ဤသို့လျှောက်၏။

ဂဟပတိ၊ ကြွယ်။ မနသိကရောဟိ၊ နှလုံးသွင်းလော့(စဉ်းစားလော့)။ ဂဟပတိ၊ ကြွယ်။ မနသိကရိတွာ ခေါ၊ရွှိသာလျှင်။ ဗျာကရောဟိ၊ ဖြေကြားလော့။ တေ၊သင်၏။ပုရိမေန၊ ရှေးဖြစ်သောစကားနှင့်။ ပစ္ဆိမံဝါ၊ နောက်ဖြစ်သောစကားသည်လည်း။ နခေါသန္ဓိယတိ၊ မဆက်စပ်သည်သာလျှင်တည်း။ ပစ္ဆိမေန၊နှင့်။ပုရိမံဝါ၊သည်မှလည်း။ နခေါသန္ဓိယတိ၊ တည်း[2]။ ဂဟပတိ၊ ကြွယ်။

---

၁။ နိဂဏ္ဌာ သတ္တသညာယ သီတောဒကံ ပဋိက္ခိပန္တိ။ (ဋ္ဌ)။ သီတောဒကေ အမတာ ပါဏာ ပါနကာလေ ပန မရန္တိ။ (ဋီ)

၂။ မနောပဋိဗဒ္ဓေါ ကာလင်္ကရောတိဟု ဆိုသဖြင့် မနောဒဏ်သာလျှင် အပြစ်ကြီးကြောင်း ဝန်ခံရာရောက်သည်။ ထို့ကြောင့် ကာယဒဏ် အပြစ်ကြီးသည်ဆိုသော ရှေ့စကားနှင့် မနောဒဏ် အပြစ်ကြီးသည်ဆိုသော ဤနောက်စကားသည် မဆက်စပ်မိ ဟု ဆိုလိုသည်။

ထော၊ သင်သည်။ "ဘန္တေ၊ ရုံး။ပ။ ဟောတူတိ၊ ဖြစ်ပါစေ"ဟူသော။ သော်ဝါစာ၊ ဤစကားကို။ ဘာသိတာခေါ်ပန၊ ပြောဆိုအပ်ခဲ့သည်မဟုတ်လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ ရုံး။ ဘဂဝါ၊ သည်။ ဧဝံ၊ ဤသို့။ ကိဥ္စာပိ အာဟ၊ အကယ်၍ကား မိန့်တော်မူ၏။ အထခေါ်၊ ထိုသို့မိန့်တော်မူသော်လည်း။ပ။ မနော ဒဏ္ဍော၊ သည်။ နောတထာ၊ ထိုကာယကံကဲ့သို့ အပြစ်မကြီးပါ။ ဣတိ၊ ဤသို့လျှောက်၏။

၆၃။ ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံမညသိ၊ နည်း။ ဣဓ၊ ဤလောက၌။နိဂဏ္ဌော နာဋပုတ္တော၊ သည်။ စာတုယာမသံဝရသံဝုတော၊ လေးပါးသောအဘို့ရှိသော စောင့်စည်းခြင်းဖြင့် စောင့်ရှောက်အပ်သည်။ (အဋ္ဌကထာ)။လေးပါးသော ကြဉ်ရှောင်ခြင်းဟု ဆိုအပ်သော စောင့်စည်းခြင်းဖြင့် စောင့်ရှောက်အပ်သည်။ (ဋီကာ)။ သဗ္ဗဝါရိဝါရိတော၊တားမြစ်အပ်ပြီးသော အလုံးစုံသော ရေအေးရှိသည်။ဝါ၊အလုံးစုံသော မကောင်းမှုကို တားမြစ်သဖြင့် တားမြစ်အပ်ပြီးသော မကောင်းမှုရှိသည်။ သဗ္ဗဝါရိယုတ္တော၊ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းနှင့် ယှဉ်သည်။ သဗ္ဗဝါရိဓုတော၊ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခါထွက်အပ်ပြီးသော မကောင်းမှုရှိသည်။ သဗ္ဗဝါရိဖုဋ္ဌော၊ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် တွေ့ထိအပ်သော မကောင်းမှုရှိသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုနိဂဏ္ဌသည်။ အဘိက္ကမန္တော၊ ရှေ့သို့တက်သည်ရှိသော်။ ပဋိက္ကမန္တော၊ နောက်သို့ဆုတ်သည်ရှိသော်။ ဗဟူ၊ များစွာကုန်သော။ ခုဒ္ဒကေ ပါဏေ၊ ငယ်သောသတ္တဝါတို့ကို [၁]။ သံဃာတံ၊ သတ်မိခြင်းသို့။ အာပါဒေတိ၊ ရောက်စေ၏။ ဂဟပတိ၊ ကြွယ်။ နိဂဏ္ဌော နာဋပုတ္တော၊ သည်။ ဣမဿ၊ ဤနိဂဏ္ဌအတွက်။ ကံ ပန ဝိပါကံ၊ အဘယ်အကျိုးကို။ ပညပေတိ၊ သနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ဘန္တေ၊ ရုံး။ နိဂဏ္ဌော နာဋပုတ္တော၊ သည်။ အသဉ္စေတနိကံ၊ စေတနာ ထင်ရှားမရှိသည်ကို။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏ဟူ၍။ နောပညပေတိ၊ မပညတ်။ ဣတိ၊ ဤသို့ လျှောက်၏။

ဂဟပတိ၊ကြွယ်။ သစေ ပန စေတေတိ၊ အကယ်၍စေတနာပါရှိသည်ဖြစ်အံ့။ (ဧဝံ သတိ၊သော်။ ကံ ဝိပါကံ၊ ကို။ ပညပေတိ၊ နည်း။) ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရုံး။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီးသည်။ ဟောတိ၊ ဖြစ်ပါ၏။ ဣတိ၊ ဤသို့လျှောက်၏။

ဂဟပတိ၊ ကြွယ်။ နိဂဏ္ဌော နာဋပုတ္တော၊ သည်။ စေတနံပန၊ စေတနာကိုကား။ ကိသ္မိံ၊အဘယ် ဒဏ္ဍ၌။ ပညပေတိ၊ နည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရုံး။ မနောဒဏ္ဍသ္မိံ၊ ၌။ ပညပေတိ၊ ပါ၏။ ဣတိ၊ ဤသို့လျှောက်၏။ ဂဟပတိ၊ကြွယ်။ မနသိ ကရောဟိ၊လော့။ပ။မနောဒဏ္ဍော၊သည်။ နောတထာ၊ ထိုကာယကံကဲ့သို့ အပြစ်မကြီးပါ။ ဣတိ၊ ဤသို့လျှောက်၏။

၆၄။ ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံမညသိ၊ နည်း။အယံနာဠန္ဒာ၊ ဤနာဠန္ဒာမြို့သည်။ဣဒ္ဓါ စေဝ၊ ပြည့်စုံလည်း ပြည့်စုံကုံလုံသည် မဟုတ်လော။ ဖိတာစ၊ စည်ပင်ထွန်းကား ကြီးပွါးလည်း ကြီးပွါးသည်မဟုတ်လော။ ဗဟုဇနာ၊ များသောလူ ရှိသည်မဟုတ်လော။ အာကိဏ္ဏမနုဿာ၊ လူစည်လည်ဖြတ်သန်း ပြွမ်းသောလူရှိသည်မဟုတ်လော။ ဣတိ၊ဤသို့ မေးတော်မူ၏။ ဧဝံဘန္တေ၊ မိန့်တော်မူတိုင်း မှန်ပါ၏။ အယံ နာဠန္ဒာ၊သည်။ပ။အာကိဏ္ဏမနုဿာ၊၏။ဣတိ၊ဤသို့လျှောက်၏။

၁။ သုက္ခဒဏ္ဍက, ပုရာဏပဏ္ဍ, သက္ခရကထလိကာနိပိ ပါဏောတေဝ ပညပေတိ။ တတ္ထ ခုဒ္ဒကေ ဥဒကမိန္ဒုံ ခုဒ္ဒကော ပါဏော၊ မဟန္တံ မဟန္တောတိ သညီ ဟောတိ၊ တံ သန္ဓာယေတံ ဝုတ္တံ။ (ဋ္ဌ)

ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံ မညသိ၊ နည်း။ ဥက္ကိဋ္ဌာသိကော၊ မြောက်ကိုင်အပ်သော သန်လျက်ရှိသော။ ပုရိသော၊ သည်။ ဣဓ၊ ဤနာဠန္ဒာမြို့သို့။ အာဂစ္ဆေယျ၊ လာရာ၏။ သော၊ ထိုယောကျ်ားသည်။ "အဟံ၊ ငါသည်။ဣမိဿာ နာဠန္ဒာယ၊ ဤနာဠန္ဒာမြို့၌။ ပါဏာ၊ သတ္တဝါ တို့သည်။ယာဝတိကာ၊ အကြင်မျှလောက်ရှိကုန်၏။တေ၊ ထိုသတ္တဝါတို့ကို။ ဧကေန ခဏေန၊ တခဏ ခြင်းဖြင့်။ ဧကေန မုဟုတ္တေန၊ တမုဟုတ်ခြင်းဖြင့်။ ဧကံ မံသခလံ ဧကံမံသပုဉ္ဇံ၊ တခုတည်းသော အသားစု အသားပုံကို။ ကရိဿာမိတိ၊ ပြုအံ့"ဟူ၍။ ဝေ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံ မညသိ၊ နည်း။သော ပုရိသော၊ သည်။ပ။ ကာတုံ၊ ပြုခြင်းငှါ။ ပဟောတိ နုခေါ၊ စွမ်းနိုင်မည်လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ ရှား။ ဒသပိပုရိသာ၊ တကျိပ်သော ယောကျ်ားတို့သည်ရင်း။ ပ။ ပညာသံပိ ပုရိသာ၊ ငါးကျိပ်သော ယောကျ်ားတို့သည်ရင်း။ (နပ္ပဟောန္တိ-၌စပ်)။ ဣမိဿာနာဠန္ဒာယ၊ ၌။ ပါဏာ၊ တို့သည်။ ယာဝတိကာ၊ ကုန်၏။ တေ၊ တို့ကို။ပ။ကာတုံ၊ ပြုခြင်းငှါ။ နပ္ပဟောန္တိ၊ မစွမ်းနိုင်ကြပါ ကုန်။ ဆဝေါ၊ အနည်းငယ်သော။ ဧကော၊ တယောက်တည်းသော။ ပုရိသော၊ သည်။ ကိံ ဟိ သောဘတိ၊ အဘယ်မှာလျှင် သင့်တင့်ပါမည်နည်း။ ဣတိ၊ ဤသို့လျှောက်၏။

ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံ မညသိ၊ နည်း။ ဣဒ္ဓိမာ၊ တန်ခိုးရှိသော။ စေတောဝသိပ္ပတ္တော၊ စိတ်ကိုစိုးပိုင်စေစွမ်းနိုင်သည်၏ အဖြစ်သို့ရောက်သော။ သမဏောဝါ၊ သည်ရင်း။ ဗြာဟ္မဏောဝါ၊ သည်ရင်း။ ဣဓ၊ ဤနာဠန္ဒာမြို့သို့။အာဂစ္ဆေယျ၊လာရာ၏။ သော၊ ထိုရဟန်း ပုဏ္ဏားသည်။ "အဟံ၊ ငါသည်။ဣမံ နာဠန္ဒံ၊ကို။ ဧကေန၊ တကြိမ်သော။ မနောပဒေါသေန၊ အမျက်ထွက်ခြင်းဖြင့်။ဘသ္မံ၊ ပြာကျအောင်။ ကရိဿာမိတိ၊ ပြုအံ့"ဟူ၍။ဝေ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ပ။ပညာသံပိ နာဠန္ဒာ၊ ငါးဆယ်သောနာဠန္ဒာမြို့တို့ကိုသော်ရင်း။ ဧကေန မနောပဒေါသေန၊ ဖြင့်။ ဘသ္မံကာတုံ၊ ငှါ။ ပဟောတိ၊ ၏။ပ။ကိံ ဟိ သောဘတိ၊ နည်း။ ဣတိ၊ ဤသို့ လျှောက်၏။ ဂဟပတိ၊ကြွယ်။ မနသိကရောဟိ၊ လော့။ပ။မနောဒဏ္ဍော၊ သည်။ နောတထာ၊ မကြီးပါ။ ဣတိ၊ဤသို့လျှောက်၏။

၆၅။ ဂဟပတိ၊ ကြွယ်။ တံ၊ ကို။ ကိံ မညသိ၊ နည်း။ တေ၊ သင်သည်။ ဒဏ္ဍကီရညံ၊ ဒဏ္ဍကီ တောသည်ရင်း။ ကာလိင်္ဂါရညံ၊ ကာလိင်္ဂတောသည်ရင်း။ မဇ္ဈာရညံ၊ မဇ္ဈာတောသည်ရင်း။ မာတင်္ဂါရညံ၊ မာတင်္ဂတောသည်ရင်း။ အရညံ အရညဘူတံ၊ တောကြီးအတိဖြစ်၏ဟူ၍။ သုတံ၊ ကြားဘူးသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဝေံဘန္တေ၊ ဤသို့ကြားဘူးပါသည်အရှင်ဘုရား။ပ။သုတံ၊ ကြားဘူးပါ၏။ ဣတိ၊ ဤသို့ လျှောက်၏။ ဂဟပတိ၊ ကြွယ်။ တံကို။ ကိံ မညသိ၊ နည်း။ တေ၊ သင်သည်။ ကိန္တိ၊ အသို့လျှင်။ သုတံ၊ ကြားဘူးသနည်း။ ကေန၊ အဘယ့်ကြောင့်။ တံ ဒဏ္ဍကီရညံ၊ သည်ရင်း။ပ။တံမာတင်္ဂါရညံ၊ သည်ရင်း။ အရညံ အရညဘူတံ၊ တောဖြစ်ရသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ရှား။ မေ၊ အကျွန်ုပ်သည်။ဣသီနံ၊ရသေ့တို့၏။မနောပဒေါသေန၊အမျက်ထွက်ခြင်းကြောင့်။တံဒဏ္ဍကီရညံ၊ သည်ရင်း။ပ။အရညဘူတန္တိ၊ တောဖြစ်သည်ဟူသော။ ဝေံ၊ ဤစကားကို။ သုတံ၊ ကြားဘူးပါ၏။ ဣတိ၊ ဤသို့လျှောက်၏။ (အကြောင်း ၆၄-နှင့်တူပြီ)။

၆၆။ ဘန္တေ၊ရှား။ အဟံ၊တပည့်တော်သည်။ ပုရိမေန၊ ရှေးဖြစ်သော။ ဩပမ္မေနေဝ၊ ဥပမာ ဖြင့်သာလျှင်။ ဘဂဝံတော၊ မြတ်စွာဘုရားအား။ အတ္တမနော၊ ဖြစ်၍။ အဘိရဒ္ဓေါ၊ အလွန်ကြည်ညို

နှစ်သက်လှပါ၏။ (အဘိရန္တေတိ အဘိပ္ပသန္နေ။ပါဌသိရုဇညာ၌။ အဘိရန္တေတိ အာရုမ်ိတစ်ခွော။ ရှင်းရှိကာ)။အဝိစ၊ သို့ပါသော်လည်း။ အယံ၊ တပည့်တော်သည်။ ဘဂဝတော၊ ၏။ ဝိစိတြာနိ၊ ဆန်းကြယ်ကုန်သော။ ဣမာနိ ပဉ္စပဋိဘာနာနိ၊ ဤအမေးအဖြေတို့ကို။ သောတုကာမော၊ နာလို သည်ဖြစ်၍။ အယံ၊သည်။ ဝေါ၊ ဤသို့။ ဘဂဝန္တံ၊ ကို။ ပစ္စနိကာ၊ ဆန့်ကျင်ဘက်ကို။ ကာတဗ္ဗံ၊ ပြုသင့်၏ဟူ၍။ အမညီသာ၊ ထင်မှားမိခဲ့၏။ (အကြွင်း သိသာပြီ)။

၆၇။ ဂဟပတိ၊ ကြွယ်။ အနုဝိစ္စကာရံ၊ နှိုင်းနှိုင်းချိန်ချိန်ပြုခြင်းကို။ ကရောဟိ၊ ပြုလော့။ အနုဝိစ္စကာရော၊ နှိုင်းနှိုင်းချိန်ချိန်ပြုခြင်းသည်။ တုမှာဒိသာနံ၊ သင်တို့ကဲ့သို့ ရှုအပ်ကုန်သော (သင်တို့ကဲ့သို့သော)။ဉာတမနုဿာနံ၊ ကျော်စောထင်ရှားသော သူတို့အား။ သာဓု၊ကောင်းမြတ် သည်။ ဟောတိ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘန္တေ၊ ရုံး။ ဘဂဝါ၊သည်။ "မံ၊ အကျွန်ုပ်ကို။ ဂဟပတိ၊ ကြွယ်။ပ။ သာဓု၊ သည်။ဟောတီတိ၊ ဖြစ်၏"ဟူ၍၊ ဝေါ၊ ဤသို့။ ယံ၊ အကြင်ကြောင့်။ အာဟ၊ ဆိုပြီ။ အယံ၊သည်။ ဣမိနာပိ၊ ဤစကား ကြောင့်လည်း။ ဘဂဝတော၊ အား။ ဘိယျောသောမတ္တာယ၊ အတိုင်းထက်အလွန်။ (ဤကား သဒ္ဒ နီတိစသော ဆရာတို့အလို၊ နိပါတသမုဒါယတ္တ)။တနည်း-သော၊ ထိုအကျွန်ုပ်သည်။မတ္တာယ၊ အတိုင်း အရှည်ထက်။ ဘိယျော၊ လွန်စွာ။ (ဤကား ရူပသိဒ္ဓိအလို)။အတ္တမနော၊ ၍။ အဘိရန္တော၊ အလွန် နှစ်လိုကြည်ညိုပါ၏။

ဘန္တေ၊ ရုံး။ အညတိတ္ထိယာ၊ တို့သည်။ မံ၊ အကျွန်ုပ်ကဲ့သို့သော။ သာဝကံ၊ တပည့်သားကို။ လဘိတွာ၊ ရကုန်သည်ရှိသော်။ "ဥပါလိဂဟပတိ၊ သည်။ အမှာကံ၊ငါတို့၏။သာဝကတ္တံ၊တပည့်သား အဖြစ်သို့။ ဥပဂတော၊ ကပ်ရောက်ပြီ"ဟူ၍။ ကေဝလကပ္ပံ နာဠန္ဒံ၊ နာဠန္ဒာတမြို့လုံး။ ပဋာကံ၊ အလံတံခွန်ကို။ ပရိဟရေယျုံ၊ ကိုင်ဆောင်လှည့်လည်ကုန်ရာ၏။ အထစပန၊ထိုသို့ဖြစ်ပါလျက်လည်း။ ဘဂဝါ၊ သည်။ မံ၊ ကို။ ဂဟပတိ၊ ကြွယ်။ပ။ သာဓု၊ သည်။ ဟောတီတိ၊ ဖြစ်၏ဟူ၍။ ဝေါ၊ ဤသို့။ အာဟ၊ ပြီ။ (အကြွင်း သိသာပြီ)။

၆၈။ ဂဟပတိ၊ ကြွယ်။ တေ၊ သင်၏။ ကုလံ၊ အိမ်သည်။ ဒီဃရတ္တံ၊ ရှည်စွာသောညဉ့်နေ့ ပတ်လုံးသာလျှင်။ နိဂဏ္ဌာနံ၊ တို့၏။ ဩပါနဘူတံ၊ ရေတွင်းသဖွယ်ဖြစ်၏။ ယေန၊ ယင်းကြောင့်။ ဥပဂတာနံ၊ ကပ်ရောက်လာကြကုန်သော။ နေသံ၊ ထိုနိဂဏ္ဌတို့အား။ ပိဏ္ဍကံ၊ ဆွမ်းကို။ ဒါတဗ္ဗံ၊ ပေးအပ်၏ ဟူ၍။ မညေယျာသိ၊ အောက်မေ့လေလော့။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဘဂဝါ၊ သည်။ မံ၊ ကို။ ဂဟပတိ၊ ကြွယ်။ပ။ မညေယျာသီတိ၊ အောက်မေ့လေလော့ဟူ၍။ ဝေါ၊ သို့။ ယံ၊အကြင်ကြောင့်။ အာဟ၊ ဆိုပြီ။ ဘန္တေ၊ရုံး။ အယံ၊သည်။ ဣမိနာပိ၊ ကြောင့်လည်း။ပ။ အဘိရန္တော၊ အလွန်နှစ်လိုကြည်ညိုပါ၏။

ဘန္တေ၊ ရုံး။ သမဏော ဂေါတမော၊သည်။ "မယှမေဝ၊ ငါ့အားသာလျှင်။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ အညေသံ၊ တပါးသောသူတို့အား။ ဒါနံ၊ ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ မယှံ၊ ငါ၏။ သာဝကာနံဝေ၊ တပည့်သားတို့အားသာလျှင်။ ဒါနံ၊ ကို။ဒါတဗ္ဗံ၊ ပေးအပ်၏။ အညေသံ၊ တပါးသော သူတို့၏။ သာဝကာနံ၊ တို့အား။ ဒါနံ၊ ကို။ နဒါတဗ္ဗံ၊ အပ်။ မယှမေဝ၊ ငါ့အားသာလျှင်။ ဒိန္နံ၊ လှူအပ် သောအလှူသည်။ မဟပ္ဖလံ၊ အကျိုးများ၏။ အညေသံ၊ တို့အား။ ဒိန္နံ၊ သည်။ နမဟပ္ဖလံ၊ အကျိုးမများ။ မယှံ၊ ၏။ သာဝကာနံဝေ၊ တို့အားသာလျှင်။ ဒိန္နံ၊ သည်။ မဟပ္ဖလံ၊ ၏။

အသေသာ၊ တို့၏။ သာဝကာနံ၊ တို့အား။ ဣမိနာ၊ သည်။ နမဟာပုသန္တိ၊ အကျိုးမများ”ဟူ၍။ ဝေါ၊ ဤသို့။ အာဟ၊ ပြီ။ ဣတိဧဝံ၊ ဤသို့ပြောဆိုသည်ဟူသောစကားကို။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ (နိဂဏ္ဌတို့ထံမှ) ကြားဘူးပါ၏။

အထစပန၊ ထိုသို့ကြားဘူးသော်လည်း။ ဘဂဝါ၊ သည်။ မံ၊ ငါ့ကို။ နိဂဏ္ဌေသုပိ၊ တို့၌လည်း။ ဒါနံ၊ လှူဒါန်းခြင်း၌။သမာဒပေတိ၊ ဆောက်တည်စေ၏။ဘန္တေ၊ ရား။ အပိစ၊ စင်စစ်သော်ကား။ မယံ၊ အကျွန်ုပ်တို့သည်။ ဧတ္ထ၊ ဤလှူဒါန်းရာ၌။ ကာလံ၊ အခါကို။ ဇာနိဿာမ၊ သိကြပါကုန်အံ့။ ။ပ။ဥပါသကံ၊ ဟူ၍။ မာရေဘု၊ လော့။ဣတိ၊ဤသို့လျှောက်၏။

၆၉။ အထခေါ၊ ၌။ ဘဂဝါ၊သည်။ ဥပါလိဿ ဂဟပတိဿ၊ အား။ အနုပုဗ္ဗိံ၊အစဉ်ဖြစ်သော။ ကထံ၊ တရားစကားကို။ ကထေသိ၊ ဟောတော်မူပြီ။ သေယျထာ၊ သော။ ဣဒံ အနုပုဗ္ဗိံ ကထံ၊ ကို။(ကထေသိ၊ နည်း။)ဒါနကထံ၊ ဒါနနှင့်စပ်သောစကားကိုရင်း။ သီလကထံ၊ ကိုရင်း။ သဂ္ဂကထံ၊ ကိုရင်း။ ကာမာနံ၊ တို့၏။ အာဒီနဝံ၊ အပြစ်ကိုရင်း။ ဩကာရံ၊ အယုတ်ကိုရင်း။ သံကိလေသံ၊ ညစ်ညူးခြင်းကိုရင်း။ နေက္ခမ္မေ၊ ကာမတို့မှ ထွက်မြောက်ခြင်း၌။ အာနိသံသံ၊ အကျိုးကိုရင်း။ ပကာသေသိ၊ ပြတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဘဂဝါ၊ သည်။ ဥပါလိံ ဂဟပတိံ၊ ကို။ ကလ္လစိတ္တံ၊ ခံ့သောစိတ်ရှိသည်ကို။ မုဒုစိတ္တံ၊ နူးညံ့သောစိတ်ရှိသည်ကို။ ဝိနီဝရဏစိတ္တံ၊ နီဝရဏတို့မှ ကင်းသော စိတ်ရှိသည်ကို။ ဥဒဂ္ဂစိတ္တံ၊ ဝမ်းမြောက်သော စိတ်ရှိသည်ကို။ ပသန္နစိတ္တံ၊ ကြည်လင်သောစိတ်ရှိသည်ကို။ အညာသိ၊ သိတော်မူပြီ။အထ၊ ထိုအခါ၌။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာမုက္ကံသိကာ၊ ကိုယ်တော်တိုင် ထုတ်ဆောင်၍ ယူအပ်သော။ ယာဓမ္မဒေသနာ၊ သည်။ (အတ္ထိ၊ ရှိ၏။) ဒုက္ခံ၊ ဒုက္ခသစ္စာဖြစ်သော။ပ။ မဂ္ဂံ၊ မဂ္ဂသစ္စာဖြစ်သော။ တံ၊ ထိုဓမ္မဒေသနာကို။ ပကာသေသိ၊ ပြီ။ သေယျထာပိနာမ၊ အံ့။ သုဒ္ဓံ၊ စင်ကြယ်ထသော။ အပဂတကာဠကံ၊ ကင်းသောမည်းညစ်ခြင်းရှိသော။ ဝတ္ထံ၊ အဝတ်သည်။ သမ္မဒေဝ၊ ကောင်းစွာပင်။ ရင်္ဂနံ၊ ဆိုးရည်ကို။ ပဋိဂ္ဂဏှေယျ၊ ယူရာ၏။ ဧဝမေဝ၊ သာလျှင်။ ဥပါလိဿ ဂဟပတိဿ၊ အား။ တသ္မိံယေဝ အာသနေ၊ ထိုနေရာ၌ပင်။ “ယံကိဉ္စိ၊ တရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုတရားအပေါင်းသည်။ နိရောဓဓမ္မန္တိ၊ချုပ်ခြင်း သဘောရှိ၏”ဟူ၍။ ဝိရဇံ၊ ကင်းသောကိလေသာ မြူရှိထသော။ ဝီတမလံ၊ ကင်းသောကိလေသာ အညစ်အကြေးရှိသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ် ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

အထခေါ၊ ၌။ ဒိဋ္ဌဓမ္မော၊ သိမြင်အပ်ပြီးသော သစ္စာတရားရှိသော။ ပတ္တဓမ္မော၊ ရအပ် ရောက်အပ်ပြီးသော သစ္စာတရားရှိသော။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသော။ ပရိယောဂါဠ္ဟဓမ္မော၊ ထက်ဝန်းကျင်သက်ဝင်အပ်ပြီးသော သစ္စာတရား ရှိသော။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်အပ်ပြီးသော. ယုံမှားခြင်း ရှိသော။ ဝိဂတကထံကထော၊ ကင်းပြီးသော သို့လော သို့လော တွေးတောခြင်းရှိသော။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်သည်၏ အဖြစ်သို့ရောက်ပြီးသော။ သတ္ထုသာသနေ၊ ၌။ အပရပ္ပစ္စယော၊ ယုံကြည်ဘွယ်တပါး မရှိသော။ ဥပါလိ ဂဟပတိ၊ သည်။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ရား။ပ။ ဗဟုကရဏီယာတိ၊ များသော ပြုဘွယ်ကိစ္စရှိကြပါကုန်၏” ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ ။(အကြွင်းသိသာပြီ)။

၇၀။ အထခေါ၊ ၌။ ဥပါလိဂဟပတိ၊ သည်။ဘဂဝတော၊ သည်။ဘာသိတံ၊ ဟောတော်မူအပ်သည်ကို။ အဘိနန္ဒိတွာ၊ အလွန်နှစ်သက်၍။ အနုမောဒိတွာ၊ အနုမောဒနာ ပြုပြီးသည်ရှိသော်။

အာသနာ၊ မှ။ ဥဋ္ဌာယ၊ ထ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ရှိ၍။ ပဒက္ခိဏံ ကတွာ၊ အရိုအသေ ပြု၍။ ယေန၊ ၌။ သကံ၊ မိမိပိုင် ဖြစ်သော။ နိဝေသနံ၊ နေအိမ်သည်။ (အတ္ထိ၊ ရှိ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ချဉ်း၍။ ဒေါဝါရိကံ၊ တံခါးစောင့်ကို။ "သမ္မဒေါဝါရိက၊ အမောင်တံခါး စောင့်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ နိဂဏ္ဌာနံ၊ နိဂဏ္ဌတို့အတွက်။ နိဂဏ္ဌီနံ၊ နိဂဏ္ဌီတို့အတွက်။ ဒွါရံ၊ တံခါးကို။ အာဝရာမိ၊ (ငါ) ပိတ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအတွက်။ ဘိက္ခူနံ၊ တို့အတွက်။ ဘိက္ခုနီနံ၊ တို့အတွက်။ ဥပါသကာနံ၊ တို့အတွက်။ ဥပါသိကာနံ၊ တို့အတွက်။ ဒွါရံ၊ ကို။ အနာဝဋံ၊ မပိတ်အပ်။ ဝါ၊ ဖွင့်လှစ်အပ်ပြီ။ ကောစိ၊ တစုံတယောက်သော။ နိဂဏ္ဌော၊ သည်။ သစေအာဂစ္ဆတိ၊ အကယ်၍ လာအံ့။ တံ၊ သင်သည်။ တမေနံ၊ ထိုလာသော နိဂဏ္ဌကို။ 'ဘန္တေ၊ အရှင်နိဂဏ္ဌ။ တိဋ္ဌ၊ ရပ်ပါဦး။ မာပါဝိသိ၊ မဝင်ပါလင့်။ပ။ ဘန္တေ၊ အရှင်နိဂဏ္ဌ၊ တေ၊ သင်သည်။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ သစေအတ္ထော၊ အကယ်၍ အလိုရှိသည်ဖြစ်အံ့။ ဧတ္ထေဝ၊ ဤနေရာ၌ပင်။ တိဋ္ဌ၊ ရပ်ပါဦး။ ဧတ္ထေဝ၊ ၌ပင်။ တေ၊ သင့်အတွက်။ အာဟရိဿန္တိ၊ ဆောင်ယူလာပါကုန်အံ့' ဟူ၍။ ဧဝံ၊ ဤသို့။ ဝဒေယျာသိ၊ ပြောဆိုလော့" ဟူ၍။အာမန္တေသိ၊ ပြောဆိုမှာကြားလေပြီ။ ဒေါဝါရိကော၊ သည်။ ဧဝံဘန္တေတိခေါ၊ ကောင်းပါပြီ သခင်ဟူ၍သာလျှင်။ ဥပါလိဿ ဂဟပတိဿ၊ အား။ ပစ္စဿောသိ၊ ပြီ။

၇၁။ ဒီဃတပဿီနိဂဏ္ဌော၊ သည်။ "ဥပါလိဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ၊ ၏။ သာဝကတ္တံ၊ တပည့်သားအဖြစ်သို့။ ဥပဂတော ကိရတိ၊ ကပ်ရောက်သတဲ့" ဟူ၍။ အဿောသိခေါ၊ ကြားသည်သာလျှင်တည်း။ အထခေါ၊ ၌။ ဒီဃတပဿီနိဂဏ္ဌော၊ သည်။ပ။ နိဂဏ္ဌနာဋပုတ္တံ၊ ကို။ "ဘန္တေ၊ အရှင်ဘုရားနာဋပုတ္တ၊ ဥပါလိဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ၊ ၏။ သာဝကတ္တံ၊ သို့။ ဥပဂတောကိရတိ၊ ဟူသော။ (ဣတိအကြောင်း)။ဧတံ၊ ဤသတင်းစကားကို။ မေ၊ အကျွန်ုပ် သည်။ သုတန္တိ၊ ကြားမိပါ၏" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ပ။ ဘန္တေ၊ ပုတ္တ။ အဟံ၊ သည်။ ဟန္ဒ၊ ယခုပင်။ဂစ္ဆာမိ၊ သွားပါချေအံ့။ ဥပါလိဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ၊ ၏။ သာဝကတ္တံ၊ သို့။ ယဒိ ဝါ ဥပဂတော၊ ကပ်ရောက်လေသလော။ ယဒိ ဝါ နော ဥပဂတော။ မကပ်ရောက်လေသလော။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ဇာနာမိ၊ သိနိုင်ပါ၏။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။(ဇာနိဿာမိ၊ သိအောင်ပြုပါအံ့။) ဣတိ၊ ဤသို့ပြော၏။ တပဿိ၊ သီ။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားချေလော့။ ဥပါလိဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ၊ ဂေါတမ၏။ သာဝကတ္တံ၊ သို့။ ယဒိ ဝါ ဥပဂတော၊ ကပ်ရောက်လေသလော။ ယဒိ ဝါ နော ဥပဂတောတိ၊ မကပ်ရောက်လေသလောဟူ၍။ ဇာနာဟိ၊ သိအောင် ပြုချေလော့။ ဣတိ၊ ဤသို့ ပြော၏။

၇၂။ အထခေါ၊ ၌။ပ။ ဒေါဝါရိကော၊ သည်။ ဒီဃတပဿိံ နိဂဏ္ဌံ၊ ကို။ဒူရတောဝ၊ မှသာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသာခေါ၊ မြင်သည်သာတည်း။ ဒိသွာန၊ မြင်၍။ ဒီဃတပဿိံ နိဂဏ္ဌံ၊ ကို။ပ။ အာဟရိဿန္တိ၊ ဆောင်ယူလာပါကုန်အံ့ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

"အာဝုသော၊ တံခါးစောင့်။ မေ၊ ငါ့အား။ပိဏ္ဍကေန၊ဆွမ်းဖြင့်။နအတ္ထောတိ၊ အလိုမရှိ" ဟူ၍။ ဝတွာ၊ ပြောဆိုလျက်။ တတော၊ ထိုနေရာမှ။ ပဋိနိဝတ္တိတွာ၊ ပြန်လှည့်၍ ။ပ။ နိဂဏ္ဌံ နာဋပုတ္တံ၊ ကို။ "ဘန္တေ၊ ပုတ္တ။ ဥပါလိ ဂဟပတိ၊ သည်။ သမဏဿ ဂေါတမဿ။ ၏။ သာဝကတ္တံ၊ သို့။ ယံဥပဂတော၊ ယင်းသို့ကပ်ရောက်၏ဟူသည်။ သစ္စံယေဝ၊ မှန်သည်သာလျှင်တည်း။ ဘန္တေ၊ ပုတ္တ။မေ။

အာဝဋ္ဋေတိတိ၊ ဟူသော။ ဓော်၊ ဤစကားကို။ အဟံ၊ သည်။ တေ၊ သင်၏ (အထံ၌)။ နာလတ္ထံ၊ (ပြောခွင့်)မရခဲ့။ ဘန္တေ၊ ပုတ္တ။တေ၊ သင်၏။ ဥပါလိဂဟပတိ၊ ကို။ သမဏေန ဂေါတမေန၊ သည်။ အာဝဋ္ဋနိယာမာယာယ၊ ဖြင့်။ အာဝဋ္ဋော ခေါတိ၊ လှည့်ပတ်အပ်ပြီ" ဟူသော။ ဓော်၊ ကို။အဝေါစ၊ ပြီ။ (ယဒိ ဝါ နေဘတိ၊ တိုင်အောင်ကား သိသာပြီ)။

အထခေါ၊ ၌။ နိဂဏ္ဌော နာဋပုတ္တော၊သည်။မဟတိယာ နိဂဏ္ဌပရိသာယ၊ နှင့်။ သဒ္ဓိံ၊တကွ။ပ။ အာဟရိယာနန္တိတိ၊ ဟူသော။ ဓော်၊ ကို။ အဝေါစ၊ ပြီ။

သမ္မဒေါဝါရိက၊ အမောင်တံခါးစောင့်။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ပ။ ဥပါလိံ ဂဟပတိံ၊ ကို။ "ဘန္တေ၊ သခင်။ နိဂဏ္ဌော နာဋပုတ္တော၊ သည်။ မဟတိယာ နိဂဏ္ဌပရိသာယ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဗဟိဒွါရကောဋ္ဌကေ၊ တံခါးမုခ်ထွက် အပြင်ဘက်၌။ ဌိတော၊ ရပ်တည်လျှာပါ၏။ သော၊ ထိုနာဋပုတ္တ သည်။ တေ၊ သခင်ဥပါလိကို။ဒဿနကာမော တိ၊ မြင်တွေ့လို၏" ဟူ၍။ဝေ၊ ဤသို့။ ဝဒေဟိ၊ ပြောချေလော့။ ဣတိ၊ ဤသို့ပြော၏။ ဒေါဝါရိကော၊ သည်။ ဝေံဘန္တေတိခေါ၊ ကောင်းပါပြီအရှင် ဟူ၍သာ လျှင်။ နိဂဏ္ဌဿ နာဋပုတ္တဿ၊ ၏(စကားကို)။ ပဋိဿုတွာ၊ ဝန်ခံ၍။ပ။ တေ၊ သခင်ဥပါလိကို။ ဒဿနကာမောတိ၊ ဟူသော။ ဓော်၊ ကို။အဝေါစ၊ ပြီ။

သမ္မ ဒေါဝါရိက၊ စောင့်။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။မဇ္ဈိမာယ ဒွါရသာလာယ၊ အလယ်တံခါးမုခ် စရပ်၌။ အာသနာနိ၊ တို့ကို။ ပညပေဟိ၊ ခင်းချေလော့။ ဣတိ၊ ဤသို့ပြောဆို၏။ ပ။ ဘန္တေ၊သခင်။ မဇ္ဈိမာယ ဒွါရသာလာယ၊ ၌။ အာသနာနိ၊ တို့ကို။ ပညတ္တာနိ ခေါ၊ (အကျွန်ုပ်) ခင်းအပ်ပြီးပါပြီ။ ဣဒါနိ၊ ၌။ ယဿ။ အကြင်သွားခြင်း၏။ ကာလံ၊ အခါကို။ မညသိတိ၊ သိပါလော့ ဟူသော။ ဓော်၊ ကို။ အဝေါစ၊ ပြီ။

၇၃။ အထခေါ၊ ၌။ ပ။ ဥပသင်္ကမိတွာ၊ ၍။ တတ္ထ၊ ၌။ အဂ္ဂံ၊ အဦးလည်းဖြစ်သော။ သေဋ္ဌံ၊ ချီးမွမ်းအပ်သည်လည်း ဖြစ်သော။ ဥတ္တမံ၊ မြတ်လည်းမြတ်သော။ ပဏီတံ၊ ကောင်းလည်း ကောင်းမွန်သော။ယံ အာသနံ၊ အကြင်နေရာသည်။ (အတ္ထိ၊ရှိ၏။)တတ္ထ၊ ၌။ သာမံ၊မိမိကိုယ်တိုင်။ နိသီဒိတွာ၊ ထိုင်ပြီးသည်ရှိသော်။ ဒေါဝါရိကံ၊ ကို။ ပ။ ဝေ၊ ဤသို့။ ဝဒေဟိတိ၊ ပြောဆိုချေလော့" ဟူ၍။ အာမန္တေသိ၊ ပြီ။ပ။ ဘန္တေ၊ အရှင်ဘုရား နာဋပုတ္တ။ ဥပါလိ ဂဟပတိ၊ သည်။ ဝေ၊ ဤသို့။ အာဟ၊ မှာကြားလိုက်ပါ၏။ ဘန္တေ၊ နာဋပုတ္တ။ သစေ အာကင်္ခသိ၊အကယ်၍ အလိုရှိသည်ဖြစ်အံ့။ ပဝိသ ကိရ၊ ဝင်ပါတဲ့။ ဣတိဓော်၊ ကို။ အဝေါစ၊ ပြောဆိုပြီ။ (ဖွဲ့ သစေအာကင်္ခသိတိ-တိုင်အောင် မခဲ့ပြီ)။

အထခေါ၊ ၌။ပ။ဥပသင်္ကမိ၊ပြီ။အထခေါ၊၌။ ဥပါလိဂဟပတိ၊သည်။ပုဗ္ဗေ၊ ရှေးဦးကပင်လျှင်။ ယံ နိဂဏ္ဌံ နာဋပုတ္တံ၊ ကို။ဒူရတောဝ၊ မှသာလျှင်။ အာဂစ္ဆန္တံ၊ ကို။ယတော၊ အကြင်အရပ်မှ။ပဿတိ၊ မြင်၏။ ဒိသွာန၊ မြင်သောကြောင့်။ တတော၊ ထိုအရပ်မှ။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ တတ္ထ၊ ၌။ အဂ္ဂံ၊ သော။ပ။ ယံ အာသနံ၊ သည်။ အတ္ထိ၊ ၏။ တံ၊ ထိုနေရာကို။ ဥတ္တရာသင်္ဂေန၊ အပေါ်ရုံပုဆိုးဖြင့်။ သမ္မဇ္ဇိတွာ၊ ပွတ်တိုက်သုတ်သင်၍။ ပရိဂ္ဂဟေတွာ၊ ရင်သိုင်း၍။ နိသီဒါပေတိ၊ နေစေ၏။ သော၊ ထိုဥပါလိသည်။ဒါနိ၊၌။ပ။ နိဂဏ္ဌံ နာဋပုတ္တံ၊ကို။ "ဘန္တေ၊ အရှင်ဘုရား နာဋပုတ္တ။ အာသနာနိ၊ တို့သည်။ သံဝိဇ္ဇန္တိခေါ၊ ရှိကုန်သည်သာလျှင်တည်း။ သစေအာကင်္ခသိ၊ အကယ်၍ အလို ရှိသည်ဖြစ်အံ့။ နိသီဒါတိ၊ ထိုင်လော့" ဟူသော။ ဓော်၊ ကို။ အဝေါစ၊ ပြီ။ ဝေ၊ သို့။ ဝုတ္တေ၊ ဆော်။

နိဂဏ္ဌော နာဋပုတ္တော၊ သည်။ ဥပါလိံ ဂဟပတိံ၊ ကို။ "ဂဟပတိ၊ ကြွယ်။ တွံ၊ သင်သည်။ ဥမ္မတ္တောသိ၊ ရူးသလော။ ဂဟပတိ၊ ကြွယ်။ တွံ၊ သည်။ ဒတ္တောသိ၊ မိုက်မဲသလော။ ဘန္တေ၊ အရှင်နာဋပုတ္တ။ အဟံ၊ သည်။ ပ။ အာဝဋ္ဋော ပေယ္ယာသိ၊ အဲ့ဟူ၍။ ဂန္တွာ၊ သွားခဲ့ပြီးမှ။ မဟတာ၊ များသော။ ဝါဒသင်္ဃာဋေန၊ ဝါဒအပေါင်းဖြင့်။ ပဋိမုက္ကော၊ ဦးခေါင်း၌ စွပ်၍။ ဝါ၊ ဦးထိပ်ပန်၍။ အာဂတော၊ ပြန်လာသည်။ အသိ၊ ဖြစ်ဘိ၏။ ဂဟပတိ၊ ကြွယ်။ အဏ္ဍဟာရကော၊ ဥ‌ေးစေ့ကိုထုတ်ဆောင်တတ်သော။ ပုရိသော၊ သည်။ ဂန္တွာ၊ သွား၍။ ဥဗ္ဘတေဟိ၊ ထုတ်ဆောင်အပ်ကုန်ပြီးသော။ အဏ္ဍေဟိ၊ ဥ‌ေးစေ့တို့ဖြင့်။ အာဂစ္ဆေယျ သေယျထာပိ၊ ပြန်လာရာသကဲ့သို့ရင်း[၁]။ ဂဟပတိ၊ ကြွယ်။ အက္ခိကဟာရကော၊ မျက်စိကို ထုတ်ဆောင်တတ်သော။ ပုရိသော၊ သည်။ ဂန္တွာ၊ ၍။ ဥဗ္ဘတေဟိ၊ ထုတ်ဆောင်အပ်ကုန်ပြီးသော။ အက္ခီဟိ၊ မျက်စိတို့ဖြင့်။ အာဂစ္ဆေယျ သေယျထာ ဝါ၊ ပြန်လာရာသကဲ့သို့ရင်း။ ဂဟပတိ၊ ကြွယ်။ ဧဝမေဝ၊ သာလျှင်။ တွံ၊ သည်။ ပ။ အာဝဋ္ဋော၊ လှည့်ပတ်ခြင်းခံရသည်။ အသိ၊ ဖြစ်၏"ဟူသော။ တေ၊ ကို။ အဝေါစ၊ ပြီ။

၇၄။ ဘန္တေ၊ နာဋပုတ္တ။ အာဝဋ္ဋနီ၊ လှည့်ပတ်တတ်သော။ မာယာ၊ မာယာသည်။ ဘဒ္ဒိကာ၊ ကောင်းလှ၏။ ဘန္တေ၊ နာဋပုတ္တ။ အာဝဋ္ဋနီ၊ သော။ မာယာ၊ သည်။ ကလျာဏီ၊ ကောင်းလှပါ၏။ ဘန္တေ၊ နာဋပုတ္တ။ မေ၊ ၏။ ပိယာ၊ ချစ်မြတ်နိုးအပ်ကုန်သော။ ဉာတိသာလောဟိတာ၊ ဆွေမျိုးသားချင်းတို့သည်။ ဣမာယ အာဝဋ္ဋနိယာ၊ ဤလှည့်ပတ်ခြင်းဖြင့်။ (စေ) အာဝဋ္ဋေယျုံ၊ အကယ်၍ အလှည့်ခံရကုန်သည်ဖြစ်အံ့။ မေ၊ ၏။ ပိယာနံ၊ ချစ်မြတ်နိုးအပ်ကုန်သော။ ဉာတိသာလောဟိတာနံပိ၊ တို့အားလည်း။ ဒီဃရတ္တံ၊ ပတ်လုံး။ ဟိတာယ၊ အစီးအပွါး အလို့ငှါ။ သုခါယ၊ ငှါ။ အဿ၊ ဖြစ်ရာ၏။

ဘန္တေ၊ ပုတ္တ။ သဗ္ဗေ၊ ကုန်သော။ ခတ္တိယာပိ၊ တို့သည်လည်း။ ပ။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့ပြော၏။

ဘန္တေ၊ ပုတ္တ။ တေနဟိ၊ ထိုကြောင့်သာလျှင်။ တေ၊ သင့်အား။ ဥပမံ၊ ကို။ ကရိဿာမိ၊ ပြုအံ့။ ဣဓ၊ ဤလောက၌။ ဝိညူ၊ ပညာရှိကုန်သော။ ဧကစ္စေ ပုရိသာ၊ အချို့သောယောကျ်ားတို့သည်။ ဥပမာယပိ၊ ဥပမာဖြင့်လည်း။ ဘာသိတဿ၊ ဆိုအပ်သောစကား၏။ အတ္ထံ၊ အနက်(အဓိပ္ပါယ်)ကို။ အာဇာနန္တိ၊ သိကုန်၏။

၇၅။ ဘန္တေ၊ ပုတ္တ။ ဘူတပုဗ္ဗံ၊ ရှေး၌ စင်စစ် ဖြစ်ဘူး၏။ ဇိဏ္ဏဿ၊ အိုမင်းသော။ ဝုဍ္ဎဿ၊ ကြီးသော။ မဟလ္လကဿ၊ အရွယ်လွန်သော။ အညတရဿ ဗြာဟ္မဏဿ၊ ၏။ ဒဟရာ၊ ငယ်သော။ မာဏဝိကာ၊ နုပျိုသော။ ပဇာပတီ၊ မယားသည်။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ရှိသည်။ ဥပဝိဇညာ၊ ဖွားအံ့ဆဲဆဲသည်။ အဟောသိ၊ ရှိဘူးပြီ။

ဘန္တေ၊ ပုတ္တ။ အထခေါ၊ ၌။ သာ မာဏဝိကာ၊ သည်။ တံ ဗြာဟ္မဏံ၊ ကို။ "ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ တွံ၊ သည်။ ဂစ္ဆ၊ သွားချေ။ ယော၊ အကြင်မျောက်ငယ်သည်။ မေ၊ ငါ၏။ ကုမာရကဿ၊ သားငယ်၏။ ကီဠာပနကော၊ ကစားစရာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အာပဏာ၊ ဈေးမှ။ (တံ) မက္ကဋစ္ဆာပကံ၊

---

၁။ အဓိပ္ပါယ်ကား သူတပါးဥ‌ေးစေ့ကို ထုတ်ဆောင်နိုင်စွမ်းသော ယောကျ်ားသည် ထုတ်ဆောင်ရန် သွားသော်လည်း မိမိ၏ဥ‌ေးစေ့ကိုသာ အထုတ်ခံရ၍ ပြန်လာရသကဲ့သို့ ဟူလို။

ထိုမျှောက်ငယ်ကို။ ကိဏိတွာ၊ ဝယ်၍။ အာခံနေဟိတိ၊ ဆောင်ခဲ့လော့" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။

ဝေ ဝုတ္တေ၊ သော်။သောပြာဟ္မဏော၊သည်။ တံ မာဏဝိကံ၊ ကို။ "ဘောတိ၊ အိရှင်မ။ယာဝ၊ အကြင်မျှလောက်။ ဝိဇာယတိ၊ ဖွားမြင်၏။ တာဝ၊ ထိုမျှလောက်။ အာဂမေဟိ၊ ဆိုင်းငံ့ဦးလော့။ ဘောတိ၊ရှင်မ။တွံ၊သင်သည်။ကုမာရကံ၊သတို့သားငယ်ကို။သစေဝိဇာယိဿသိ၊အကယ်၍ ဖွားမြင်အံ့။ ယော၊ သည်။ တေ၊ သင်၏။ ကုမာရကဿ၊ ၏။ ကီဠာပနကော၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ အယံ၊ သည်။ တဿာ တေ၊ ထိုမိခင်ဖြစ်သောသင့်အတွက်။ အာပဏာ၊ မှ။ တံမက္ကဋစ္ဆာပကံ၊ ထိုမျှောက်ငယ်အသီးကို။ ကိဏိတွာ၊ ဝယ်၍။ အာနေဿာမိ၊ ဆောင်ခဲ့ပါအံ့၊ ဘောတိ၊ ရှင်မ။ တွံ၊ သည်။ ကုမာရိကံ၊ သတို့သမီးငယ်ကို။ သစေ ပန ဝိဇာယိဿသိ၊ အံ့။ ယာ၊ သည်။ တေ၊ သင်၏။ ကုမာရိကာယ၊ သတို့သမီးငယ်၏။ ကီဠာပနိကာ၊ သည်။ ဘဝိဿတိ၊ အံ့။ အယံ၊ ငါသည်။ တဿာတေ၊ ထိုမိခင်ဖြစ်သောသင့်အတွက်။ အာပဏာ၊ မှ။ တံမက္ကဋစ္ဆာပိကံ၊ ထိုမျှောက်ငယ်အမကို။ ကိဏိတွာ၊ ၍။ အာနေဿာမိ၊ အံ့" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။ပ။ဘန္တေ၊ ပုတ္တ။ အထခေါ၊ ၌။ သော ပြာဟ္မဏော၊ သည်။ တဿာ မာဏဝိကာယ၊ ၌။ သာရတ္တော၊ မြင်းစွာတပ်ခြင်းရှိသည်ဖြစ်၍။ ပဋိဗဒ္ဓစိတ္တော၊ နှောင်ဖွဲ့ရစ်ပတ် ချစ်မြတ်နိုးအပ်သော စိတ်ရှိသည်ဖြစ်၍။ အာပဏာ၊ မှ။ မက္ကဋစ္ဆာပကံ၊ ကို။ ကိဏိတွာ၊ ၍။ အာနေတွာ၊ ဆောင်ခဲ့၍။ တံမာဏဝိကံ၊ ကို။ "ဘောတိ၊ ရှင်မ။ ယော၊သည်။တေ၊ ၏။ ကုမာရကဿ၊ ၏။ ကီဠာပနကော၊ သည်။ ဘဝိဿတိ၊လတ္တံ့။ အယံ မက္ကဋစ္ဆာပကော၊ ကို။ တေ၊ သင်၏ (သားအတွက်)။ အာပဏာ၊ မှ။ ကိဏိတွာ၊ ၍။ အာနီတော၊ ပြီ" ဟူသော။ဝေါ၊ကို။အဝေါစ၊ပြီ။

ဘန္တေ၊ ပုတ္တ။ ဝေဝုတ္တေ၊ သော်။ သာမာဏဝိကာ၊ သည်။ တံပြာဟ္မဏံ၊ ကို။ "ပြာဟ္မဏကြီး။ ဂစ္ဆ၊ သွားချေ။ တွံ၊ သည်။ ဣမံ မက္ကဋစ္ဆာပကံ၊ ကို။ အာဒါယ၊ ၍။ ယေန၊ ၌။ ရတ္တပါဏိ၊ မည်သော။ ရဇကပုတ္တော၊ ကပါသည်ဖြစ်သားသည်။ (အတ္ထိ၊ ရှိ၏။) တေန၊ သို့။ ဥပသင်္ကမ၊ ချဉ်းကပ်ချေ။ ဥပသင်္ကမိတွာ၊ ၍။ ရတ္တပါဏိ၊ သော။ ရဇကပုတ္တံ၊ ကို။ သမ္မ ရတ္တပါဏိ၊ အမောင်ရတ္တပါဏိ။ အဟံ၊ ငါသည်။ အာကောဋိတ ပစ္စာကောဋိတံ၊ ရှေးရှုပုတ်ခတ် အထပ်ထပ် ဖုပ်လျှော်အပ်သော။ ဥဘတော- ဘာဂဝိမဋ္ဌံနှစ်ဘက်သောအဘို့တို့၌ အပြေအပြစ်ပြုအပ်ပြီးသော။ ပီတာဝလေပနံနာမပီတာဝလေပန မည်သော ။ရင်္ဂဇာတံ၊ ဆိုးရည်ကို။(ဂဟေတွာ၊ယူ၍။)ရင်္ဂိတံ၊ဆိုးအပ်ပြီးသော။ဣမံ မက္ကဋစ္ဆာပကံ၊ ကို။ ဣစ္ဆာမိတိ၊ အလိုရှိ၏ ဟူ၍။ ဝဒ၊ ဤသို့။ ဝဒေဟိတိ၊ ပြောဆိုလေ" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။

အထခေါ၊ ၌။ပ။ ဘန္တေ၊ ပုတ္တ။ ဝေဝုတ္တေ၊ သော်။ ရတ္တပါဏိ၊ မည်သော။ ရဇကပုတ္တော၊ သည်။ တံပြာဟ္မဏံ၊ ကို။ "ဘန္တေ၊ အရှင်ပုဏ္ဏား။ တေ၊ သင်၏။ အယံ မက္ကဋစ္ဆာပကော၊ သည်။ ရင်္ဂက္ခမော ဟိ ခေါ၊ ဆိုးခြင်းငှါခံ၏။နေ ဝအာကောဋနက္ခမော၊ဖုပ်လျှော်ခြင်းငှါမခံ။ နော ဝိမဇ္ဇနက္ခ- မောတိ၊ ပွတ်တိုက်ခြင်းငှါမခံ" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။ ဣတိ၊ဤသို့ရတ္တပါဏိကပြော၏။

---

၁။ ပီတာဝလေပန-ဟူသည် အဝါရောင် ညိုဝါ နှစ်မျိုးရောသော မဦ္ဆ-စသောအရောင်တို့ဖြင့် လိမ်းကျံကြောင်းဖြစ်သော ဆိုးရည်ကို ဆိုလိုသည်။ 'ဗဟလဗဟလံ ပီတာဝလေပနံ ရင်္ဂဇာတန္တိ အတိဝိယ ဗဟလံ ပီတဏ္ဍမဋ္ဌကာဒိအဝလေပနရဇနံ။ဋီ။ ဤအလို ပီတာဝလေပန-၌ ပီတသဒ္ဒါ ဥပလက္ခဏ-ဟုလို။

သဝိညာဏကမ္ဘိ အဝိညာဏကမ္ဘိ ရင် ပိဝတိ-ဟူသော အဋ္ဌကထာထောက်လျှင် ပီတသဒ္ဒါကို အဆင်းဟော မကြံဘဲ ပိဝနဋ္ဌ-သော်လည်း ကြံနိုင်သည်။

ဘန္တေ၊ ပုတ္တ။ ဗာလာနံ၊ မိုက်ကန်းသော။ နိဂဏ္ဌာနံ၊ တို့၏။ ဝါဒေါ၊ သည်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်တည်း။ ဟိ၊ မှန်၏။ ဗာလာနံ ခေါ၊ သူမိုက်တို့အားသာလျှင်။ ရက်ခ္ခမော၊ တပ်မက်ခြင်းငှါ ခံ့၏။ နောပဏ္ဍိတာနံပညာရှိတို့အားတပ်မက်ခြင်းငှါမခံ့။ နော အနုယောဂက္ခမော၊ စိစစ်ခြင်းငှါမခံ့။ နော ဝိမဇ္ဇနက္ခမော၊ စူးစမ်းခြင်းငှါမခံ့။

ဘန္တေ၊ ပုတ္တ၊ အထခေါ၊ ဌ။သော ဖြာဘဏော၊သည်။အပရေန သမယေန၊တပါးသောအခါ၌။ နဝံ၊ အသစ်ဖြစ်သော။ ဒုဿယုဂံ၊ အဝတ်အစုံကို။ အာဒါယ၊ ယူ၍။ပ။ ရဇကပုတ္တံ၊ ကို။ပ။ ဧတဒဝေါစ၊ ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။

ဘန္တေ၊ ပုတ္တ။ ဧဝံဝုတ္တေ၊ သော်။ ရတ္တပါဏိ၊ သော။ ရဇကပုတ္တော၊ သည်။ တံ ဖြာဘဏံ၊ ကို။ "ဘန္တေ၊ အရှင်ပုံဏား။ တေ၊ သင်၏။ နဝံ၊ သော။ ဣဒံဒုဿယုဂံ၊ သည်။ ရင်္ဂမ္ပိဧဝ၊ဆိုးခြင်း ငှါလည်းခံ့၏။ အာကောဋနက္ခမံစ၊ ဖွပ်လျှော်ခြင်းငှါလည်းခံ့၏။ ဝိမဇ္ဇနက္ခမံစာတိ၊ ပြွတ်တိုက်ခြင်း ငှါလည်းခံ့၏"ဟူသော။ တော်၊ ကို။ အဝေါစ၊ပြီ။ ဣတိ၊ ဤသို့ရတ္တပါဏိ-ကပြော၏။

ဘန္တေ၊ ပုတ္တ။ ဧဝမေဝခေါ၊ သာလျှင်။ အရဟတော၊ သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သော။ တဿ ဘဂဝတော၊၏။ ဝါဒေါ၊ သည်။ ပဏ္ဍိတာနံ၊ တို့အား။ရင်္ဂက္ခမောစေဝ၊ တပ်မက်ခြင်းငှါလည်း ခံ့၏။ အနုယောဂက္ခမောစ၊ စိစစ်ခြင်းငှါလည်းခံ့၏။ ဝိမဇ္ဇနက္ခမောစ၊ စူးစမ်းခြင်းငှါလည်းခံ့၏။ ဗာလာနံ၊တို့အား။နောစေဝ ရင်္ဂက္ခမော၊မခံ့။နော စ အနုယောဂက္ခမော၊မခံ့။ နော စ ဝိမဇ္ဇနက္ခမော၊ မခံ့။ ဣတိ၊ ဤ သို့ပြောဆို၏။

ဂဟပတိ၊ ကြွယ်။ ·သရာဇိကာ၊ မင်းနှင့်တကွသော။ ပရိသာ၊သည်။ "ဥပါလိဂဟပတိ၊သည်။ နိဂဏ္ဌဿ နာဋပုတ္တဿ၊ ၏။ သာဝကောတိ၊ တပည့်သာဝက"ဟူ၍။ ဇာ၊ ဤသို့။ဇာနာတိ၊ သိ၏။ ဂဟပတိ၊ ကြွယ်။ တံ၊ သင့်ကို။ ကဿ၊ အဘယ်သူ၏။ သာဝကံ၊ တပည့်ဟူ၍။ ဓာရေမ၊ (ငါတို့) မှတ်ယူကြရကုန်အံ့နည်း။ ဣတိ၊ ဤသို့ (နာဋပုတ္တ) မေး၏။

ဧဝံဝုတ္တေ၊ သော်။ ဥပါလိဂဟပတိ၊ သည်။ အာသနာ၊ မှ။ ဥဋ္ဌာယ၊၍။ ဧကံသံ၊ ၌။ ဥတ္တရာ-သင်္ဂံ၊ ကို။ ကရိတွာ၊ ၍။ ယေန၊ ၌။ဘဂဝါ၊ သည်။(အတ္ထိ၊ ၏။)တေန၊ သို့။အဉ္ဇလိံ၊ ကို။ ပဏာ-မေတွာ၊ မြှောက်ချီ၍။ နိဂဏ္ဌံ နာဋပုတ္တံ၊ ကို။ "ဘန္တေ၊ပုတ္တ။ တေနဟိ၊ထိုသို့ဖြစ်လျှင်။ သုဏောဟိ၊ နာလော့။ အဟံ၊ ငါသည်။ ယဿ၊ ယင်းမြတ်စွာဘုရား၏။သာဝကောတိ၊ တပည့်ဖြစ်၏"ဟူသော။ တော်၊ ဤဆိုအပ်လတ္တံ့သောစကားကို။ အဝေါစ၊ ပြီ။

သိမြင်ကုန်၏။ အယံ၊ ဤမိစ္ဆာဒိဋ္ဌိသည်။ တေသံ၊ ထိုရဟန္တာတို့အား။ ပစ္စနီကံ၊ဆန့်ကျင်ဘက်ကို။ ကရောတိ၊ ပြု၏။ ခေါပန၊စင်စစ်။သန္တံယေဝ၊သော။ ပရံလောကံ၊ကို။"ပရောလော။ လောကော၊ သည်။ နတ္ထိတိ၊ မရှိ"ဟူ၍။ပရံ၊သူတပါးကို။ သညာပေတိ၊သိစေ၏။အသာ၏။ သာ၊ သညာပနာ၊ ထိုသိစေခြင်းသည်။ အသဒ္ဓမ္မသညတ္တိ၊ တရားမဟုတ်သည်ကိုသိစေခြင်းမည်သည်။ ဟောတိ၊ ၏။ တာယ စ အသဒ္ဓမ္မသညတ္တိယာ၊ဖြင့်လည်း။အတ္တာနံ၊ မိမိကိုယ်ကို။ ဥက္ကံသေတိ၊ ချီးမြှောက်၏။ ပရံ၊ သူတပါးကို။ ဝမ္ဘေတိ၊ရှုတ်ချ၏။ ဣတိ၊ ဤသို့။ပုဗ္ဗေဝခေါပန၊ ရှေးဦးကပင်လျှင်။ အဿ၊ ထိုသူ၏။ သုသီလျ၊ ကောင်းသောအကျင့်ရှိသည်၏အဖြစ်သည်။ပဟီနံ၊ပယ်အပ်သည်။ ဟောတိ၊၏။ ဒုဿီလျ၊ အကျင့်မရှိသည်၏အဖြစ်သည်။ ပစ္စုပဋ္ဌိတံ၊ ရှေးရှုတည်သည်။ ဟောတိ၊၏။ အယဉ္စ မိစ္ဆာဒိဋ္ဌိ၊ သည်၎င်း။ အယဉ္စ မိစ္ဆာသင်္ကပ္ပေါ၊ သည်၎င်း။အယဉ္စ မိစ္ဆာဝါစာ၊ သည်၎င်း။ အယဉ္စ အရိယာနံ ပစ္စနီကတာ၊ ဤအရိယာတို့၏ဆန့်ကျင်ဘက်အဖြစ်သည်၎င်း။ အယဉ္စ အသဒ္ဓမ္မသညတ္တိ၊ သည်၎င်း။ အယဉ္စ အတ္တုက္ကံ-သနာ၊ သည်၎င်း။အယဉ္စ ပရဝမ္ဘနာ၊သည်၎င်း။ (အတ္ထိ၊ရှိ၏။) ဧဝံ၊ဤသို့။အဿ၊ ၏။ အနေကေ၊ တပါးမက များလှကုန်သော။ ပါပကာ၊ ကုန်သော။ အကုသလာ၊ကုန်သော။ ဓမ္မာ၊ တို့သည်။ မိစ္ဆာဒိဋ္ဌိပစ္စယာ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အကြောင်းကြောင့်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။

ဂဟပတယော၊ တို့။ တတြ၊ ထိုရဟန်းပုဏ္ဏားတို့၏အယူတို့တွင်။ ဝိညူ၊ ပညာရှိသော။ ပုရိသော၊ သည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏—

ပရော၊ သော။ လောကော၊သည်။ ခေါ၊ စင်စစ်။ သစေနတ္ထိ၊ အကယ်၍မရှိသည်ဖြစ်အံ့။ ဧဝံ၊ဤသို့မရှိခဲ့သော်။အယံ ဘဝံ ပုရိသပုဂ္ဂလော၊ဤအရှင်ယောကျ်ားပုဂ္ဂိုလ်သည်။ဝါ၊သတ္တဝါသည်။ ကာယဿ၊ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။အတ္တာနံ၊မိမိကိုယ်ကို။ သောတ္ထိံ၊ ချမ်းသာစွာ။ ကရိဿတိ၊ပြုလတ္တံ့။ ပရော၊ သော၊ လောကော၊ သည်။ သစေ အတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ရှိခဲ့သော်။ အယံ ဘဝံ ပုရိသပုဂ္ဂလော၊သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။မရဏာ၊ သေသည်မှ။ ပရံ၊နောက်ကာလ၌။အပါယံ၊ သော။ဒုဂ္ဂတိံ၊ သော။ ဝိနိပါတံ၊ သော။နိရယံ၊ သို့။ ဥပပဇ္ဇိဿတိ၊ ကျရောက်လတ္တံ့။

ခေါပန။ စင်စစ်။ပရော၊ သော။ လောကော၊သည်။ကာမံ မာဟု၊အကယ်၍မရှိသည်ဖြစ်အံ့။ နေသံ ဘဝတံ သမဏဗြာဟ္မဏာနံ၊ထိုအရှင်ရဟန်းပုဏ္ဏားတို့၏။ ဝစနံ၊ စကားသည်။သစ္စံ၊မှန်သည်။ ဟောတု၊ ဖြစ်ပစေ။ အထ စ ပန၊ထိုသို့ဖြစ်သော်လည်း"ပုရိသပုဂ္ဂလော'သည်။ဒုဿီလော၊သီလမရှိ။ မိစ္ဆာဒိဋ္ဌိ၊မှားသောအယူရှိ၏။ နတ္ထိကဝါဒေါတိ၊ တမလွန်ဘဝသည်မရှိဟုယူလေ့ရှိ၏"ဟူ၍။ အယံ ဘဝံ ပုရိသပုဂ္ဂလော၊ ကို။ ဝိညူနံ၊တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

ခေါ၊စင်စစ်။ပရော၊သော။လောကော။သည်။သစေ အတ္ထေဝ၊ရှိသည်သာဖြစ်အံ့။ဧဝံ၊သော်။ ဣမဿ ဘောတော ပုရိသပုဂ္ဂလဿ၊၏။ ဥဘယတ္ထ၊ပစ္စုပ္ပန်တမလွန်နှစ်တန်သောဘဝတို့၌။ ကလိဂ္ဂ-ဟော၊ အရှုံးကို ယူသည်မည်၏။ (၄)။ ဝါ၊ အကျိုးမဲ့ကိုယူသည်မည်၏။ (၅)[၁]။

၁။ ဤအနက်ကား သန္ဓိ,သမာသ်အဖြစ် မယူပဲပေးခြင်းဖြစ်၏။သန္ဓိသို့မဟုတ် သမာသ်အဖြစ်ယူ၍ ပေးလိုသော် "ဥဘယတ္ထ ကလိဂ္ဂဟော၊ နှစ်ပါးသော အကျိုးတို့ကို အရှုံးယူခြင်း"ဟုပေး။ ဤအဋ္ဌကထာနှင့် ဤဋီကာတို့၌ကား "ကလိဂ္ဂဟောတိ ပရာဇယဂ္ဂါဟော" ဟု ဥဘယတ္ထ နှင့် သန္ဓိ, သမာသ်မပြုပဲ ဝါကျအဖြစ်သာ ဖွင့်သည်။

ဒိဋ္ဌေဝဓမ္မေ၊ ဒွိပင်လျှင်။ ဝိညူနံ၊ တို့သည်။ ယဋ္ဌ ဂါရယှော၊ အကြြင်ကဲ့ရဲ့လည်း ကဲ့ရဲ့အပ်၏။ ကာယဿ၊ ၏။ ပ။ နိရယံ၊ သို့။ ယဋ္ဌ ဥပပဇ္ဇိဿတိ၊ အကြြင်ကပ်ရောက်လည်း ကပ်ရောက်ရလတ္တံ့။ ဇဝံ၊ ဤသို့ဖြစ်သော်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အပဏ္ဏကော၊ မချွတ်ယွင်းသော။ အယံ ဓမ္မော၊ သည်။ ဒုဿမတ္တော သမာဒိန္နော၊ မကောင်းသဖြင့်ယူအပ် သုံးသပ်အပ်သည်ဖြစ်၍ [၁]။ ဧကံသံ၊ တခုသော အဖို့အစုကို။ ဝါ၊ မိမိဝါဒကိုသာလျှင်။ ဖရိတွာ၊ ပြန့်နှံ့စေ၍။ တိဋ္ဌတိ၊ တည်၏။ ကုသလံ ဌာနံ၊ ကုသိုလ်ဖြစ်ကြောင်းကောင်းမှုကို။ ရိဉ္စတိ၊ ပယ်ကြဉ်၏။

၉၆။ "(ဤဒုတိယ သည်ကိုသာ အနက်ယောဇနာအံ့)။ ဇဝံ၊ သော်။ ဣမဿ ဘောတော ပုရိသပုဂ္ဂလဿ၊ ၏။ ဥဘယတ္ထ၊ ဘဝနှစ်ပါးစုံ၌။ ကဋ္ဌဂ္ဂဟော၊ အောင်မြင်ခြင်းကိုသာယူသည် မည်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ ဒွိသာလျှင်။ ဝိညူနံ၊ တို့သည်။ ယဋ္ဌ ပါသံသော၊ အကြြင် ချီးကျူးလည်း ချီးကျူးအပ်၏။ ကာယဿ၊ ၏။ ပ။ သဂ္ဂံ လောကံ၊ သို့။ ယဋ္ဌ ဥပပဇ္ဇိဿတိ၊ အကြြင်ကပ်ရောက် လည်း ကပ်ရောက်လတ္တံ့။ ဇဝံ၊ သော်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အပဏ္ဏကော၊ သော။ အယံ ဓမ္မော၊ သည်။ သုဿမတ္တော သမာဒိန္နော၊ ကောင်းစွာယူအပ် ကောင်းစွာ သုံးသပ်အပ်သည် ဖြစ်၍ [၁]။ ဥဘယံသံ၊ နှစ်ပါးစုံသော အဖို့အစုကို။ ဝါ၊ မိမိသူတပါး နှစ်ဦးသားတို့၏ နှစ်ပါးသော အယူဝါဒကို။ ဖရိတွာ၊ စေ၍။ တိဋ္ဌတိ၊ ၏။ အကုသလံ ဌာနံ၊ ကို။ ရိဉ္စတိ၊ ပယ်၏။

၉၇။ ဂဟပတယော၊ တို့။ "ကရောတော၊ ကိုယ်တိုင်ပြုသောသူသည်ရှင်း။ ကာရယတော၊ ပြုစေသောသူသည်ရှင်း။ ဆိန္ဒတော၊ (သူတပါးတို့၏ လက်ခြေစသည်ကို) ကိုယ်တိုင်ဖြတ်သောသူသည်ရှင်း။ ဆေဒါပယတော၊ ဖြတ်စေသောသူသည်ရှင်း။ ပစတော၊ တုတ်သံ့ဘ်ဖြင့်ကိုယ်တိုင်ညှဉ်းပန်းသူသည် ရှင်း။ ပါစာပယတော၊ ညှဉ်းပန်းစေသူသည်ရှင်း။ သောစယတော၊ (သူတပါးစိုးရိမ်ခြင်းကို) ကိုယ်တိုင်ပြု သူသည်ရှင်း။ သောစာပယတော၊ ပြုလုပ် စေသူသည်ရှင်း။ ကိလမတော၊ ကိုယ်တိုင်ပင်ပန်းမှုပြု သောသူသည်ရှင်း။ ကိလမာပယတော၊ ပြုစေ သောသူသည်ရှင်း။ ဖန္ဒတော၊ ကိုယ်တိုင်တုန်လှုပ်သော သူသည်ရှင်း။ ဖန္ဒာပယတော၊ တုန်လှုပ်စေသူသည်ရှင်း။ ပါဏံ၊ သူ့အသက်ကို။ အတိပါတယတော၊ ကိုယ်တိုင်ချသူ ချစေသူသည်ရှင်း[၂]။ အဒိန္နံ၊ ကို။ အာဒိယတော၊ ကိုယ်တိုင်ယူသူ ယူစေသူသည်ရှင်း။

---

သဒ္ဒနီတိ သန္ဓိခန်းနှင့် ပါဠိနယာဒိသင်္ဂဟအခန်းတို့၌ သန္ဓိ သမာသ်ဖြစ်ပုံ မဖြစ်ပုံ လေးမျိုးပြလျက်ရှိသည်။ "ဒိဋ္ဌဓမ္မိကော စေဝတ္ထော သမ္ပရာယိကောစာတိ ဥဘယော အတ္ထာ ဥဘယတ္ထာ၊ ဥဘယတ္ထာနံ ကဋ္ဌံ ဂါဟော ဥဘယတ္ထကဋ္ဌဂ္ဂါဟော။ ဇဝံ သမာသပဒံ ဟောတိ။ ဥဘယတ္ထ ဌာနေသု ကဋ္ဌဂ္ဂါဟော ဥဘယတ္ထကဋ္ဌဂ္ဂါဟော။ ဇဝံ အသမာသပဒံ ဟောတိ။ သေနယော ဥဘယတ္ထ ကလိဂ္ဂဟောတိ အာဒီသုပိ" (နီတိ)။ ဥပရိ၊ ဗာလပဏ္ဍိတ သုတ်အဋ္ဌကထာ၌ "ကလိဂ္ဂဟေနာတိ ပရာဇယေန"၊ ရှင်းဋီကာ၌လည်း "ကလီယတိ ခလီယတိ အပ္ပဟိယျတိ သာသနံ ဧတေနာတိ ကလိ၊ ဝုတပရာဇယော။ သော ဇဝ ဂဟာသီသတာယ ကလိဂ္ဂဟောတိ ဝုတ္တော"ဟု ဖွင့်သည်ကို ထောက်လျှင် ဂဟာ-အနက်အထူး မယူပဲ ကလိဂ္ဂဟ-ရှုံးခြင်း (ရှေ့၌ပြလတ္တံ့သော) ကဋ္ဌဂ္ဂဟ-နိုင်ခြင်းဟု အနက် ပြန်ဆိုသော် ပို၍ နားရှင်းဘွယ် ရှိ၏။

၁။ ဒုဿမတ္တော သမာဒိန္နော၊ သုဿမတ္တော သမာဒိန္နော-တို့၌ အနှင့် သုကို သမာဒိန္နော-၌လည်းစပ်ရမည် ဖြစ်၍ နှစ်ပုဒ်စီတွဲလျက် အနက်သမ္ဗန်သည်။ ဒုဿမတ္တောတိ ဧတ္ထ ဒုသဒ္ဒေါ သမာဒိန္နောတိဧတ္ထာပိ အာနေတ္ဗာ ယောဇေတဗ္ဗောတိ အာဟ ဒုပ္ပရာမဋ္ဌောတိ။ ဋီ။

၂။ ပါဏမတိပါတယတောတိ ပါဏံ ဟနန္တဿပိ ဟနာပေန္တဿပိ၊ ဇဝံ သဗ္ဗတ္ထ ကရဏကာရာပန- ဝသေနေဝ အတ္ထော ဝေဒိတဗ္ဗော-ဟူသော ဋ္ဌ-နှင့်အညီ သုဒ္ဓကာရိုက်ကေသိယ်ဖြင့် ၂ ချက်စီပေးသည်။

သန္တိ ၊ အိမ်အစပ်.ကို။ ဆိန္ဒတော၊ ကိုယ်တိုင်ဖြတ်၍ ခိုးသူ ဖြတ်၍ ခိုးစေသူ-သည်ရှင်း။ နိလ္လောပံ၊ အကြွင်းမဲ့လုယက်ခြင်းကို။ဟရတော၊လုယက်သူ လုယက်စေသောသူသည်ရှင်း။ ဧကာဂါရိကံကရော တော၊ တအိမ်တည်းကိုဝန်းရံလုယက်သူ လုယက်စေသူသည်ရှင်း။ပရိပန္ထေ တိဋ္ဌတော၊ ခရီးဆုံ၌ရပ်၍ လုယက်သူ လုယက်စေသူသည်ရှင်း။ပရဒါရံ ဂစ္ဆတော၊ သူတပါးသားမယားကို သွားသောသူ သွားလာ စေသူသည်ရှင်း။ မုသာ ဘဏတော၊ မဟုတ်မမှန်ပြောသူ ပြောစေသူသည်ရှင်း။ပါပံ၊မကောင်းမှုကို။ ကရောတော၊ပြုသော်လည်း။နကရီယတိ၊ပြုအပ်သည်မမည်။ယော၊အကြင်သူသည်။ ခုရပရိယန္တေန၊ သင်ရှုန်းသွားတပ်သော။ စက္ကေန၊စက်ဖြင့်။ ဣမိဿာ ပထဝိယာ၊ဤမြေအပြင်၌။ ပါဏေ၊သတ္တဝါ တို့ကို။ ဧကံမံသခလံ၊ တခုတည်းသော အသားစုကို။ ဧကံမံသပုဉ္ဇံ၊တခုတည်းသောအသားစိုင်ကို။ ကရေယျ၊ အကယ်၍ ပြုလုပ်ငြားအံ့။ တတောနိဒါနံ၊ ထိုအကြောင်းကြောင့်။ ပါပံ၊ သည်။ နတ္ထိ၊မရှိ။ပါပဿ၊၏။ အာဂမော၊ ဖြစ်ပေါ်လာခြင်းသည်။ နတ္ထိ၊ မရှိ။ဟနန္တော၊ ကိုယ်တိုင်သတ် သောသူသည်ရှင်း။ ဃာတေန္တော၊သတ်စေသောသူသည်ရှင်း။ ဆိန္ဒန္တော၊ ကိုယ်တိုင်ဖြတ်သောသူ သည်ရှင်း။ ဆေဒါပေန္တော။ ဖြတ်စေသောသူသည်ရှင်း။ ပစန္တော၊ ညှဉ်းပန်းသောသူသည်ရှင်း။ ပါစေန္တော၊ညှဉ်းပန်းစေသောသူသည်ရှင်း။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ ဒက္ခိဏံ တီရံ၊တောင်ဘက်ကမ်း သို့။ စေပိ ဂစ္ဆေယျ၊သွားငြားအံ့။ တတောနိဒါနံ၊ ကြောင့်။ ပါပံ၊သည်။ နတ္ထိ၊မရှိ။ပါပဿ၊၏။ အာဂမော၊ သည်။ နတ္ထိ၊မရှိ။ဒဒန္တော၊ ကိုယ်တိုင် ပေးလှူသောသူသည်ရှင်း။ ဒါပေန္တော၊ပေးလှူ စေသောသူသည်ရှင်း။ ယဇန္တော၊ ကိုယ်တိုင်ယဇ်ကြီးပူဇော်သောသူသည်ရှင်း။ ယဇာပေန္တော၊ ပူဇော်စေသောသူသည်ရှင်း။ ဂင်္ဂါယ၊၏။ ဥတ္တရံ တီရံ၊မြောက်ဘက်ကမ်းသို့။ စေပိ ဂစ္ဆေယျ၊ သွား ငြားအံ့။ တတောနိဒါနံ၊ ကြောင့်။ ပုညံ၊ကောင်းမှုသည်။နတ္ထိ၊ မရှိ။ ပုညဿ၊ ၏။ အာဂမော၊ သည်။ နတ္ထိ၊မရှိ။ဒါနေန၊ အလှူပေးခြင်းကြောင့်ရှင်း။ဒမေန၊ ဣန္ဒြေကို ဆုံးမခြင်းကြောင့်ရှင်း။ သံယမေန၊သီလစောင့်ခြင်းကြောင့်ရှင်း။ သစ္စဝဇ္ဇေန၊မှန်ကန်သော စကားကို ဆိုခြင်းကြောင့်ရှင်း။ ပုညံ၊သည်။နတ္ထိ၊ မရှိ။ပုညဿ၊၏။ အာဂမော၊ သည်။ နတ္ထီတိ၊မရှိ”ဟူ၍။ ဝေဝါဒိနော၊ ဆန့် သော။ ဝေဒိဋ္ဌိနော၊ ဆန့်သော။ ဧကေ သမဏဗြာဟ္မဏာ၊ တို့သည်။သန္တိ၊ ရှိကုန်၏။ (အကြွင်း လွှယ်ပြီ)။

၉၉။ ဓေါပနံ၊ စင်စစ်။ သန္တံယေဝ၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော။ ကိရိယံ၊ကောင်းမှု မကောင်းမှုကို။ ကိရိယာ၊သည်။နတ္ထီတိ၊မရှိဟူ၍။ အဿ၊ထိုသူ၏။ ဒိဋ္ဌိ၊အယူသည်။ဟောတိ၊ဖြစ်၏။

[ဤ ၉၉-၌ ဤမျှသာ ထူး၏။အကြွင်းကို ၉၇-အပိုဒ်မှီး၍ယောဇနာလေ။၉၉-အပိုဒ်၌လည်း နတ္ထိ-အတ္ထိ-မျှသာ ထူးတော့သည်]။

၁၀၀။ ဂဟပတယော၊တို့။“သတ္တာနံ၊သတ္တဝါတို့၏။သံကိလေသာယ၊ ညစ်ညူးခြင်းငှါ။ဟေတု၊ အကြောင်းသည်။နတ္ထိ၊မရှိ။ ပစ္စယော၊အထောက်အပံ့သည်။ နတ္ထိ၊မရှိ။သတ္တာ၊တို့သည်။ အဟေတူ၊ အကြောင်းမရှိကုန်ပဲ။အပစ္စယာ၊ အထောက်အပံ့မရှိကုန်ပဲ။ သံကိလိဿန္တိ၊ ညစ်ညူးကြရကုန်၏။ သတ္တာနံ၊ တို့၏။ဝိသုဒ္ဓိယာ၊ဖြူစင်ခြင်းငှါ။ပ။ ဝိသုဇ္ဈန္တိ၊ ဖြူစင်ကုန်၏။ ဗလံ၊ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ဖြစ်သောအားသည်။ နတ္ထိ၊ မရှိ။ ဝီရိယံ၊ ရဲရင့်ခြင်းသည်။ နတ္ထိ၊မရှိ။ ပုရိသထာမော၊ ယောကျ်ားတို့၏အစွမ်းသည်။ နတ္ထိ၊မရှိ။ပုရိသပရက္ကမော၊ ယောကျ်ားတို့၏လုံ့လသည်။ နတ္ထိ၊မရှိ။ သဗ္ဗေ၊အလုံးစုံကုန်သော။သတ္တာ၊ကပ်ငြိတတ်သောသတ္တဝါတို့သည်ရှင်း။သဗ္ဗေ၊ကုန်သော။ပါဏာ၊ရှူရှိုက်တတ်သော သတ္တဝါတို့သည်ရှင်း။ သဗ္ဗေ၊ ကုန်သော။ဘူတာ၊ဖြစ်တတ်သော သတ္တဝါတို့သည်ရှင်း။

သဗ္ဗေ၊ ကုန်သော။ဇီဝါ၊ အသက်ရှင်သကဲ့သို့ ကြီးပွါးသော (သစ်ပင်) ဇီဝတို့သည်ရင်း။ အဝသာ၊ မိမိတို့၏အစွမ်းမရှိကြကုန်ပဲ။ အဗလာ၊ အားမရှိကြကုန်ပဲ။ အဝီရိယာ၊ ရဲရင့်မှုဝီရိယမရှိကြကုန်ပဲ။ နိယတိ သင်္ဂတိ ဘာဝပရိဏတာ၊ မြဲခြင်း ပြောင်းရွှေ့ခြင်းသဘောကြောင့် ညွတ်ကြကုန်သည်ဖြစ်၍။ ဆသု၊ ခြောက်မျိုးကုန်သော။ အဘိဇာတိသုဝေ၊ အထူးထူးသောဇာတ်တို့၌သာလျှင်။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ပဋိသံဝေဒေန္တိတိ၊ ခံစားကြရကုန်၏"ဟူ၍။ဝေဝါဒိနော၊ ကုန်သော။ဝေဒိဋ္ဌိနော၊ ကုန်သော။ ကေစေ သမဏဗြာဟ္မဏာ၊ တို့သည်။ သန္တိ၊ ရှိကြကုန်၏။ (အကြွင်းလွယ်ပြီ)။

၁၀၁။ ခေါပန၊ စင်စစ်။သန္တိယေဝ၊ သော။ဟေတုံအကြောင်းကို။ "ဟေတု၊ သည်။ နတ္ထိတိ၊ မရှိ"ဟူ၍။ အသာ၊ ၏။ ဒိဋ္ဌိ၊ သည်။ ဟောတိ၊ ၏။

[ဤ ၁၀၁-အပိုဒ်၌ ဤမျှသာထူးသည်။ ၁၀၂-အပိုဒ်၌လည်း ရှေးနည်းကိုမှီ၍ ယောဇနာလေ]။

၁၀၃။ ဂဟပတယော၊ တို့။သဗ္ဗသော၊ အချင်းခပ်သိမ်း။အာရုပ္ပါ၊ အရူပဗြဟ္မာလောကသည်။ နတ္ထိတိ၊ မရှိဟူ၍။ ဧဝံဝါဒိနော၊ ကုန်သော။ ဧဝံဒိဋ္ဌိနော၊ ကုန်သော။ ကေစေ သမဏဗြာဟ္မဏာ၊ တို့သည်။ သန္တိ၊ ရှိကုန်၏။ပ။ ဧဝံဘန္တေ၊ အရှင်ဘုရား ဟုတ်ပါ၏။

ဂဟပတယော၊ တို့။ တတြ၊ ထို၌။ ဝိညူ၊ သော။ ပုရိသော၊ သည်။ "ယေ ခေါ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ အကြင်အရှင်ရဟန်းပုဏ္ဏားတို့သည်။ 'သဗ္ဗသော၊ အချင်းခပ်သိမ်း။ အာရုပ္ပါသည်။ နတ္ထိတိ၊ မရှိ'ဟူ၍။ ဧဝံဝါဒိနော၊ ကုန်၏။ ဧဝံဒိဋ္ဌိနော၊ ကုန်၏။ ဣဒံ၊ ဤအရူပဘုံကို။ မေ၊ ငါသည်။ အဒိဋ္ဌံ၊ မမြင်အပ်။ ဝါ၊ မမြင်ရ။ပ။ ဣဒံ၊ ဤအရူပဘုံကို။ မေ၊ ငါသည်။ အဝိဒိတံ၊ မသိအပ်။ ဝါ၊ မသိနိုင်။ အဇာနံ ခေါပန၊ ငါသည်သာလျှင်။ အဇာနန္တော၊ မသိပဲသျှက်။ အပဿန္တော၊ မမြင်ပဲလျှက်။ ဧကံသေန၊ တဖို့အားဖြင့်။ ဝါ၊ ဝါဒအဖို့အစု တခုထဲဖြင့်။ အာဒါယ၊ စွဲယူ၍။ 'ဣဒမေဝ၊ ဤငါ၏အယူသာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ တပါးသောအယူသည်။ မောဃန္တိ၊ အချည်းနှီးသာ'ဟူ၍။ ဝေါဟရေယျံ၊ ပြောဆိုငြားအံ့။ မေ၊ ငါ၏။ တံ၊ ဤသို့ပြောဆိုခြင်းသည်။ ပတိရူပံ၊ သင့်လျော်သည်။ နအဿ၊ မဖြစ်ရာ။

ယေ ခေါ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။'သဗ္ဗသော၊ အချင်းခပ်သိမ်း။ အာရုပ္ပါ' သည်။နတ္ထိတိ၊မရှိ'ဟူ၍။ ဧဝံဝါဒိနော၊ကုန်၏။ဧဝံဒိဋ္ဌိနော၊ကုန်၏။တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ၊ တို့၏။ ဝစနံ၊ သည်။ သစေ သစ္စံ၊ အကယ်၍ မှန်သည်ဖြစ်အံ့။ ဌာနမေတံ ဝိဇ္ဇတိ၊ သော်။ ယေ တေ ဒေဝါ၊ အကြင်ဗြဟ္မာတို့သည်။ ရူပိနော၊ ရုပ်ရှိကုန်၏။ မနောမယာ၊ ဈာန်စိတ်ဖြင့်ပြီးကုန်၏။ တတြ၊ ထိုရူပဘုံ၌။ မေ၊ ငါ၏။ ဥပပတ္တိ၊ ဖြစ်ခြင်းသည်။ အပဏ္ဏကာ၊ မချွတ်။ ဘဝိဿတိ၊ လတ္တံ့။ ဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ယေ ပန တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ သစေသစ္စံ၊ အံ့။ဌာနံ ဝိဇ္ဇတိ၊ သော်။ ယေတေဒေဝါ၊ တို့သည်။ အရူပိနော၊ ရုပ်မရှိကုန်။ သညာမယာ၊ အရူပဈာန်သညာဖြင့် ပြီးကုန်၏။ တတြ၊ ထိုအရူပဘုံ၌။ မေ၊ ငါ၏။ ဥပပတ္တိ၊ ဖြစ်ခြင်းသည်။ အပဏ္ဏကာ၊ မချွတ်။ ဘဝိဿတိ၊ လတ္တံ့။ ဌာနံ၊ သည်။ ဝိဇ္ဇတိ၊ရှိ၏။

ရူပါဓိကရဏံ၊ရုပ်တည်းဟူသော အကြောင်းကြောင့်။ ဒဏ္ဍာဒါနသတ္ထာဒါနကလဟဝိဂ္ဂဟဝိဝါဒ-တုဝံတုဝံပေသုညမုသာဝါဒါ၊တုတ်ကိုင်ခြင်း လက်နက်ကိုင်ခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဘက်ယူခြင်း

ဆန့်ကျင်ဘက်ပြောဆိုခြင်း နင်ဘဲဆဲပြောဆိုခြင်း ကုန်းချောခြင်း မုသားပြောခြင်းတို့သည်။ ဒိဿန္တိခေါ်ပန၊ ထင်ရှားသည်သာလျှင်တည်း[၁]။

တော်၊ ဤဒဏ္ဍာဒါန စသည်သည့်။သဗ္ဗသော၊အချင်းခပ်သိမ်း။ အရှေပေ၊ ၌။ နတ္ထိ ခေါ်တိ၊မရှိသည်သာတည်း”ဟူ၍။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။

သော၊ ထိုပညာရှိယောကျ်ားသည်။ ဣတိ၊ ဤသို့။ ပဋိသင်္ခါယ၊ ဉာဏ်ဖြင့် ဆင်ခြင်၍။ ရူပါနံ ယေဝ၊ ရုပ်တို့၏သာလျှင်။ ဝါ-တို့၌။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ တပ်မက်မှုကင်းခြင်းငှါ။နိရောဓာယ၊ ချုပ်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ၏။

၁၀၄။ ဂဟပတယော၊ တို့။ပ။ တော်ဌာန်၊သည်။ ဝိဇ္ဇတိ၊၏။“ယေပန တေ ဘောန္တော သမဏ-ဗြာဟ္မဏာ၊ တို့သည်ကား။‘သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဘဝနိရောဓော၊ ဘဝ၏ချုပ်ရာ နိဗ္ဗာန်သည်။ အတ္ထိဘိ၊ရှိ၏’ဟူ၍။ ဝေဝါဒိနော၊ ကုန်၏။ ဝေဒိဋ္ဌိနော၊ ကုန်၏။ တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ၊ တို့၏။ ဝဓနံ၊ သည်။ သစ္စေသစ္စံ၊ အံ့။ ဝေသတိ၊ သော်။ ယံ၊ အကြောင်းကြောင့်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ဘဝ၌ ပင်လျှင်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်ပြုအံ့။ တော်ဌာန်၊ သည်။ ဝိဇ္ဇတိ၊ ၏။

ယေ ခေါ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ ‘သဗ္ဗသော၊ သိမ်း။ ဘဝနိရောဓော၊ သည်။နတ္ထိတိ၊မရှိ’ဟူ၍။ ဝေဝါဒိနော၊ ကုန်၏။ ဝေဒိဋ္ဌိနော၊ ကုန်၏။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏။ အယံဒိဋ္ဌိ၊ ဤအယူသည်။ သာရာဂါယ၊ ပြင်းစွာတပ်ခြင်းအကျိုးငှါ။ သန္တိကေ၊ နီး၏။ သံယောဂါ-ယ၊ သံယောဇဉ်အလို့ငှါ။ သန္တိကေ၊ ၏။ အဘိနန္ဒနာယ၊ တဏှာဒိဋ္ဌိ၏အစွမ်းဖြင့် အလွန်နှစ်သက်ခြင်းငှါ။ သန္တိကေ၊၏။ အဇ္ဈောသာနာယ၊ မျိုမတတ်စွဲလမ်းခြင်းငှါ။ သန္တိကေ၊ ၏။ ဥပါဒါနာယ၊ ပြင်းစွာယူခြင်းငှါ။သန္တိကေ၊၏။

ယေ ပန တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်ကား။‘သဗ္ဗသော၊သိမ်း။ဘဝနိရောဓော၊ သည်။အတ္ထိတိ၊ရှိ၏’ဟူ၍။ဝေဝါဒိနော၊ကုန်၏။ဝေဒိဋ္ဌိနော၊ ကုန်၏။ တေသံ၊ တို့၏။ အယံဒိဋ္ဌိ၊သည်။ အသာရာဂါယ ပြင်းစွာမတတ်ခြင်းအကျိုးငှါ။ သန္တိကေ၊၏။ အသံယောဂါယ၊ ငှါ။ သန္တိကေ၊၏။ အနဘိနန္ဒနာယ၊ ငှါ။ သန္တိကေ၊ ၏။ အနဇ္ဈောသာနာယ၊ ငှါ။ သန္တိကေ၊ ၏။ အနုပါဒါနာယ၊ ငှါ။ သန္တိကေတိ၊ ၏”ဟူ၍။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ (ပြန်စပ်)။

သော၊ ထိုပညာရှိယောကျ်ားသည်။ ဣတိ၊ ဤသို့။ ပဋိသင်္ခါယ၊ ၍။ဘဝါနံယေဝ၊ သာလျှင်။ နိဗ္ဗိဒါယ၊ ငှါ။ ဝိရာဂါယ၊ ငှါ။ နိရောဓာယ၊ ငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

[အပဏ္ဏကသုတ် ၁၀၅-အပိုဒ်မှစ၍ အပိုဒ်၁၀၆-သုတ် အဆုံးတိုင်အောင်သော ဝါကျတို့ကား ကန္ဒရကသုတ် အပိုဒ်၄-မှ စ၍ အပိုဒ် ၁၆-အထိ ဝါကျများနှင့်တူပြီ]။

ဒသမံ၊ သော။ အပဏ္ဏကသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

ပဌမော၊ သော။ ဂဟပတိဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီ။

---

၁။ ကာလာ ဝိဂ္ဂဟ ဝိဝါဒတို့၏ ထူး မထူးကို ခေတ်ကျမ်း အဘိဓာန် သီလက္ခန်တော်ဋ္ဌကထာ ၃၂၂။ နဝင်္ဂုတ္တရ တကာဿမူလကသုတ် ၂၇၄။ မဇ္ဈိမ ၄၊ ဒီဃနခသုတ်။ ၁၄၄။ သုတ်မဟာဝါ မဟာနိဒါနသုတ် ၉၀။ မူလပဏ္ဏာသဋ္ဌကထာ။ မဓုပိဏ္ဍိကသုတ် ၃၇၉။ ပါစိတ်အဋ္ဌကထာစသည်တို့၌ ရှုတော်မူ။

တဿ၊ ထိုဂဟပတိဝဂ်၏။ ဥဒ္ဒါနံ၊ ခေါင်းစဉ်အချုပ်ဥဒ္ဒါန်းသင်္ဂဟဂါထာကား[၁] —

ကန္ဒရကသုတ်ဓမ္မောင်စ၊ ကန္ဒရကသုတ် အဋ္ဌကနာဂရသုတ် သေခသုတ်ငှင်း။ ပေါတလိယော၊ ငှင်း။ ပုန၊ တဖန်၊ ဇီဝကဘစ္စော၊ ဇီဝကသုတ်ငှင်း။ ဥပါလိဒမထော၊ ဥပါလိသုတ်ငှင်း။ ကုက္ကုရဝတိယော၊ ကုက္ကုရဝတိကသုတ် အဘယရာဇကုမာရသုတ်ငှင်း။ ဗဟုဝေဒနီယာ၊ ငှင်း။ ဒသမော၊ သော။ အပဏ္ဏကတော၊ အပဏ္ဏကသုတ်ငှင်းတည်း။

---

## ၂-ဘိက္ခုဝဂ်

### ၁-အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်

၁၀၇။ (ဝံ မေ သုတံ၊ ပေးမြဲ) ။ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ၌။ ကလန္ဒကနိဝါပေ၊ သော။ ဝေဠုဝနေ၊ ၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ်ပန သမယေန၊ ၌။ အာယသ္မာ ရာဟုလော၊ သည်။ အမ္ဗလဋ္ဌိကာယံ၊ ဝေဠုဝန်ကျောင်းအနီး အမ္ဗလဋ္ဌိကာမည်သော ပြာသာဒ်၌ [၂]။ ဝိဟရတိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးတည်း ကိန်းအောင်းတော်မူရာမှ။ ဝါ၊ ဖလသမာပတ်မှ။ ဝုဋ္ဌိတော၊ ထတော်မူလျက်။ ယေန၊ ၌။ အမ္ဗလဋ္ဌိကာ၊ သည်။ (အတ္ထိ၊ ၏။) ယေန၊ ၌။ အာယသ္မာ ရာဟုလော၊

---

၁။ ဟောအပ်ပြီးသော အနက်များကို မပျောက်ပျက်စေရန် တဝဂ်တဝဂ်၏ အဆုံး၌ စုရုံးအကျဉ်းချုပ်၍ မှတ်တမ်းတင် (စောင့်ရှောက်) ထားသော ဂါထာများကို ဥဒ္ဒါန်းဟုခေါ်သည်။ ဥဒ္ဓံ ဒါတိ ရက္ခတီတိ ဥဒ္ဒါနံ။ ဥ-ကြောင့် ဒဿဖွံ့တွံ။ ကျူးရှင့်ဝမ်းမြောက်ခြင်းဟော ဥဒါနကား ဥဒဂ္ဂ-ကဲ့သို့ ဥဒ-ဒေါ်၊ ဒွေဘာဝမလို။ တနဲ-ဥ-အန+ထ။ ဥဒ္ဓံ အနတိ ဝဝတိ ဧတေန ဟုလုပ်။ ဥ-နောင် ဒ် လာ။ ဥဒါနပြီး။ ဒွေဘာဝမလို။ (ဥဒါန အဓိပ္ပါယ်ကို ဥဒါန်း ၌ ၃၃)။

"ဥဒ္ဒါနန္တိ ဝုတ္တဿ အတ္ထဿ ပက္ခမာနဿ ဝါ ဝိပ္ပကိဏ္ဏတာဝနေ နသိတုံ အဒတ္ထာ ဥဒ္ဓံ ဒါနံ ရက္ခနံ ဥဒ္ဒါနံ၊ သင်္ဂဟ ဝစနန္တိ အတ္ထော။ အထဝါ ဥဒ္ဒါနန္တိ ပဏ္ဍုဒ္ဒါနာဒိကံ ဥဒ္ဒါနံ။ (သဒ္ဒနီတိ ဓာတုမာလာ)။

၂။ ဝေဠုဝန်ကျောင်းအနီး၌ ဆောက်လုပ်ထား သော အမ္ဗလဋ္ဌိကာ အမည်ရှိ ကမ္မဋ္ဌာန်းပြာသာဒ်ဟု ဖွင့်သည်။ ဒီ၊ဋ္ဌ၁။၄၂-စသည်၌ကား မင်းဥယျာဉ်၏တံခါးဝ၌ရှိသော သရက်ပင်ပျို (အမ္ဗလဋ္ဌိကာ)ကို အစွဲပြု၍ မင်းဥယျာဉ်ကိုလည်း အမ္ဗလဋ္ဌိကာ-ဟု ခေါ်တွင်ကြောင်း လာသည်။

ဤ၌ လဋ္ဌိကာ-ပုဒ်သည် ပတောဒလဋ္ဌိပတောဒယဋ္ဌိ (နှင်တံ) ကဲ့သို့ ယဋ+တိ၊ ယ-ကို လ-ပြု၍ အရှိုးအတံ နှယ်ထိန်းဟူသော အနက်ကိုဟောသည်။ လဋ္ဌိဝနေတိ တာလုယျာနေ=စိုရှိ ဖြောင့်တန်းနေသော ထန်းတော။ (ဝိ၊ဋ္ဌ၃။၂၅၄)။ အဂ်လဋ္ဌိန္တိ သရိုရံ=ပြေပြစ်ဖြောင့်ဖြူး၍ အချိုးအစားကျသော ခန္ဓာကိုယ်။ (သီ၊ဋ္ဌီ-ဟောင်း ၁၃၀)။ ဝာယသဝိသအင်္ဂလဋ္ဌိတာယတိ ဿာစပါတိနာမံ လဘိ။ လောက်လေးသဖွယ် သွယ်ပျောင်းနွဲ့သွတ်သော ကိုယ်ဟန်ရှိသည့် ဝာပါတေရီမ။ (ထေရီ၊ဋ္ဌ။ ၂၃၄)။ အင်္ဂလိ "ပတောဒလဋ္ဌိ" ကတွာ၊ လက်ချောင်းကို အတံပြု၍။ (အံ၊ဋ္ဌ၃။ ၂၅၄)။ ရထလဋ္ဌိဇာတ် (စတုက္က)။ လဋ္ဌိဟတ္ထော တောင်ဝှေးစွဲသူ (ထေရီဂါထာ၂)။ လဋ္ဌိကောဋ္ဌိ နှယ်စွန်းရှည်(သုတ္တဿဘာမ)။ လဋ္ဌိမဓု=နှယ်ချို (အပဒါန်)စသည်ဖြင့် လဋ္ဌိသဒ္ဒါ၏ ကို အတံ, အနွယ်, အချောင်း, အသွယ်, အရှည်, အပျောင်း ဖြစ်သော ပုံပန်းသဏ္ဍာန်ကို ပြရာ၌သာ သုံးစွဲသည်ကို တွေ့ရ၏။

သို့ရာတွင် အမ္ဗလဋ္ဌိကာပုဒ်ကို ဖွင့်ရာ ၌ တိုက္ခ "တရုဏအမ္ဗရုက္ခော" ဟုငှင်း၊ "ဗေလုဝလဋ္ဌိကာယ မူလေတိ တရုဏဗေလုဝရုက္ခမူလေ" (အံ၊ဋ္ဌ၂။ ၂၇၅) ဟုငှင်း ဖွင့်ကြသဖြင့် သီဋ္ဌီ-သစ် စရာသည် "တရုဏပရိယာယော လဋ္ဌိကာသဒ္ဒေါ" ဟု ဆုံးဖြတ်တော်မူခဲ့သည်။ ယင်းသို့ဖြစ်လျှင်လည်း "လဋ္ဌ-ဗာလျပရိဘာသနေသု၊ ဥ။(အဘိဓာန်ဋီ)။ တနဲ-ဤ-ဖြင့် ပြီးသည်ဟု ယူဆသင့်၏။ "လဋ္ဌတိ တရုဏော ဟုတွာ ပဝတ္တတီတိ လဋ္ဌိကာ၊သော ဧဝ

သည်။ (အတ္ထိ၊ ၏။) တေန၊ ထိုအမ္ဗလဋ္ဌိကာပြာသာဒ်ကျောင်း အရှင်ရာဟုလာရှိရာသို့။ ဥပသင်္ကမိ၊ ပြီ။ အာယသ္မာ ရာဟုလော၊ သည်။ ဘဂဝန္တံ၊ ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ ကြွလာတော်မူသည်ကို။ အဒ္ဒသာခေါ၊ မြင်သည်သာတည်း။ ဒိသွာန၊ မြင်လတ်သော်။ အာသနံ၊ နေရာတော်ကို။ပညာပေသိ၊ ပူပြင်ခင်းထားပြီ။ ပါဒါနံ၊ ခြေဆေးရန်အလို့ငှါ။ ဥဒကဉ္စ၊ ရေကိုလည်း။ ဝါ၊ ဥဒကဉ္စ ပါဒါနံ၊ ခြေဆေးရေကိုလည်း။ ပညာပေသိ၊ တည်ထားပြီ။ ဘဂဝါ၊ သည်။ ပညတ္တေ၊ သော။ အာသနေ၊ ၌။ နိသီဒိ၊ ပြီ။နိသဇ္ဇ၊ ၍။ပါဒေ၊ တို့ကို။ ပက္ခာလေသိ၊ သုတ်သင်ပြီ။အာယသ္မာပိ ခေါ ရာဟုလော၊ သည်လည်း။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။

၁၀၈။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပရိတ္တံ၊ အနည်းငယ်သော။ ဥဒကာဝသေသံ၊ ရေကြွင်းကို။ ဥဒကာဓာနေ၊ ရေခွက်၌။ ဌပေတွာ၊ ထား၍။အာယသ္မန္တံ ရာဟုလံ၊ကို။ "ရာဟုလ၊ ရာဟုလာ။ တွံ၊ သင်သည်။ ပရိတ္တံ၊ သော။ ဣမံ ဥဒကာဝသေသံ၊ ကို။ ဥဒကာဓာနေ၊ ၌။ဌပိတံ၊ ထားအပ်သည်ကို။ ပဿသိနောတိ၊ မြင်၏လော" ဟု။ အာမန္တေသိ၊ မေးတော်မူပြီ။ ဧဝံဘန္တေ၊ အရှင်ဘုရား မြင်ပါ၏။ ရာဟုလ၊ လာ။ ယေသံ၊ အကြင်သူတို့အား။ သမ္ပဇာနမုသာဝါဒေ၊ သိလျက်ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌။ လဇ္ဇာ၊ ရှက်ခြင်းသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုသူတို့၏။ သာမညံ၊ ရဟန်းတရားသည်။ ဧဝံ၊ ဤရေကဲ့သို့။ ပရိတ္တကံခေါ၊ နည်းသည်သာတည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပရိတ္တံ၊ သော။ ဥဒကာဝသေသံ၊ ကို။ ဆဍ္ဍေတွာ၊ စွန့်တော်မူ၍။ အာယသ္မန္တံ ရာဟုလံ၊ ကို။ "ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ပရိတ္တံ၊ သော။ ဥဒကာဝသေသံ၊ ကို။ ဆဍ္ဍိတံ၊ စွန့်အပ်သည်ကို။ ပဿသိနောတိ၊ မြင်၏လော" ဟူ၍။ အာမန္တေသိ၊ ပြီ။ ဧဝံဘန္တေ၊ ၏။ ရာဟုလ၊ လာ။ပ။ ဧဝံ၊ ဤရေကို စွန့်အပ်သကဲ့သို့။ သာမညံ၊ ရဟန်းတရားကို။ ဆဍ္ဍိတံ၊ စွန့်ပယ်အပ်ပြီ။

အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တံ ဥဒကာဓာနံ၊ ထိုရေခွက်ကို။ နိက္ကုဇ္ဇိတွာ၊ မှောက်၍။ အာယသ္မန္တံ ရာဟုလံ၊ ကို။ "ရာဟုလ၊ လာ။ တွံ၊ သည်။ဣမံဥဒကာဓာနံ၊ ကို။ နိက္ကုဇ္ဇိတံ၊ မှောက်အပ်သည်ကို။ ပဿသိနောတိ၊ လော" ဟူ၍။ အာမန္တေသိပြီ။ ဧဝံဘန္တေ၊ ၏။ ရာဟုလ၊ လာ။ပ။ ဧဝံ၊ဤရေခွက်ကို မှောက်အပ်သကဲ့သို့။ သာမညံ၊ ကို။ နိက္ကုဇ္ဇိတံ၊ မှောက်အပ်ပြီ။

အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တံဥဒကာဓာနံ၊ ကို။ ဥက္ကုဇ္ဇိတွာ၊ လှန်၍။ အာယသ္မန္တံ ရာဟုလံ၊ ကို။ "ရာဟုလ၊ လာ။တွံ၊ သင်သည်။ဣမံ ဥဒကာဓာနံ၊ကို။ရိတ္တံတုစ္ဆံ၊ချည်းနှီးပလာဘာမျှမရှိသည်ကို။ ပဿသိနောတိ၊ လော" ဟူ၍။အာမန္တေသိ၊ ပြီ။ ဧဝံဘန္တေ၊ ၏။ ရာဟုလ၊ လာ။ပ။ ဧဝံ၊ ဤချည်းနှီး သက်သက် ရေခွက်အတူ။ သာမညံ၊ သည်။ရိတ္တံတုစ္ဆံ ခေါ၊ ချည်းနှီးပလာ၊ ဘာမျှမရှိသည်သာတည်း။

---

လဋ္ဌိကာ" ဟူသင့်၏။ အံ့ဌ။ ဒီ၊ ဋ္ဌ။ သုတ္တနိပါတ်၌ "ဗေလုဝသလာဋ္ဌိကမဂ္ဂိယောတိ တရုဏဗေလုဝလဋ္ဌိယော" ဟု ဆိုလာ၍ လဋ္ဌိ-ခေါ်၏ တရုဏပါဠိ အဖြစ် ဖွင့်သည်ကိုထောက်။

ဝှင်းပြင် အမ္ဗလဋ္ဌိကာ ပုဒ်သည် အဒုရာဘဝအနက်၌ သက်သော ဆင်း (ဏ) ပစ္စည်းကြောင့် (ဦးဟျာသနဝသည်နှင့် တူလျှာဓိကရဏ ဖြစ်သော်လည်း) ရေဗာ နဂရ၊ ဓာဝါ ဝါဓေယပုဗ်တို့ကဲ့သို့ ပကတိလိင်၊ ဝုစ်အတိုင်း ထိ-ကောဝုစ် ရှိစေရမည်။ (မောဂ် ၃၊ ၁၉-သုတ်)။

ရာဟုလ၊ လာ။ သေယျထာပိဖြစ်သင့်ဖြစ်ရာဥပမာကိုဆိုအံ့။ ရညော၊ မင်း၏။ ဤသာဒန္တော၊ ရထားလှည်းသန်နှင့်တူသော အစွယ်ရှိသော။ဥရူဠှဝါ၊ တိုးတက်ကြီးမြင့် လုံးရပ်နှင့်ပြည့်စုံသော။ အဘိဇာတော၊ မျိုးကောင်း မျိုးမှန်ဖြစ်သော။ သင်္ဂါမာဝစရော၊ စစ်မြေပြင်၌ ကျက်စားဘူးသော။ သင်္ဂါမဂတော၊ စစ်မြေပြင်သို့ ရောက်သော။ နာဂေါ၊ ဆင်သည်။ ပုရိမေဟိပိ ပါဒေဟိ၊ ရှေ့ခြေတို့ဖြင့်လည်း။ ကမ္မံ၊ စစ်တိုက်ခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ပစ္ဆိမေဟိပိ ပါဒေဟိ၊ နောက်ခြေတို့ဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ ပုရိမေနပိ ကာယေန၊ ရှေ့ပိုင်းကိုယ်ဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ ပစ္ဆိမေနပိ ကာယေန၊ နောက်ပိုင်းကိုယ်ဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ သီသေနပိ၊ ဦးကင်းဖြင့်လည်း။ ကမ္မံ၊ ကို။ကရောတိ၊ ၏။ကဏ္ဏေဟိပိ၊ နားရွက်တို့ဖြင့်လည်း။ ကမ္မံ၊ ကို။ကရောတိ၊ ၏။ ဒန္တေဟိပိ၊ အစွယ်တို့ဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ နင်္ဂုဋ္ဌေနပိ၊ အမြီးဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။သောဏ္ဍံ၊ နှာမောင်းကိုကား။ရက္ခတေဝ၊ (အာခံတွင်း၌ သွင်း၍)စောင့်ရှောက်သည် သာတည်း။

တတ္ထ၊ ထိုသို့ ဆင်ပြုလုပ်ရာ၌။ ဟတ္ထာရောဟဿ၊ ဆင်ဦးစီးအား။ ဝါ၊၏။ "ခေါ၊ စင်စစ်။ ရညော၊ ၏။ပ။အယံနာဂေါ၊ သည်။ပ။ သောဏ္ဍံ၊ ကိုကား။ ရက္ခတေဝ၊ သာတည်း။ ရညော၊ မင်း၏။ နာဂဿ၊ဆင်သည်။ ဇီဝိတံ၊ အသက်ကိုကား။ အပရိစ္စတ္တံခေါတိ၊ မစွန့်သည်သာတည်း" ဟူသော။ ဧဝံ၊ ဤသို့။ ဝါ၊ဤသို့ သော အကြံသည်။ ဟောတိ၊ ဖြစ်၏။

ရာဟုလ၊ လာ။ ယတောခေါ၊ အကြင်ကြောင့်သာလျှင်။ရညော၊ ၏။ပ။နင်္ဂုဋ္ဌေနပိ၊ ဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။သောဏ္ဍာယပိ၊ နှာမောင်းဖြင့်လည်း။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ တတ္ထ၊၌။ ဟတ္ထာရောဟဿ၊ အား။ ဝါ၊၏။ "ခေါ၊ ဝင်စစ်။ ရညော၊ ၏ ။ပ။ အယံနာဂေါ၊ သည်။ပ။ သောဏ္ဍာယပိ၊ ဖြင့်လည်း။ ကမ္မံ၊ ကို။ကရောတိ၊ ၏။ ရညော၊ ၏။ နာဂဿ၊ သည်။ ဇီဝိတံ၊ ကို။ ပရိစ္စတ္တံ ခေါ၊ စွန့်လွှတ်အပ်သည်သာတည်း။(သက်စွန့်ကြိုးပမ်းသည်ဟူလို) ။ဒါနိ၊ ယခု။ရညော၊၏။ နာဂဿ၊ အား။ ကိဉ္စိ၊ တစုံတခုသော။ အကရဏီယံ၊ မပြုသေးသော အမှုမည်သည်။ နတ္ထိတိ မရှိ" ဟူသော။ ဧဝံ၊ ဤသို့။ ဝါ၊ဤသို့သော အကြံသည်။ ဟောတိ၊၏။

ရာဟုလ၊ လာ။ ဧဝမေဝခေါ၊ဤအတူသာလျှင်။ ယဿကဿစိ၊ အကြင်တစုံတယောက်သော ရဟန်းအား။ သမ္ပဇာနမုသာဝါဒေ၊ ၌။ လဇ္ဇာ၊ ရှက်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ တဿ၊ ထိုရဟန်းအား။ ကိဉ္စိ၊ တစုံတခုသော။ အကရဏီယံ၊ မပြုမလုပ်အပ်သေးသော။ ပါပံ၊ မကောင်းမှုမည်သည်။ နာတိ၊ မရှိဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

ရာဟုလ၊ လာ။ တသ္မာတိဟ၊ထို့ကြောင့်။(တေ-ပိုဟန်ရှိသည်။ ၁၁၂-ပိုဒ်နှင့်စပ်၍ရှု)"(အဟံ၊ ငါသည်။) မုသာ၊ မုသားစကားကို။ ဟဿာပိ၊ ရယ်ရွှင်လိုသောကြောင့်လည်း။ နဘဏိဿာမီတိ၊ မပြောဆိုအံ့" ဟူ၍။ဧဝံ၊ဤသို့။ရာဟုလ၊လာ။တေ၊သင်သည်။သိက္ခိတဗ္ဗံဟိ၊ကျင့်အပ်သည်သာတည်း။

၁၀၉။ ရာဟုလ၊ လာ။ တံ၊ထိုသို့ ငါဆိုအပ်လတ္တံ့ သည်ကို။(တွံ၊သင်သည်။)ကိံ မညသိ၊အသို့ ယူဆမှတ်ထင်သနည်း။ အာဒါသော၊ ကြေးမုံသည်။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိသနည်း။ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ပစ္စဝေက္ခဏတ္ထော၊ ကြည့်ရှုခြင်းအကျိုးရှိပါ၏။ ဣတိ၊ ဤသို့ ဖြေလျှောက်၏။ ရာဟုလ၊ လာ။ ဧဝမေဝခေါ၊ သာလျှင်။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ဉာဏ်ဖြင့် ကြည့်ရှု၍ ကြည့်ရှု၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ ကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ပစ္စဝေက္ခိတွာ

ပစ္စဝေက္ခိတွာ၊ ရှု၍။ ဝါစာယ၊ နှုတ်ဖြင့်။ ကမ္မံ၊ ကို။ ကတ္တဗ္ဗံ၊ အပ်၏။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ရှု၍။ မနသာ၊ စိတ်ဖြင့်။ ကမ္မံ၊ ကို။ ကတ္တဗ္ဗံ၊ အပ်၏။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ကာယေန၊ ဖြင့်။ ယဒေဝကမ္မံ၊ အကြင်အမှုကို။ ကတ္တုကာမော၊ ပြုလိုသည်။ အဟောသိ၊ ဖြစ်ပြီ။ တေ၊ သင်သည်။ တဒေဝ ကာယကမ္မံ၊ ထိုမိမိပြုလိုသော ကာယကံကိုသာလျှင်။ "အဟံ၊ ငါသည်။ ကာယေန၊ ဖြင့်။ ယံ ဣဒံ ကမ္မံ၊ အကြင်အမှုကို။ ကတ္တုကာမော၊ ပြုလို၏။ မေ၊ ငါ၏။ ဣဒံ ကာယကမ္မံ၊ သည်။ အတ္တဗျာဗာဓာယပိ၊ မိမိကိုယ်ကို ဆင်းရဲစေခြင်းငှါလည်း။ သံဝတ္တေယျနုခေါ၊ ဖြစ်ရာသလော။ ပရဗျာဗာဓာယပိ၊ တပါးသူကို ဆင်းရဲစေခြင်းငှါလည်း။ သံဝတ္တေယျနုခေါ၊ လော။ ဥဘယဗျာဗာဓာယပိ၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲစေခြင်းငှါလည်း။ သံဝတ္တေယျနုခေါ၊ လော။ ဣဒံ ကာယကမ္မံ၊ သည်။ အကုသလံနုခေါ၊ အကုသိုလ်လေလော။ ဒုက္ခုဒြယံနုခေါ၊ ဆင်းရဲကို ဖြစ်ပေါ်စေနိုင်သလော။ ဒုက္ခဝိပါကံနုခေါတိ၊ ဆင်းရဲသောအကျိုးရှိသလော" ဟု ။ ပစ္စဝေက္ခိတဗ္ဗံ၊ အဖန်ဖန်အထပ်ထပ် ကြည့်ရှုဆင်ခြင်အပ်၏။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ပစ္စဝေက္ခမာနော၊ ကြည့်ရှုဆင်ခြင်သည်ရှိသော်။ "အဟံ၊ ငါသည်။ ပ။ ခေါ၊ စင်စစ်။ ဒုက္ခဝိပါကန္တိ၊ ရှိ၏" ဟူ၍။ ဧဝံ၊ ဤသို့။ သစေ ဇာနေယျာသိ၊ အကယ်၍ သိမြင်သည်ဖြစ်အံ့။ ဧဝံသတိ၊ သော်။ ရာဟုလ၊ လာ။ တေ၊ သင်သည်။ ကာယေန၊ ဖြင့်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ကမ္မံ၊ ကို။ သသက္ကံ၊ (ကေသေနေဝ-ဋ္ဌ)စင်စစ်အားဖြင့်။ နကရဏီယံ၊ မပြုအပ်။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ပစ္စဝေက္ခမာနော၊ သော်။ "အဟံ၊ ငါသည်။ ကာယေန၊ ဖြင့်။ ယံဣဒံကမ္မံ၊ အကြင်အမှုကို။ ကတ္တုကာမော၊ ပြုလို၏။ မေ၊ ငါ၏။ ဣဒံ ကာယကမ္မံ၊ သည်။ ခေါ၊ စင်စစ်။ အတ္တဗျာဗာဓာယပိ၊ ငှါလည်း။ နေဝသံဝတ္တေယျ၊ ဖြစ်လည်းမဖြစ်ရာ။ ပရဗျာဗာဓာယပိ၊ ငှါလည်း။ နသံဝတ္တေယျ၊ ရာ။ ဥဘယဗျာဗာဓာယပိ၊ ငှါလည်း။ နသံဝတ္တေယျ၊ ရာ။ ဣဒံ ကာယကမ္မံ၊ သည်။ ကုသလံ၊ တည်း။ သုခုဒြယံ၊ ၏။ ခေါ၊ စင်စစ်။ သုခဝိပါကန္တိ၊ ရှိ၏" ဟူ၍။ ဧဝံ၊ ဤသို့။ သစေ ပန ဇာနေယျာသိ၊ အကယ်၍ကား သိမြင်သည်ဖြစ်အံ့။ ဧဝံသတိ၊ သော်။ ရာဟုလ၊ လာ။ တေ၊ သင်သည်။ ကာယေန၊ ဖြင့်။ ဧဝရူပံ၊ သော။ ကမ္မံ၊ ကို။ ကရဏီယံ၊ ပြုအပ်၏။

ရာဟုလ၊ လာ။ တေ၊ သင်သည်။ ကာယေန၊ ဖြင့်။ ကမ္မံ၊ ကို။ ကရောန္တေနပိ၊ ပြုဆဲလည်း။ တေ၊ သင်၏။ တဒေဝကာယကမ္မံ၊ ကိုသာလျှင်။ "အဟံ၊ ငါသည်။ ယံဣဒံကမ္မံ၊ အကြင်အမှုကို။ ကရောမိ၊ ပြု၏။ ဝါ၊ ပြုဆဲ။ မေ၊ ငါ၏။ ဣဒံ ကာယကမ္မံ၊ သည်။ အတ္တဗျာဗာဓာယပိ၊ ငှါလည်း။ သံဝတ္တတိနုခေါ၊ ဖြစ်သလေလော။ ပ။ ဒုက္ခဝိပါကံနုခေါတိ၊ လော" ဟူ၍။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ပ။ ခေါ၊ စင်စစ်။ ဒုက္ခဝိပါကန္တိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ သစေ ပန ဇာနေယျာသိ၊ အကယ်၍ သိမြင်ပါမူကား။ ဧဝံသတိ၊ သော်။ ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ဧဝရူပံ၊ သော။ ကာယကမ္မံ၊ ကို။ ပဋိသံဟရေယျာသိ၊ ဆုတ်နစ်စေရာ၏။ ဝါ၊ မပြုလုပ်ရာ။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ပ။ ခေါ၊ စင်စစ်။ သုခဝိပါကန္တိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ သစေဇာနေယျာသိ၊ မူကား။ ဧဝံသတိ၊ သော်။ ရာဟုလ၊ လာ။ တွံ၊ သင်သည်။ ဧဝရူပံ ကာယကမ္မံ၊ ကို။ အနုပဒဇ္ဇေယျာသိ၊ အဆင့်ဆင့်အားပေးရာ၏။ ဝါ၊ အထပ်ထပ် ပြုလုပ်ရာ၏။

ရာဟုလ၊ လာ။ တေ၊ သင်သည်။ ကာယေန၊ ဖြင့်။ ကမ္မံ၊ ကို။ ကတွာပိ၊ ပြုပြီး၍လည်း။ တေ၊ သင်၏။ တဒေဝ ကာယကမ္မံ၊ ကိုသာလျှင်။ "အဟံ၊ ငါသည်။ ကာယေန၊ ဖြင့်။ ယံ ဣဒံ ကမ္မံ၊ ကို။

အကာသိံ၊ ပြုလုပ်ခဲ့ပြီ။ မေ၊ ငါ၏။ဣဒံ ကာယကမ္မံ၊ သည်။အတ္တဗျာဗာဓာယပိ၊ ငါ့လည်း။ သံဝတ္တတိ နုခေါ၊ ဖြစ်လေသလော။ပ။ ဒုက္ခဝိပါကံ နုခေါတိ၊ လော” ဟူ၍။ ပစ္စဝေက္ခိတဗ္ဗံ၊ အပ်၏။

ရာဟုလ၊လာ။ “တွံ၊ သင်သည်။ပ။ ဒုက္ခဝိပါကန္တိ၊ရှိ၏” ဟူ၍။ ဇာနေယျာသိ၊ ဤသို့။ သစေ ခေါ ဇာနေယျာသိ၊ အံ့။ ဇာနေယျာသိ၊ သော်။ရာဟုလ၊ လာ။ တေ၊ သင်သည်။ ဝါ၊ သင်၏။ ဧဝရူပံ၊ သော။ ကာယကမ္မံ၊ ကို။ သတ္ထရိဝါ၊ ဆရာ၌ငြင်း။ ဝိညူသု၊ ပညာရှိကုန်သော။ သဗြဟ္မစာရီသုဝါ၊ သီတင်းသုံးဖော်တို့၌ငြင်း။ဒေသေတဗ္ဗံ၊ပြောကြားအပ်၏။ဝိဝရိတဗ္ဗံ၊ဖွင့်လှစ်အပ်၏။ ဥတ္တာနီကာတဗ္ဗံ၊ ထင်ရှားပြုအပ်၏။ ဒေသေတွာ၊ ပြီးသော်။ ဝိဝရိတွာ၊ ပြီးသော်။ ဥတ္တာနီကတွာ၊ ပြီးသော်။ အာယတိံ၊ နောင်အခါ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့။ အာပဇ္ဇိတဗ္ဗံ၊ ရောက်အပ်၏။

ရာဟုလ၊ လာ။ တွံ၊ သင်သည်။ပ။သုခဝိပါကန္တိ၊ ဟူ၍။ ဇာနေယျာသိ၊ ဤသို့။သစေ ပန ဇာနေယျာသိ၊ မူကား။ ဇာနေယျာသိ၊ သော်။ ရာဟုလ၊လာ။ တွံ၊ သင်သည်။တေနေဝ ပီတိပါမောဇ္ဇေန၊ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်ပင်လျှင်။ကုသလေသု ဓမ္မေသု၊တို့၌။အဟောရတ္တာနုသိက္ခီ၊ နေ့ညဉ့်ပတ်လုံး ကျင့်သုံးလျက်။ဝိဟရေယျာသိ၊ နေရာ၏။ ဝါ၊ နေလော့။

[၁၁၀-အပိုဒ်ကား ဝစီကံကို ပြခြင်းမျှသာ ထူးတော့သည်။ ၁၁၁-အပိုဒ်၌လည်း မနောကံကို ပြခြင်းဖြစ်ရာ ထူးသည်ကိုသာ ယောဇနာအံ့]။

ရာဟုလ၊ လာ။ တေ၊ သင်သည်။ ဧဝရူပံ၊ သော။ မနောကမ္မံ၊ ဖြင့်။ အဋ္ဋီယိတဗ္ဗံ၊ မိမိကိုယ်ကို နှိပ်စက်အပ်သကဲ့သို့ ပြုအပ်၏[၁]။ ဟရာယိတဗ္ဗံ၊ ရှက်နိုးအပ်၏။ ဇိဂုစ္ဆိတဗ္ဗံ၊ စက်ဆုပ်အပ်၏။ အဋ္ဋီယိတွာ၊ ပြီးသော်။ ဟရာယိတွာ၊ ပြီးသော်။ ဇိဂုစ္ဆိတွာ၊ ပြီးသော်။ အာယတိံ၊ ၌။ သံဝရံ၊ သို့။ အာပဇ္ဇိတဗ္ဗံ၊ အပ်၏။

၁၁၂။ ရာဟုလ၊ လာ။ ဟိ၊ မှန်၏။ အတီတမဒ္ဓါနံ၊ အတိတ်ကာလ၌။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ သမဏာဝါ၊ မကောင်းမှုကို ငြိမ်းအေးကုန်ပြီးသူ (ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝက)တို့သည်ငြင်း။ဗြာဟ္မဏာဝါ၊မကောင်းမှုကို အပပြုကုန်ပြီးသူ(ဘုရားပစ္စေကဗုဒ္ဓါအရိယာသာဝက)တို့သည်ငြင်း။ ကာယကမ္မံ၊ ကို။ ပရိသောဓေသုံ၊ သုတ်သင်ခဲ့ကြလေကုန်ပြီ။ပ။ သဗ္ဗေ၊ ကုန်သော။ တေ၊ တို့သည်။ ဧဝမေဝ၊ ဤသို့။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ၍။ ကာယကမ္မံ၊ ကို။ ပရိသောဓေသုံ၊ ကုန်ပြီ။ပ။ မနောကမ္မံ၊ ကို။ ပရိသောဓေသုံ၊ ကုန်ပြီ။

ရာဟုလ၊လာ။ဟိ၊မှန်လှ၏။အနာဂတမဒ္ဓါနံ၊၌။ယေပိ ကေစိ၊ ကုန်သော။ပ။ ပရိသောဓေဿန္တိ၊ သုတ်သင်ကြကုန်လတ္တံ့။

---

၁။ ဘိက္ခုဘာဝံ အဋ္ဋီယမာနော-၌ ဘိက္ခုဘာဝံ-သည် အဋ္ဋီယမာနော-၏ ကံမဟုတ်ခြင်း “အဋ္ဋီယမာနောတိဝေ့ အဋ္ဋိယံ အတ္တာနမာဓရေတိ အဋ္ဋီယတိတိ အဋ္ဋီယတဒ္ဓာ အနေ္တာဂဓေဥပမာနဘူတကမ္မတ္တာ ဥပမေယျဘူတေန အတ္တနာဝ သကမ္မကတ္တာ၊ နဘိက္ခုဘာဝေနာတိ အာဟ ဘိက္ခုဘာဝန္တိ ဘိက္ခုဘာဝေန”ဟု သာရတ္ထစာ-ပိုဒ် ၄၅-၌ ဖွင့်ဆိုသည်ကို ထောက်၍သိအပ်၏။

ထိုအတူ ဤ၌လည်း ဧဝရူပံ မနောကမ္မံ-သည် အဋ္ဋီယိတဗ္ဗံ-၏ ကံမဟုတ်၊ ဥပမာနဖြစ်သော ကံအတွင်းဝင်သောကြောင့် ဥပမေယျဖြစ်သော အတ္တသာ ကံဖြစ်သင့်၏။ ထို့ကြောင့် ဘိက္ခုဘာဝံ-ကိုကရိုဏ်းသမွန်သကဲ့သို့ ဧဝရူပံ မနောကမ္မံ-ကို ကရိုဏ်းအနက်ဖြင့် အနက်ယောဇနာလိုက်သည်။

ရာဟုလ၊ လာ။ ဟိ၊ မှန်လှ၏။ တေရဟိ၊ ယခုအခါ၌။ ယေပိကေစိ၊ ကုန်သော။ပ။ပရိသော-ဓေန္တိ၊ သုတ်သင်ကြကုန်၏။

ရာဟုလ၊ လာ။ တသ္မာတိဟ၊ ထို့ကြောင့်။ "(အဟံ၊ငါသည်။)ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ရှု၍။ ကာယကမ္မံ၊ ကို။ပ။ မနောကမ္မံ၊ ကို။ ပရိသောဓေဿာမိတိ၊ အံ့"ဟူ၍။ ဧဝံဟိ၊ ဤသို့လျှင်။ ရာဟုလ၊ လာ။ တေ၊ သင်သည်။သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤဩဝါဒကို။ အဝေါစ၊ ပြီ။ အာယသ္မာ ရာဟုလော၊ သည်။အတ္တမနော၊ မိမိ၏ (နှစ်သက်ရွှင်လန်းဝမ်းမြောက်သော) စိတ်ရှိသည်ဖြစ်၍။ ဘဂဝတော၊ ၏။ ဘာသိတံ၊ ဟောတော်မူအပ်သည်ကို။ အဘိနန္ဒိ၊ နှစ်သက်ပြီ။ ဣတိ၊ ဤသို့။ မေ၊ သည်။ သုတံ၊ ပြီ။

ပဌမံသော။အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တံ၊သည်။နိဋ္ဌိတံ၊ပြီ။

---

## ၂-မဟာရာဟုလောဝါဒသုတ်

၁၁၃။ (ဧဝံ မေ သုတံ-မှ သာဝတ္ထိယံ ပိဏ္ဍာယ ပါဝိသိ-တိုင်အောင် ပေးမြဲ)။အာယသ္မာပိ ခေါ၊ ရာဟုလော၊ အရှင်ရာဟုလာသည်လည်း။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ ၍။ ပတ္တစီဝရံ ကို။ အာဒါယ၊ ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသို့။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓိ၊ အစဉ်တစိုက်လိုက်ပါပြီ။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။အာယသ္မန္တံ ရာဟုလံ၊ ကို။ အပလောကေတွာ၊ ပြန်လှည့်ကြည့်ရှု၍။ "ရာဟုလ၊ လာ။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ အဇ္ဈတ္တံဝါ၊ အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်သော။ ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော။ ဩဠာရိကံဝါ၊ ရုန့်ရင်းသည်လည်းဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့သည်လည်းဖြစ်သော။ ဟီနံဝါ၊ ယုတ်သည်လည်းဖြစ်သော။ပဏီတံဝါ၊ မြတ် သည်လည်းဖြစ်သော။ ယံဒူရေဝါ၊ဝေးသည်လည်း ဖြစ်သော။ ယံသန္တိကေဝါ၊ နီးသည်လည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ရူပံ၊ ရုပ်သည်။ (အတ္ထိ၊ရှိ၏။)သဗ္ဗံ၊သော။တံရူပံ၊ထိုရုပ်ကို။(ဒဋ္ဌဗ္ဗံ-စပ်)။'တံရူပံ၊ ဤရုပ်သည်။မမ၊ငါ၏ဥစ္စာသည်။ န၊မဟုတ်။ဧသော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ န၊အသို့၊ မဖြစ်။ ဧသော၊ သည်။ မေ၊ ငါ၏။ န၊အတ္တာတိ၊ အတ္တမဟုတ်' ဟူ၍။ ဧဝံ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ဒဋ္ဌဗ္ဗန္တိ၊ ရှုအပ်၏"ဟူ၍။ အာမန္တေသိ၊ ပြီ။

ဘဂဝါ၊ မြတ်စွာဘုရား။ ရူပမေဝ နု ခေါ၊ ရုပ်ကိုသာလော။ သုဂတ၊ မြတ်စွာဘုရား။ ရူပမေဝ၊ နုခေါ၊ လော။ ဣတိ၊ ဤသို့လျှောက်၏။ရာဟုလ၊ လာ။ ရူပမ္ပိ၊ ကိုလည်း (ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။)ရာဟုလ၊ လာ။ ဝေဒနာပိ၊ ကိုလည်း။ (ဒဋ္ဌဗ္ဗာ၊ ၏။)ရာဟုလ၊ လာ။ သညာပိ၊ ကိုလည်း။(ဒဋ္ဌဗ္ဗာ၊ ၏။) ရာဟုလ၊ လာ။ သင်္ခါရာပိ၊ တို့ကိုလည်း။ (ဒဋ္ဌဗ္ဗာ၊ ကုန်၏။) ရာဟုလ၊ လာ။ ဝိညာဏမ္ပိ၊ ကိုလည်း။ (ဒဋ္ဌဗ္ဗံ၊၏။)ဣတိ၊ဤသို့မိန့်တော်မူ၏။အထခေါ၊၌။အာယသ္မာရာဟုလော၊သည်။"အဇ္ဇ၊ယနေ့။ဘဂဝ-တာ၊ သည်။ သမ္မုခါ၊ မျက်မှောက်၌။ ဩဝါဒေန၊ ဆုံးမခြင်းဖြင့်။ ဩဝဒိတော။ ဆုံးမအပ်သော။ ကော၊ အဘယ်မည်သော ပညာရှိသည်။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသိဿတိ နု၊ ဝင်လတ္တံ့နည်း"။ ဣတိ၊ ဤသို့ ကြံ၍။ တတော၊ ထိုဩဝါဒပေးရာ အရပ်မှ။ ပဋိနိဝတ္တေတွာ၊ ပြန်လှည့်၍။အညတရသ္မိံ ရုက္ခမူလေ၊(ကျောင်းအနီးရှိ)တခုသောသစ်ပင်ရင်း၌။ ဝါ၊ အနီး၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ကာယံ၊ ကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒိ၊ နေပြီ။

အာယသ္မာ သာရိပုတ္တော၊ သည်။ အာယသ္မန္တံ ရာဟုလံ၊ ကို။ အညတရသ္မိံ ရုက္ခမူလေ၊ ၌။ပ။ နိသိန္နံ၊ နေသည်ကို။ အဒ္ဒသာခေါ၊ မြင်ပြီ။ ဒိသွာန၊ မြင်သော်။ အာယသ္မန္တံ ရာဟုလံ၊ ကို။ "ရာဟုလ၊လာ။ အာနာပါနဿတိံ ဘာဝနံ၊အာနာပါနဿတိဘာဝနာကို။ဘာဝေဟိ၊ပွါးများလော့။ ရာဟုလ၊ လာ။ အာနာပါနဿတိဘာဝနာ၊ သည်။ ဝါ၊ ကို။ ဘာဝိတာ၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလာ၊ အကျိုးများသည်။ မဟာ-နိသံသာ၊ အာနိသင်များသည်။ ဟောတိ၊ ဖြစ်၏"ဟူ၍။ အာမန္တေသိ၊ ပြီ။

၁၁၄။ အထခေါ၊ ၌။ပ။ ကေမန္တံ၊ ၌။ နိသိန္နောခေါ၊ နေပြီးသော။ အာယသ္မာရာဟုလော၊ သည်။ ဘဂဝန္တံ၊ ကို။"ဘန္တေ၊ မြတ်စွာဘုရား။ အာနာပါနဿတိ၊ ကို။ ကထံ၊ အဘယ်သို့လျှင်။ ဘာဝိတာ၊သော်။ ကထံ၊လျှင်။ ဗဟုလီကတာ၊ သော်။ မဟပ္ဖလာ၊ သည်။ မဟာနိသံသာ၊ သည်။ ဟောတိနုခေါ၊တိ၊ ဖြစ်ပါသနည်း"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

ရာဟုလ၊ လာ။ ယံကိဉ္စိ၊ သည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုယ်ကို စွဲ၍ ဖြစ်၏။ ကက္ခဠံ၊ ကြမ်းထမ်း၏။ ခရိဂတံ၊ ရှန်ရင်း၏။ ဥပါဒိန္နံ၊ တဏှာဒိဋ္ဌိတို့သည် ကပ်၍ယူအပ်၏။ ဣဒံ၊ ဤရုပ်သည်။ သေယျထာ၊ အဘယ်နည်း။ ကေသာ၊ ဆံပင်တို့ရင်း။ လောမာ၊ မွေးညှင်း တို့ရင်း။ နခါ၊ ခြေသည်း လက်သည်းတို့ရင်း။ ဒန္တာ၊ သွားတို့ရင်း။ တစော၊ အရေထူ အရေပါးရင်း။ မံသံ၊ အသားရင်း။ နှာရု၊ အကြောရင်း။ အဋ္ဌိ၊ အရိုးရင်း။အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ ရင်း။ ဝက္ကံ၊ အညှို့ရင်း။ ဟဒယံ၊ နှလုံးရင်း။ ယကနံ၊ အသည်းရင်း။ ကိလောမကံ၊ အမြှေးရင်း။ ပိဟကံ၊ အဖျဉ်းရင်း။ ပပ္ဖါသံ၊ အဆုတ်ရင်း။ အန္တံ၊ အူမရင်း။ အန္တဂုဏံ၊ အူသိမ်ရင်း။ဥဒရိယံ၊အစာ သစ်ရင်း။ ကရီသံ၊ အစာဟောင်းရင်းတည်း။ အညမ္ပိ၊ ဤမှတပါးလည်း ဖြစ်သော။ ကိဉ္စိ၊ တစုံတခု သော။ယံဝါပန၊ အကြင်ရုပ်သည်လည်း။ အဇ္ဈတ္တံ၊၏။ပ။ ဥပါဒိန္နံ၊ ၏။ ရာဟုလ၊လာ။ အယံ၊ ဤရုပ် အပေါင်းကို။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ခေါပန၊စင်စစ်။ အဇ္ဈတ္တိကာ၊ သော။ယာစေဝ ပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်ရင်း။ ဗာဟိရာ၊သော။ ယာစပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်ရင်း။ (အတ္ထိ၊ရှိ၏။) သော၊ ဤဓာတ် နှစ်ပါးသည်။ ပထဝီဓာတုရေဝ၊ သည်သာတည်း။ တံ-တော၊ ထိုနှစ်ပါးသော ပထဝီဓာတ်ကို။ "တော၊ ဤပထဝီဓာတ်သည်။ နမမ၊ ငါ၏ ဥစ္စာမဟုတ်။ သော၊ သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဖြစ်။ သော၊ သည်။ မေ၊ ငါ၏။ နအတ္တာတိ၊ အတ္တမဟုတ်"ဟူ၍။ ဝေ၊ ဤသို့။ ယထာဘူတံ၊ စွာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝေ၊ သို့။ တော၊ ကို။ ယထာဘူတံ၊ စွာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဒိသွာ၊-ပြီးသော်။ ပထဝီဓာတုယာ၊ ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓာတုယာ၊ ၌။ စိတ္တံ၊ စိတ်ကို။ ဝိရာဇေတိ၊ တပ်ခြင်းကင်းစေ၏။

၁၁၅။ ရာဟုလ၊ လာ။ အာပေါဓာတုစ၊ သည်လည်း။ ကတမာ၊ အဘယ်နည်း။ သိယာ၊ အချို့သော။ အဇ္ဈတ္တိကာ၊ သော။ အာပေါဓာတု၊ ရင်း။ သိယာ၊ အချို့သော။ ဗာဟိရာ၊ သော။ အာပေါဓာတု၊ အာပေါဓာတ်ရင်းတည်း။ ရာဟုလ၊ လာ။ အဇ္ဈတ္တိကာ၊ သော။ အာပေါဓာတုစ၊ သည်လည်း။ ကတမာ၊ နည်း။ ယံ၊ အကြင်ရုပ်သည်။ အဇ္ဈတ္တံ၊ ၏။ ပစ္စတ္တံ၊ ၏။ အာပေါ၊ ယိုစီး တတ်၏။ အာပေါဂတံ၊ ယိုစည်းခြင်းသို့ရောက်၏။ ဥပါဒိန္နံ၊ ၏။ ဣဒံ၊ သည်။ သေယျထာ၊ နည်း။ ပိတ္တံ၊ သည်းခြေရင်း။ သေမှံ၊ သလိပ်ရင်း။ ပုဗ္ဗော၊ ပြည်ရင်း။ လောဟိတံ၊ သွေးရင်း။ သေဒေါ၊ ချွေးရင်း။မေဒေါ၊အဆီခဲရင်း။ အဿု၊ မျက်ရည်ရင်း။ ဝသာ၊ ဆီကြည်ရင်း။ ခေဠော၊ တံတွေးရင်း။

သိင်္ဃာဏိကာ၊ နှပ်ရင်း။ လသိကာ၊ အစေးရင်း။ မုတ္တံ၊ ကျင်ငယ်ရင်းတည်း[1]။ အညမ္ပိ၊ သော။ပ။ ဝိရာဇေတိ၊ စေ၏။

၁၁၆။ ရာဟုလ၊ လာ။ တေဇောဓာတုစ၊ သည်လည်း။ ကတမာ၊ နည်း။ပ။ ယံ၊ အကြင်ရှပ်သည်။အဇ္ဈတ္တံ၊ ၏။ ပစ္စတ္တံ၊ ၏။ တေဇော၊ ပူလောင်ခြင်းသဘောရှိ၏။တေဇောဂတံ၊ပူလောင်ခြင်းသို့ ရောက်၏။ ဥပါဒိန္နံ၊ ၏။ ဠုဒံ၊ သည်။ သေယျထာ၊ နည်း။ယေန စ၊အကြင်တေဇောဓာတ်ဖြင့်လည်း။-သန္တပ္ပတိ၊ ပူလောင်၏။ယေနစ၊ ဖြင့်လည်း။ဇီရိယတိ၊ ဆွေးမြေ့၏[2]။ယေနစ၊ ဖြင့်လည်း။ပရိဍယှတိ၊ လောင်မြိုက်၏။ ယေနစ၊ ဖြင့်လည်း။ အသိတပီတခါယိတသာယိတံ၊ စားဘွယ် သောက်ဘွယ် ခဲဘွယ်လျက်ဘွယ်သည်။ သမ္မာ၊ ကောင်းစွာ။ ပရိဏာမံ၊ ကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (အကြွင်းတူပြီ)။

၁၁၇။ ရာဟုလ၊ လာ။ ဝါယောဓာတုစ၊ သည်လည်း။ ကတမာ၊ နည်း။ပ။ ယံ၊ အကြင်သည်။ အဇ္ဈတ္တံ၊ ၏။ ပစ္စတ္တံ၊ ၏။ ဝါယော၊ ထောက်ကန်လှုပ်ရှားတတ်၏။ ဝါယောဂတံ၊ ထောက်ကန်လှုပ်ရှားခြင်းသို့ရောက်၏။ ဥပါဒိန္နံ၊ ၏။ ဠုဒံ၊ သည်။ သေယျထာ၊ နည်း။ ဥဒ္ဓင်္ဂမာ၊ အထက်သို့ဆန်ကန်သော။ ဝါတာ၊ လေတို့ရင်း။ အဓောဂမာ၊ အောက်သို့စုန်ကန်သော။ ဝါတာ၊ လေတို့ရင်း။ ကုစ္ဆိသယာ၊ ဝမ်း၌တည်ကန်သော။ ဝါတာ၊ လေတို့ရင်း။ ကောဋ္ဌာသယာ၊အအူ၌ တည်ကန်သော။ ဝါတာ၊ တို့ရင်း။ အင်္ဂမင်္ဂါနုသာရိနော၊ အင်္ဂါကြီးငယ်သို့ လျှောက်ကန်သော။ ဝါတာ၊ တို့ရင်း။ အဿာသော၊ ဝင်သက်ရင်း။ ပဿာသော၊ ထွက်သက်ရင်း။ ဠုတိ၊ ဤသည်တို့တည်း။ (ကြွင်းတူ)။

၁၁၈။ ရာဟုလ၊ လာ။ အာကာသဓာတုစ၊ သည်လည်း။ ကတမာ၊ နည်း။ပ။ ယံ၊ အကြင်ရှပ်သည်။ အဇ္ဈတ္တံ၊ ၏။ ပစ္စတ္တံ၊ ၏။ အာကာသံ၊ ရေးခြစ်၍ မရသော သဘောရှိ၏။ အာကာသဂတံ၊ ရေးခြစ်၍ မရသော သဘောသို့ရောက်၏။ (တနည်း-ဂတအနက်မဲ့လည်းကြံ၊ အာကာသောဝ အာကာသဂတံ၊ ဋ္ဌေဂတာဒိဝိယ။ အဋ္ဌသာလိနီ)။ ဥပါဒိန္နံ၊ ၏။ ဠုဒံ၊ သည်။ သေယျထာ၊ နည်း။

---

၁ ။ မုတ္တလုင်္ဂ-ပုဒ်သည် မုတ္တံ မုတ္တလုင်္ဂံ-ဟု ပဋိသမ္ဘိဒါနှင့် မိလိန္ဒပါဠိတို့၌သာ ပါရှိသည်။ ပဋိသံဗွေ၌လည်း ဤအစဉ်အတိုင်းပင် ဖွင့်ပြသည်။ ဝိသုဒ္ဓိမဂ်နှင့် ခုဒ္ဒကပါဌတို့၌ကား ကရီသံ မတ္ထလုင်္ဂ-ဟု အစဉ်ထား၍ ဖွင့်ကြသည်။ ဤသို့ ဖွင့်ရကြောင်းနှင့် အခြားမည်သည့်နိကာယ် မည်သည့်သုတ်တွင်မျှ မတ္ထလုင်္ဂ-ပုဒ်မပါရှိခြင်း၏ အကြောင်းကို အောက်ဖော်ပြပါ သာဓကတို့ဖြင့် သိလေ။

ဣမံ တန္တိံ အနာရုဠ္ဟမ္ပိ ပဋိသမ္ဘိဒါမဂ္ဂေ အာဂတံ မတ္ထလုင်္ဂံ ကရီသာဝသာနေ တန္တိံ အာရောပေတွာ။ (ဝိဘင်္ဂဋ္ဌ၊ ၂၃၄)။ အထ အဋ္ဌ ဝုတ္တမ္ပိ မတ္ထလုင်္ဂံ ပထဝီဓာတုအာကာရေဟိ သဒ္ဓိံ ကေတော ဘာဝနတ္ထံ ဣဓ ပက္ခိပိတွာ မတ္ထလုင်္ဂပဉ္စကံ အဒ္ဓမာသံ။ပ။ဘာဝေတဗ္ဗံ။ (ခုဒ္ဒကပါဌ ၃၁)။

မတ္ထလုင်္ဂံ ပန န ဣဓ ပါဠိအာရုဠ္ဟံ။ (မဋ္ဌ၂။ ၁၂၆)။မတ္ထလုင်္ဂံ အဋ္ဌိမိဉ္ဇဂ္ဂဟဏေန ဂဟိတန္တိ ဣဓ ဝိသုံ န ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (မူလဋီ၂။ ၄၂)။

ယင်း ၃၂-ကောဋ္ဌာသကို မည်သည့်သုတ်၌ မည်သို့သော ရည်ရွယ်ချက်ဖြင့် ဟောတော်မူကြောင်းကိုလည်း ဝိဘင်္ဂဋ္ဌ။ ၂၃၆-၌ ရှုလေ။

၂။ ယေန စ ဇီရိယတိတိ ယေန အယံကာယော ဇီရတိ-ဟူသော ဝိသုဒ္ဓိ ၁-စာပိုဒ် ၃၀၇၊ မဋ္ဌ၊ ၂-စာပိုဒ် ၃၀၄-တို့ဖွင့်ဆိုအပ်သည်နှင့်အညီ ဇီရိယတိ-ဟူသော ကမ္မရုပ်ကို ဘာဝတ္ထပေါ်လွင်စေရန် ဆွေးမြေ့၏ဟု ကတ္တား-နက်ပြန်ဆိုသည်။ ကံယောဝါကျဖြစ်သည်အားလျော်စွာ ယောဇနာသော် ယေန၊ အကြင်ဓာတ်သဘောသည်။ (အယံကာယော-ကို)။ ဇီရိယတိ၊ ဆွေးမြေ့စေအပ်၏ဟုသမ္ဗန်။ ယေနစ ပရိဍယှတိ-ဟူသော ကံယောဝါကျကိုလည်း နည်းတူသိလေ။

ကဏ္ဏစ္ဆိဒ္ဒံ၊ နားပေါက်ရှင်း။ နာသစ္ဆိဒ္ဒံ၊ နှာခေါင်းပေါက်ရှင်း။ မုခဒ္ဒါရံ၊ ခံတွင်းပေါက်ရှင်းတည်း။ ယေနစ၊ အကြင် အပေါက်ဖြင့်လည်း။ အသိတပီတခါယိတသာယိတံ၊ ကို။ အဇ္ဈောဟရတိ၊ မျိုၤ၏။ ယတ္ထ စ၊ အကြင်အရပ်၌လည်း။ အသိတပီတခါယိတသာယိတံ၊ သည်။ သန္တိဋ္ဌတိ၊ တည်၏။ ယေနစ၊ ဖြင့်လည်း။ အသိတပီတခါယိတသာယိတံ၊ သည်။ အဓောဘာဂံ၊ အောက်အဖို့သို့။ နိက္ခမတိ၊ ထွက်၏။ အညမ္ပိ၊ သော။ပ။ အဃံ၊ ထိပါး၍ မရသော သဘောလက္ခဏာရှိ၏[၁]။ အဃဂတံ၊ မထိပါးအပ်သောသဘော သို့ရောက်၏။ဝိဝရံ၊ဟင်းလင်းသဘောလက္ခဏာရှိ၏။ ဝိဝရဂတံ၊ ဟင်းလင်းသဘောသို့ ရောက်၏။ မံသလောဟိတေဟိ၊ အသားအသွေးတို့ဖြင့်။ အသမ္ဖုဋ္ဌံ၊ မတွေ့ထိအပ်။ ဥပါဒိန္နံ၊ ၏။ (အကြွင်းတူပြီ)။

၁၁၉။ ရာဟုလ၊ လာ။ ဘာဝနံ၊ ကို။ ပထဝီသမံ၊ မြေနှင့်တူစွာ။ဘာဝေဟိ၊ ပွါးများလော့။ ရာဟုလ၊ လာ။ ဟိ၊ မှန်၏။ ဘာဝနံ၊ ကို။ ပထဝီသမံ၊ စွာ။ ဘာဝယတော၊ ပွါးများသော။ တေ၊ သင်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်သော။ မနာပါ မနာပါ၊နှစ်သက်ဖွယ် မနှစ်သက်ဖွယ် ဖြစ်ကုန်သော။ ဖဿာ၊ အတွေ့တို့သည်။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ သိမ်းကျုံးယူ၍။ နဋ္ဌဿန္တိ၊ မရပ်တည် နိုင်ကုန်လတ္တံ့။

ရာဟုလ၊ လာ။ သေယျထာပိ၊ ဆိုအံ့။ ပထဝိယာ၊ ၌။ သုစိံပိ၊ စင်ကြယ်သော အရာဝတ္ထုကို လည်း။ နိက္ခိပန္တိ၊ ပစ်ချကြကုန်၏။ အသုစိံပိ၊ မစင်ကြယ်သော အရာဝတ္ထုကိုသည်း။ နိက္ခိပန္တိ၊ ကုန်၏။ ဂူထဂတံပိ၊ မစင်ကိုလည်း။ နိက္ခိပန္တိ၊ ကုန်၏။ မုတ္တဂတံပိ၊ ကျင်ငယ်ကိုသည်း။ နိက္ခိပန္တိ၊ ကုန်၏။ ခေဠဂတံပိ၊တံတွေးကိုလည်း။ နိက္ခိပန္တိ၊ ကုန်၏။ ပုဗ္ဗဂတံပိ၊ ပြည်ကိုလည်း။ နိက္ခိပန္တိ၊ ကုန်၏။လောဟိတဂတံပိ၊ သွေးကိုလည်း။နိက္ခိပန္တိ၊ပစ်ချကြကုန်၏။တေန၊ ထိုသို့ပစ်ချခြင်းကြောင့်။ ပထဝီ၊ မြေကြီးသည်။ နစအဋ္ဋီယတိဝါ၊ မိမိကိုယ်ကိုနှိပ်စက်သကဲ့သို့မှုလည်းမပြု။ န စ ပ.ရာယတိဝါ၊ ရှက်လည်းမရှက်။ နစဇိဂုစ္ဆတိဝါ၊ စက်ဆုပ်လည်း မစက်ဆုပ်။ ရာဟုလ၊ လာ။ ဝေမေဝခေါ၊ ဤ အတူသာလျှင်။ တွံ၊ သင်သည်။ ဘာဝနံ၊ ကို။ ပထဝီသမံ၊ မြေနှင့်တူစွာ၊ ဘာဝေဟိ၊ လော့။ ရာဟုလ၊ လာ။ပ။ နဋ္ဌဿန္တိ၊ မရပ်တည်နိုင်ကုန်လတ္တံ့။

ရာဟုလ၊ လာ။ ဘာဝနံ၊ ကို။ အာပေါသမံ၊ ရေနှင့်တူစွာ၊ ဘာဝေဟိ၊ လော့။ (ဤ အာပေါ မာတိ အရာ၌ အာပသ္မိံ၊ ရေ၌။ သုစိံပိ၊ စင်ကြယ်သော အရာဝတ္ထုကိုလည်း။ ဓောဝန္တိ၊ ဖွပ်လျှော်ဆေးကျောကြကုန်၏။ ဤမျှသာ ထူးသည်။ တေဇောခေတ်၌လည်း တေဇော၊ မီးသည်။ သုစိံပိ၊ ကိုလည်း၊ ဒဟတိ၊ လောင်ကျွမ်း၏။ ဤမျှသာထူး၏။ ဝါယောခေတ်၌လည်း ဝါယော၊ သည်။ သုစိံပိ၊ ကိုလည်း။ ဥပဝါယတိ၊ တိုက်လွှင့်၏။ ဤမျှသာထူး၏)။

ရာဟုလ၊လာ။ ဘာဝနံ၊ ကို။ အာကာသသမံ၊ တူစွာ။ဘာဝေဟိ၊ လော့။ပ။ ရာဟုလ၊လာ။ သေယျထာပိ၊ ဆိုအံ့။အာကာသော၊သည်။ ကတ္ထစိ၊ တစုံတခုသော အရပ်၌။ နပတိဋ္ဌိတော၊မတည်။ ရာဟုလ၊ လာ။ ဝေမေဝခေါ၊ သာလျှင်။ပ။ နဋ္ဌဿန္တိ၊ မရပ်တည်နိုင်ကြကုန်လတ္တံ့။

၁၂၀။ ရာဟုလ၊ လာ။ မေတ္တံဘာဝနံ၊ မေတ္တာဘာဝနာကို။ဘာဝေဟိ၊ လော့။ ရာဟုလ၊ လာ။ ဟိ၊ မှန်လှ၏။ မေတ္တံဘာဝနံ၊ ကို။ ဘာဝယတော၊ ပွါးများသော။ တေ၊ သင်၏။ ယောဗျာပါဒေါ၊

---

၁။ နဟညတိတိ အဃံ၊ အဃန္တီယန္တိ အတ္ထော။ အဋ္ဌသာလိနီ။

အကြောင်အမျက်ထွက်ခြင်းသည်။ (အတ္ထို ရှိ၏။) သော၊ ထိုအမျက်ထွက်ခြင်းသည်။ ပဏီယိဿတိ၊ ကင်းပျောက်လတ္တံ့။ (ကရုဏာဘာဝနာ၌ ယာ ဝိဟေသာ၊ အကြောင်ညှဉ်းဆဲခြင်းသည်။ မုဒိတာဘာဝနာ၌။ ယာ အရတိ၊ တောကျောင်း တောင်ကျောင်းနှင့် ကောင်းမှုတို့၌ အကြောင်မမွေ့လျော်ခြင်းသည်။ ဥပေက္ခာဘာဝနာ၌ ယော ပဋိဃော၊ အကြောင်နှိပ်စက်ညှဉ်းဆဲခြင်းသည်။ အသုဘဘာဝနာ၌ ယော ရာဂေါ၊ အကြောင်တပ်မက်ခြင်းသည်။ အနိစ္စသညာဘာဝနာ၌ ယော အသ္မိမာနော၊ အကြောင်ငါဟူသော မာန်သည်။ (၁၂၀)အပိုဒ်၌ ဤမျှသာ ထူးတော့သည်)။

၁၂၁။ ရာဟုလ၊ လာ။ အာနာပါနဿတိ ဘာဝနံ၊ ကို။ ဘာဝေဟိ၊ လော့။ ပ။ ရာဟုလ၊ လာ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အရညဂတော ဝါ၊ တောအရပ်သို့ ကပ်ရောက်၍သော်၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ကပ်ရောက်၍သော်၎င်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍သော်၎င်း။ ပ။ နိသီဒတိ၊ ပြီ။ သော၊ ထိုရဟန်းသည်။ သတော ဝ၊ သတိရှိသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ဝင်လေကို ဖြစ်စေ၏။ သတော ဝ၊ သာလျှင်။ ပဿသတိ၊ ထွက်လေကို ဖြစ်စေ၏။

ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ဝင်လေကို ဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ဝင်လေကို ဖြစ်စေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ မူလည်း။ ပဿသန္တော၊ ထွက်လေကို ဖြစ်စေသည်ရှိသော်။ ဒီဃံ၊ စွာ။ ပဿသာမီတိ၊ ဟူ၍။ ပဇာနာတိ၊ သိ၏။

၂။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပ။ ပဇာနာတိ၊ သိ၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်လေအပေါင်းကို ထင်စွာပြုလျက်။ အဿသိဿာမီတိ၊ ဝင်လေကို ဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ ကျင့်ကြံအားထုတ်၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်လေအပေါင်းကို ထင်စွာပြုလျက်။ ပဿသိဿာမီတိ၊ ထွက်လေကို ဖြစ်စေအံ့ ဟူ၍။ သိက္ခတိ၊ ကျင့်ကြံအားထုတ်၏။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ကာယသင်္ခါရကို။ ပဿမ္ဘယံ၊ ငြိမ်းအေးစေလျက်။ ပ။ သိက္ခတိ၊ ၏။

[ဤမှ ရှေ့၌ ထူးရာကိုသာ အနက် ယောဇနာအံ့]။

ပီတိပ္ပဋိသံဝေဒီ၊ ပီတိကို ထင်စွာပြုလျက်။ သုခပ္ပဋိသံဝေဒီ၊ သုခကို ထင်စွာပြုလျက်။ ။ စိတ္တသင်္ခါရပ္ပဋိသံဝေဒီ၊ စိတ်ကိုပြုပြင်တတ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာတို့ကို ထင်စွာပြုလျက်။ ။

စိတ္တံ၊ စိတ်ကို။ အဘိပ္ပမောဒယံ၊ ဝမ်းမြောက်စေလျက်။ ။စိတ္တံ၊ ကို။ သမာဒဟံ၊ ကောင်းစွာထားလျက်။ ။စိတ္တံ၊ ကို။ ဝိမောစယံ၊ လွတ်စေလျက်။

အနိစ္စာနုပဿီ၊ အနိစ္စဟု အဖန်ဖန်ရှုလျက်။ ။ဝိရာဂါနုပဿီ၊ ရာဂကင်းခြင်းကို အဖန်ဖန်ရှုလျက်။ ။နိရောဓာနုပဿီ၊ သင်္ခါရတို့၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက်။ ။ပဋိနိဿဂ္ဂါနုပဿီ၊ ကိလေသာစွန့်ခြင်းကို အဖန်ဖန် ရှုလျက်။

ရာဟုလ၊ လာ။ အာနာပါနဿတိ၊ ကို။ ဧဝံ၊ ဤသို့။ ဘာဝိတာ၊ ပွါးများအပ်သည်ရှိသော်။ ဧဝံ သို့။ ဗဟုလီကတာ၊ သော်။ မဟပ္ဖလာ၊ သည်။ မဟာနိသံသာ၊ သည်။ ဟောတိ၊ ၏။

ရာဟုလ၊ လာ။ တေ၊ သင်သည်။ အာနာပါနဿတိယာ၊ ကို။ ဧဝံ သို့။ ဘာဝိတာယ၊ သော်။ ဧဝံ၊ သို့။ ဗဟုလီကတာယ၊ သော်။ တေ၊ သင်၏။ စရိမကာ၊ အဆုံးဖြစ်ကုန်သော။ ယေပိ အဿာသာ၊ အကြောင်ဝင်လေတို့သည်လည်း။ (သန္တိ၊ ရှိကုန်၏။) တေပိ၊ ထိုဝင်လေတို့သည်လည်း။ ဝိဒိတာဝ၊

သိမြင်ထင်ကုန်လျက်သာလျှင်။ နိရုဇ္ဈန္တိ၊ချုပ်ပျက်ကုန်၏။ အဝိဒိတာ၊မသိမမြင် မထင်ကုန်ပဲလျက်။ နော နိရုဇ္ဈန္တိ၊ ချုပ်ပျက်သည်မဟုတ်ကုန်။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤသုတ်ကို။ အဝေါစ၊ ပြီ။ အာယသ္မာ ရာဟုလော၊ သည်။ အတ္တမနော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်သော (မိမိ)စိတ်ရှိသည်ဖြစ်၍။ ဘဂဝတော၊ ၏။ ဘာသိတံ၊ ကို။ အဘိနန္ဒိ၊ နှစ်သက်ပြီ။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ သုတံ၊ ပြီ။

ဒုတိယံ၊ သော။ မဟာရာဟုလောဝါဒသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ပြီ။

---

## ၃-စူဠမာလုင်္ကျသုတ်

၁၂၂။ (ဧဝံ မေ သုတံ။ပ။အနုသာသနိပိဋ္ဌိကာဘာ အာရာမေ-ပေးမြဲ)။

အထခေါ၊ ဌ၍။ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်သော။ပဋိသလ္လီနဿ၊တပါးတည်း ကိန်းအောင်းသော။အာယသ္မတောမာလုင်္ကျပုတ္တဿ၊အရှင်မာလုင်္ကျပုတ္တအား။ဝါ၏။"လောကော၊ လောကသည်။ သဿတောတိပိ၊ မြဲ၏ဟူ၍ရှင်း။ လောကော၊ သည်။ အသဿတောတိပိ၊ မမြဲ ဟူ၍ ရှင်း။ လောကော၊ သည်။ အန္တဝါတိပိ၊ အဆုံးအပိုင်းအခြား ရှိ၏ဟူ၍ရှင်း။ လောကော၊ သည်။ အနန္တဝါတိပိ၊ အဆုံးအပိုင်းအခြား မရှိဟူ၍ရှင်း။ တံဇီဝံ၊ထိုအသက်သည်ပင်။ တံသရီရန္တိပိ၊ ထိုကိုယ် ဟူ၍ရှင်း [၁]။ ဇီဝံ၊ အသက်သည်။ အညံ၊ ကိုယ်မှတပါး အခြားတည်း။ သရီရံ၊ ကိုယ်သည်။ အညန္တိပိ၊ အသက်မှ တပါး အခြားတည်း ဟူ၍ရှင်း။ တထာဂတော၊ သတ္တဝါသည်။ ပရံမရဏာ၊သေသည်မှ နောက်ကာလ၌။ ဟောတီတိပိ၊ ဖြစ်၏ ဟူ၍ရှင်း။ တထာဂတော၊ သည်။ ပရံမရဏာ၊ ၌။ နဟောတီတိပိ၊ မဖြစ်ဟူ၍ရှင်း။ တထာဂတော၊သည်။ ပရံမရဏာ၊ ၌။ ဟောတိစ နစ ဟောတီတိပိ၊ ဖြစ်လည်းဖြစ်၏ ဖြင်လည်း မဖြစ်ဟူ၍ရှင်း။ တထာဂတော၊ သည်။ ပရံမရဏာ၊ ၌။ နေဝ ဟောတိ နနဟောတီတိပိ၊ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍ရှင်း။ ဘဂဝါ၊သည်။ အဗျာကတာနိ၊ မဖြေကြားမူ၍။ ဌပိတာနိ၊ ထားအပ်ကုန်သော။ ပဋိက္ခိတ္တာနိ၊ ပယ်မြစ်အပ်ကုန်သော။ ယာနိမာနိ ဒိဋ္ဌိဂတာနိ၊ အကြင် အယူဘို့သည်။ (သန္တိ၊ ရှိကြကုန်၏။) ဘဂဝါ၊ သည်။ တာနိ၊ ထိုအယူဘို့ကို။ မေ၊ငါ့အား။ နဗျာကရောတိ၊ဖြေကြားတော်မမူ။ ဘဂဝါ၊ သည်။ ယာနိ၊ အကြင်အယူဘို့ကို။ မေ၊ ငါ့အား။ နဗျာကရောတိ၊ ဖြေကြားတော်မမူ။ မေ၊ ငါ့အား။တံ၊ ထိုမဖြေကြားခြင်းသည်။ နရုစ္စတိ၊ မနှစ်သက်။ မေ၊ အား။တံ၊သည်။နက္ခမတိ၊ အလိုမရှိ။သောဟံ၊ ထိုငါသည်။ဘဂဝန္တံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ပုစ္ဆိဿာမိ၊မေးလျှောက် အံ့။ ဘဂဝါ၊ သည်။ မေ၊ ငါ့အား။ လောကော၊ သည်။ သဿတောတိ၊ ဟူ၍ရှင်း။ပ။ နေဝ ဟောတိ နနဟောတီတိ၊ မဟုတ်ဟူ၍ရှင်း။ သစေဗျာကရိဿတိ၊ အကယ်၍ ဖြေဆိုလတ်အံ့။ ဧဝံ(သတိ)၊သော်။ အဟံ၊ ငါသည်။ ဘဂဝတိ၊ မြတ်စွာဘုရားထံ၌။ ဗြဟ္မစရိယံ၊ ကို။ စရိဿာမိ၊ ကျင့်အံ့။ ဘဂဝါ၊ သည်။မေ၊ ငါ့အား။ လောကော၊ သည်။ သဿတောတိဝါ၊ ဟူ၍ရှင်း။ပ။ နေဝ ဟောတိ နနဟောတီတိဝါ၊ မဟုတ်ဟူ၍ရှင်း။ နောစေဗျာကရိဿတိ၊ အကယ်၍ မဖြေဆိုလတ်အံ့။ ဧဝံ(သတိ)၊ သော်။ အဟံ၊ သည်။ သိက္ခံ၊ အကျင့်သိက္ခာကို။ ပစ္စက္ခာယ၊ ချ၍။ ဟီနာယာဝတ္တိဿာ-

---

၁။ ဇီဝဥ္စ သရီရဉ္စ ဧကမေဝါတိ ဥပ္ပန္နဒိဋ္ဌိ။ ခန္ဓဝဂ္ဂသံယုတ်၌။ ၃၁၆။

မိတိ၊ လုတ္တကဲ့အံ့”ဟူ၍။ ဝေါ၊ ဤသို့။ စေတသော ပရိဝိတက္ကော၊ စိတ်အကြံသည်။ ဥဒပါဒိ၊ ထင်စွာဖြစ်ပြီ။

၁၂၃။ အထခေါ၊ ဌ။ အာယသ္မာ မာလုကျပုတ္တော၊ သည်။ပ။ ဘဂဝန္တံ၊ ကို—

၁၂၄။ “ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ဤအရပ်၌။ ရဟောဂတဿ၊ သော။ ပဋိသလ္လီနဿ၊ သော။ မယှံ၊ အား။ ဝါ၊ ၏။ “လောကော၊ သည်။ပ။ ဟိနာယာဝတ္တိဿာမိတိ၊ လတ်အံ့”ဟူ၍။ ဝေါ၊ ဤသို့။ စေတသော ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ပြီ။

ဘဂဝါ၊ သည်။ သဿတော လောကောတိ၊ ဟူ၍။ သစေ ဗျာကရောတိ၊ အံ့။ (ဇော် သတိ၊ သော်။) သဿတော လောကောတိ၊ ဟူ၍။ ဘဂဝါ၊ သည်။ မေ၊ အား။ ဗျာကရောတု၊ ဖြေကြားစေချင်၏။ ဘဂဝါ၊ သည်။ အသဿတော လောကောတိ၊ ဟူ၍။ သစေ ဗျာကရောတိ၊ အံ့။ (ဧဝံ သတိ၊ သော်။) အသဿတော လောကောတိ၊ ဟူ၍။ ဘဂဝါ၊ သည်။ မေ၊ အား။ ဗျာကရောတု၊ ၏။

ဘဂဝါ၊ သည်။ သဿတော လောကောတိ ဝါ၊ ဟူ၍ငှင်း။ အသဿတော လောကောတိ ဝါ၊ ဟူ၍ငှင်း။ နော စေ ဗျာကရောတိ၊ အကယ်၍ မဖြေအံ့၊ (ဧဝံ သတိ၊ သော်။) နဇာနာမိ နပဿာမိတိ၊ ငါမသိမမြင်ဟူသော။ ယဒိဒံ၊ အကြင်စကားသည်။ အတ္ထိ၊ ၏။ အဇာနတော အပဿတော၊ မသိမမြင်သော မြတ်စွာဘုရား၏။ တေဒေဝ၊ ထို ငါမသိမမြင် ဟူသော စကားသည်ပင်လျှင်။ ခေါပန၊ စင်စစ်။ ဥဇုကံ၊ ဖြောင့်မတ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ ဘဂဝါ၊ သည်။ “ဟောတိစ နစ ဟောတိ တထာဂတော ပရံမရဏာတိ ဝါ၊ ပရံမရဏာ”ဟူ၍ ငှင်း။ “နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံမရဏာ တိ ဝါ၊ ပရံမရဏာ”ဟူ၍ငှင်း။ နော စေ ဗျာကရောတိ၊ အကယ်၍ မဖြေအံ့။ (ဧဝံ သတိ၊ သော်။ န ဇာနာမိ နပဿာမိတိ၊ မိဟူသော။ ယဒိဒံ၊ သည်။ အတ္ထိ၊ ၏။ အဇာနတော အပဿတော၊ ၏။ တေဒေဝ၊ သည်သာ။ ဥဇုကံ၊ သည်။ ဟောတိတိ၊ ၏”ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ လျှောက်ထားပြီ။ (နပဿာမိတိ၌ ဣတိအပိုဒ်လုံးအကြောင်း။ စာပိုဒ် ၁၂၃-ရှိ ဧတံ၊ ပြန်စပ်။)

၁၂၅။ မာလုကျပုတ္တ၊ ပုတ္တ။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ “မာလုကျပုတ္တ၊ ပုတ္တ။ တွံ၊ သင်သည်။ ဧဟိ၊ လာလော့။ မယိ၊ ငါဘုရား၏ အထံ၌။ ဗြဟ္မစရိယံ၊ ကို။ စရ၊ ကျင့်လော့။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ သဿတော လောကောတိ ဝါ၊ ဟူ၍ငှင်း။ပ။ နေဝ ဟောတိ န န ဟောတိ တိ ဝါ၊ ဟူ၍ငှင်း။ ဗျာကရိဿာမိတိ၊ ဖြေအံ့” ဟူ၍။ ဝေါ၊ ဤသို့။ အဝစံ ကိံ နု၊ ဆိုဘူးသလော။ ဘန္တေ၊ ရား။ ဧတံ၊ ထိုစကားကို။ နော ဟိ၊ မဆိုဘူးပါ။

တွံ ဝါ ပန၊ သင်သည်မူလည်း။ မံ၊ ငါ့ကို။ “ဘန္တေ၊ ရား။ ဘဂဝါ၊ သည်။ မေ၊ အား။ သဿတော လောကောတိ ဝါ၊ ဟူ၍ငှင်း။ပ။ နေဝ ဟောတိ န န ဟောတိ တိ ဝါ၊ ဟူ၍ငှင်း။ ဗျာကရိဿတိ၊ ဖြေဆိုလတ္တံ့။ (ဧဝံ သတိ၊ သော်။) အဟံ၊ သည်။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ စရိဿာမိတိ၊ အံ့”ဟူ၍။ ဝေါ၊ ဤသို့။ အဝစ (ကိံ နု)၊ ဆိုဘူးသလော။ ဘန္တေ၊ ရား။ ဧတံ၊ ကို။ နော ဟိ၊ မဆိုဘူးပါ။

မာလုကျပုတ္တ၊ ပုတ္တ။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ “မာလုကျပုတ္တ၊ ပုတ္တ။ တွံ၊ သင်သည်။ ဧဟိ၊ လာလော့။ မယိ၊ ငါဘုရား၏အထံ၌။ ဗြဟ္မစရိယံ၊ ကို။ စရ၊ ကျင့်လော့။ အဟံ၊ သည်။ သဿတော လောကောတိ ဝါ၊ ဟူ၍ငှင်း။ပ။ နေဝ ဟောတိ န န ဟောတိ ဝါ၊ ဟူ၍ငှင်း။ တေ၊ သင့်အား။ ဗျာကရိဿာမိတိ၊ အံ့”ဟူ၍။ နေဝ ဝဒါမိ ကိရ၊ စင်စစ်မဆိုစဘူး။

တုံ့ပီ၊ သင်သည်လည်း။ မံ၊ ငါဘုရားကို။ "ဘန္တေ၊ ရှား။ ဘဂဝါ၊ သည်။မေ၊ အား။ သဿတော လောကောတိဝါ၊ ဟူ၍ရှင်း။ပ။ နေဝဟောတိ နနဟောတိဘိဝါ၊ ဟူ၍ရှင်း။ ဗျာကရိဿာမိ၊အံ့။ (ဧဝံသတိ၊ သော်။)အဟံ၊ သည်။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ စရိဿာမိတိ၊ ကျင့်အံ့"ဟု။ န ဝဒေသိ ကိရ၊ ဝင်စင်မလျှောက်စဘူး။

မောဃပုရိသ၊ အချည်းနှီး ယောကျ်ား။ ဧဝံသန္တေ၊ ဤသို့ ဖြစ်လတ်သော်။ ဝါ၊ ဖြစ်လျက်။ ကော သန္တော၊ တောင်းပန်အပ်သူ တောင်းပန်သူတွင် သင်သည် အဘယ်မည်သော သူဖြစ်၍။ ကံ၊ အဘယ်မည်သောငါ့ကို။ ပစ္စာစိက္ခသိ၊ တုံ့ ပြန်လျှောက်ထား ပြောကြားဘိသနည်း [၁]။

၁၂၆။ မာလုကျပုတ္တ၊ ပုတ္တ။ ယောခေါ၊ အကြင်တစုံတယောက်သည်။"ဘဂဝါ၊ သည်။ မေ၊ ငါ့အား။ သဿတော လောကောတိဝါ၊ ဟူ၍ရှင်း။ပ။ နေဝဟောတိ နနဟောတိတိဝါ၊ ဟူ၍ရှင်း။ ယာဝ၊ အကြင်မျှလောက်၊ နဗျာကရိဿတိ၊ မဖြေကြားလတ္တံ့။ တာဝ၊ ထိုမျှလောက်။ အဟံ၊ ငါသည်။ ဘဂဝတိ၌။ ဗြဟ္မစရိယံ၊ ကို။ နစရိဿာမိတိ၊ မကျင့်အံ့"ဟူ၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ပြောဆိုရာ၏။

မာလုကျပုတ္တ၊ ပုတ္တ။ တထာဂတေန၊ သည်။ တံ၊ ထိုပြဿနာကို။ အဗျာကတမေဝ၊မဖြေကြား အပ်သည်သာလျှင်။ အဿ၊ ဖြစ်ရာ၏။ အထ၊ ထိုသို့မဖြေကြားသော်။ သော ပုဂ္ဂလော၊ သည်။ ကာလံကရေယျ၊ သေရာ၏။

မာလုကျပုတ္တ၊ ပုတ္တ။ သေယျထာပိ၊ အံ့။ ပုရိသော၊ သည်။ ဂါဠ္ဟပလေပနေန၊ ထူထဲစွာ လိမ်းကျံခြင်းရှိသော။ သဝိသေန၊ မြားဆိပ်သုံးသော။ သလ္လေန၊ မြားဖြင့်။ ဝိဒ္ဓေါ၊ပစ်အပ်သည်။ အဿ၊ ဖြစ်ရာ၏။ တဿ၊ ထိုယောကျ်ား၏။ မိတ္တာမစ္စာ၊ အဆွေခင်ပွန်းတို့သည်ရှင်း။ ဉာတိသာလောဟိတာ၊ ဆွေမျိုးသားချင်းတို့သည်ရှင်း။ သလ္လကတ္တံ မြားကို ပယ်နုတ်နိုင်သော။ဝါ၊မြားကျွတ် မန္တာန် ရွတ်အံ့ဘတ်သော [၂]။ ဘိသက္ကံ၊ ဆေးသမားသို့။ ဥပဋ္ဌပေယျုံ၊ ဆ.ည်းကပ်ဘုန်ရာ၏။ သော၊ ထိုမြားပစ်ခံရသောယောကျ်ားသည်။ "ယေန၊ အကြင်ယောကျ်ားသည်။ ဝိဒ္ဓေါ၊ သည်။ အမှို၊ ၏။ ခတ္တိယောဝါ၊ မင်းဟူ၍ရှင်း။ ဗြာဟ္မဏောဝါ၊ ပုံဏားဟူ၍ရှင်း။ ဝေဿောဝါ၊ ကုန်သည်ဟူ၍ရှင်း။ သုဒ္ဒေါဝါ၊ သူဆင်းရဲဟူ၍ရှင်း။ အဟံ၊ ငါသည်။ တံပုရိသံ၊ ထိုပစ်သော ယောကျ်ားကို။ ယာဝ နဇာနာမိ၊ မသိရသေးသမျှ။ ဣမံ သလ္လံ၊ ဤမြားကို။ နတာဝအာဟရိဿာမိတိ၊ နုတ်ဦးမည် မဟုတ်" ဟူ၍။ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ (ဤမှ ရှေ့တွင်ကား ထူးရာကိုသာပေးနာအံ့)။ ဧဝံနာမော ဣတိဝါ၊ ဤသို့ အမည်ရှိသူဟူ၍ရှင်း။ ဧဝံ ဂေါတ္တော ဣတိဝါ၊ ဤသို့ အနွယ်ရှိသူဟူ၍ရှင်း။

ဒီဃောဝါ၊မြင့်သူ ဟူ၍ရှင်း။ ရဿောဝါ၊ နိမ့်သူဟူ၍ရှင်း။ မဇ္ဈိမောဝါ၊ အလယ်အလတ် ဖြစ်သူဟူ၍ရှင်း။

---

၁။ "မာလုကျပုတ္တ သင့်ကို ငါဘုရားအထံ၌ ဗြဟ္မစရိယကျင့်လှည့်ဟုလည်း မခေါ်စဘူး။သင်ကလည်း ကျင့်ပါရစေဟု မတောင်းပန်ခဲ့ဘူးပဲလျက် ဘယ်သူက ဘယ်သူ့ကို ငြင်းပယ်စကား လျှောက်ထားတုံ့ပြန်ဖို့ လိုသေးသလဲ"ဟု ဆိုလိုသည်။

တုံ့ ပန နေဝ ယာစကော၊ န ယာစိတကော ဧဝံ သန္တေ မောဃပုရိသ ကော သန္တော ကော သမာနော ကံ ပစ္စာစိက္ခသိတိ ဒဿေတိ။ (ပါဠိကာသုတ်အဖွင့်)။ ကော သမာနောတိ ယာစကယာစိတကေသု ကော နာမ ဟောန္တော။ကန္တိ ယာစကယာစိတကေသုဧဝ ကံနာမ ဟောန္တံ မံ ပစ္စာစိက္ခသိ။ (ဋီကာ)။ဤ ဋီကာ၌လည်း ဖွင့်သည်။

၂။ သလ္လံ ကန္တတီတိ သလ္လကတ္တော၊ ကတိဓာတ် နုတ်ခြင်း ဖြတ်ခြင်း ဟော-ဟု ဓာတ်ကျမ်းများ၌ဆို၏။

ကာဠေ္ဟဝါ၊ မည်းနက်သူ ဟူ၍လည်း။ သာမောဝါ၊ ရွှေသောသူဟူ၍လည်း။ မင်္ဂုရစ္ဆဝီဝါ၊ ကြမ်းပိုးကျောက်ကုန်းကဲ့သို့ အရေအဆင်း ရှိသူဟူ၍လည်း။

အမုကသ္မိံ ဂါမေဝါ၊ ဤမည်သော ရွာ၌(နေသူ)ဟူ၍လည်း။အမုကသ္မိံ နိဂမေဝါ၊ ဤမည်သော နိဂုံး၌ (နေသူ) ဟူ၍လည်း။ အမုကသ္မိံ နဂရေဝါ၊ ဤမည်သောမြို့၌ (နေသူ) ဟူ၍လည်း။

ယဒိ ဝါ စာပေါ၊ လင်းလေးလေ လောဟူ၍လည်း။ ယဒိဝါ ကောဒဏ္ဍော၊ ဒူးလေးလေလော ဟူ၍လည်း။ ယေန၊ အကြင်လေးဖြင့်။ ဝိဒ္ဓေါ၊ ပစ်အပ်သည်။ အမှို့ ဖြစ်၏။ အဟံ၊ ငါသည်။ တံဓနုံ၊ ထိုလေးကို။ယာဝ နဇာနာမိ၊ မသိရသေးသမျှ။

ယာယ၊ အကြင်ညို့ဖြင့်။ ဝိဒ္ဓေါ၊ သည်။အမှို့၏။ ယဒိ ဝါ အက္ကဿ၊ မုရိုးလျှော်၏ ညို့ လေ လောဟူ၍လည်း။ ယဒိဝါ သဏှဿ၊ ဝါးလျှော်၏ ညို့လေလောဟူ၍လည်း။ ယဒိဝါနှာရုဿ၊ အကြော ၏ ညို့လေလောဟူ၍လည်း။ ယဒိဝါ မရုဝါယ၊ သင်ပန်းလျှော်၏ ညို့ လေလောဟူ၍လည်း။ ယဒိဝါ ခီရပဏ္ဏိနော၊ ဥမ္မန်းလျှော်၏ ညို့လေလောဟူ၍လည်း။ အဟံ၊ ငါသည်။ တံဇိယံ၊ ထိုညို့ကို။ ယာဝ န ဇာနာမိ၊ မသိရသေးသမျှ။

အဟံ၊ ငါသည်။ ဝါ၊ ကို။ ယေန၊ အကြင်မြားဖြင့်။ ဝိဒ္ဓေါ၊ သည်။ အမှို့ ၏။ ယဒိဝါကစ္ဆံ၊ ချုံမှ ဖြစ်သော မြားလေလောဟူ၍လည်း။ယဒိဝါ ရောပိမံ၊ စိုက်ပျိုးအပ်သော ချုံမှ ဖြစ်သောမြားလေလော ဟူ၍လည်း။ တံကဏ္ဍံ၊ ထိုမြား ကို။

ယေန၊ အရွက်တပ်အပ်သော အကြင်မြားဖြင့်။ ဝိဒ္ဓေါ၊ သည်။ အမှို့ ၏။ ယဿ၊ အကြင် သတ္တဝါ၏။ ပတ္တေဟိ၊ တို့ဖြင့်။ ဝါဇိတံ၊ အရွက်တပ်အပ်၏။ ယဒိဝါ ဂိဇ္ဈဿ၊ လင်းတ၏ (အရွက်) လေလောဟူ၍လည်း။ ယဒိဝါ ကင်္ကဿ၊ ငှက်ကြီးတုံးစပ်၏ (အရွက်)လေလောဟူ၍လည်း။ ယဒိဝါ ကုလလဿ၊ စွန်ရဲ၏။ ဝါ၊ သိန်း၏ (အရွက်) လေလောဟူ၍လည်း။ ယဒိဝါ မောရဿ၊ ဥဒေါင်း၏ (အရွက်) လေလောဟူ၍လည်း။ ယဒိဝါ သိထိလဟနုနော၊ နှံကောင်၏(အရွက်)လေလောဟူ၍လည်း။

ယေန၊ အကြင်မြားဖြင့်။ ဝိဒ္ဓေါ၊ သည်။ အမှို့ ၏။ ယဿ၊ အကြင်သတ္တဝါ၏။နှာရုနာ၊ဖြင့်။ ပရိက္ခိတ္တံ၊ ရစ်အပ်၏။ ယဒိဝါ ဂဝဿ၊ နွား၏(အကြော)လေလောဟူ၍လည်း။ ယဒိဝါ မဟိံသဿ၊ ကျွဲ၏(အကြော)လေလောဟူ၍လည်း။ ယဒိဝါ ဘေရဝဿ၊ ခြသေ့နက်၏ (အကြော)လေလော ဟူ၍လည်း။ ယဒိဝါ သေမှာရဿ၊ မျောက်၏(အကြော)လေလောဟူ၍လည်း။

ယေန၊ အကြင်မြားဖြင့်။ ဝိဒ္ဓေါ၊ ပစ်အပ်သည်။အမှို့ ဖြစ်၏။ ယဒိ ဝါ သလ္လံ၊ (ပကတိ) မြားလေလောဟူ၍လည်း။ ယဒိဝါ ခုရပ္ပံ၊ သင်ဓုန်းသွားကဲ့သို့ အသွားတပ်သော မြားလေလောဟူ၍ လည်း။ ယဒိဝါ ဝေကဏ္ဍံ၊ နားရွက်လျှင် အပိုင်းအခြားရှိသော မြားလေလော။ ဝါ၊ နားတွင်းသို့ ဖောက်ထွင်းနိုင်သော မြားလေလောဟူ၍လည်း။ (ဝေကဏ္ဍံ-ဟူမှုဒ္ဓဇကြီး ၂-လုံးနှင့် ရှိသင့်ရာ၏)။ ယဒိဝါ နာရာစံစဉ်းသွားတပ်သော မြားလေလောဟူ၍လည်း။ ယဒိ ဝါ ဝစ္ဆဒန္တံ၊ နွားငယ်၏ သွား ကဲ့သို့ အသွားရှိသော မြားလေလောဟူ၍လည်း။ (ဆင်ငယ်၏ အစွယ်ဖြင့် ပြုလုပ်အပ်သော မြားလေလော ဟုလည်း ပေးကြ၏)။ ယဒိဝါ ကရဝီရပတ္တံ၊ ကုလား ဇလပ်ပန်းရွက် သဏ္ဌာန်ဖြင့် ပြုအပ်သော မြားလေလောဟူ၍လည်း။ အဟံ၊ ငါသည်။ တံသလ္လံ၊ ထိုမြားကို။ ယာဝ န ဇာနာမိ၊ မသိရသေးသမျှ။ဣမံသလ္လံ၊ ဤမြားကို။ နတာဝ အာဟရိဿာမိတိ၊ ထုတ်ဆောင်လိမ့်မည်မဟုတ်ဟူ၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။

မာလုကျပုတ္တ၊ ပုတ္တ။ တေန ပုရိသေန၊ထိုမြှားသင့်ခံရသောယောကျ်ားသည်။ တံ၊ ထိုမြှားကို။ အညာတမေဝ၊ မသိအပ်သည်သာလျှင်။ အဿ၊ဖြစ်ရာ၏။ အထ၊ ထိုသို့မသိသည်ရှိသော်။ သော ပုရိသော၊ သည်။ ကာလံကရေယျ၊ သေရာ၏။ မာလုကျပုတ္တ၊ ပုတ္တ။ ဧဝမေဝခေါ၊ သာလျှင်။ ယော၊အကြင်သူသည်။ "ဘဂဝါ၊သည်။ပ။ နေဝဟောတိ နနဟောတိတိ၊ ဟူ၍ရင်း။နဗျာကရိဿတိ၊ လတ္တံ့။တာဝ၊ လောက်။ အဟံ၊ ငါသည်။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ကို။ နစရိဿာမိတိ၊အံ့" ဟူ၍။ ဧဝံ၊ သို့။ဝဒေယျ၊ ဆိုရာ၏။ မာလုကျပုတ္တ၊ ပုတ္တ။ တထာဂတေန၊ သည်။ တံ၊ ထိုအမေးပြဿနာကို။ အဗျာကတမေဝ၊ သာလျှင်။ အဿ၊ ရာ၏။ အထ၊ သော်။ သောပုရိသော၊ သည်။ ကာလံကရေယျ၊ သေရာ၏။

၁၂၇။ မာလုကျပုတ္တ၊ ပုတ္တ။ လောကော၊ သည်။ သဿတောတိ၊ မြဲ၏ ဟူသော။ ဒိဋ္ဌိယာ၊ အယူမှားခြင်းသည်။ သတိ၊ ရှိသော်။ ဗြဟ္မစရိယဝါသော၊ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးခြင်းသည်။ အဘဝိဿ၊ဖြစ်ရာသလော။ဣတိ၊ ဤသို့မေးဘော်မူ၏။ဧဝံနော၊ဤသို့မဖြစ်ပါ။မာလုကျပုတ္တ၊ ပုတ္တ။ပ။ ဧဝံပိနော၊ ဤသို့လည်းမဖြစ်ရာပါ။ မာလုကျပုတ္တ၊ ပုတ္တ။ လောကော၊ သည်။ သဿတောတိ၊ မြဲ၏ဟူသော။ ဒိဋ္ဌိယာ၊သည်။ သတိဝါ၊ သော်ရင်း။ လောကော၊ သည်။ အသဿတောတိ၊ ဟူသော။ ဒိဋ္ဌိယာ၊ သည်။ သတိဝါ၊ သော်ရင်း။ဇာတိ၊သည်ကား။အတ္ထေဝ၊ ရှိသည်သာလျှင်တည်း။ ဇရာ၊ သည်ကား။အတ္ထိ၊ သာတည်း။မရဏံ၊ သည်ကား။ အတ္ထိ၊ သာတည်း။ သောကပရိဒေဝ ဒုက္ခ-ဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း စိတ်နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည်ကား။ သန္တိ၊ ရှိကုန်သည်သာတည်း။ အဟံ၊ ငါဘုရားသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ယေသံ၊ ယင်းသို့သော ဇာတိ ဇရာ စသည်ဘို့၏။ နိဃာတံ၊ ပျက်စီးခြင်း ကိုသာလျှင်။ ပညပေမိ၊ ဟောကြားတော်မူ၏။ (အကြွင်းလွယ်ပြီ)။

၁၂၈။ မာလုကျပုတ္တ၊ ပုတ္တ။ တသ္မာတိဟ၊ ထိုကြောင့်သာလျှင်။မေ၊ငါဘုရားသည်။အဗျာက-တဉ္စ၊ မဟောကြားအပ်သည်ကိုသည်း။ အဗျာကတတော၊ မဟောကြားသောအားဖြင့်။ ဓာရေထ၊ မှတ်ယူဆောင်ထားကုန်လော့။ မေ၊သည်။ ဗျာကတဉ္စ၊ ဟောကြားသည်ကိုလည်း။ ဗျာကတတော၊ ဟောကြားသောအားဖြင့်။ဓာရေထ၊ ကုန်လော့။

မာလုကျပုတ္တ၊ ပုတ္တ။မယာ၊ ငါဘုရားသည်။ ကိဉ္စ၊ အဘယ်တရားကို။ အဗျာကတံ၊ မဟောကြား အပ်သနည်း။

မာလုကျပုတ္တ၊ ပုတ္တ။ မယာ၊ငါသည်။လောကော၊ သည်။သဿတောတိ၊ ဟူ၍။ အဗျာကတံ၊ မဟောကြားအပ်။ပ။ နေဝဟောတိ နနဟောတိတိ၊ ဟူ၍။ အဗျာကတံ၊ အပ်။

မာလုကျပုတ္တ၊ ပုတ္တ။ မယာ၊ ငါသည်။ ဧတံ၊ ဤသဿတော လောကော- စသည်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ အဗျာကတံ၊ မဟောကြားအပ်သနည်း။

မာလုကျပုတ္တ၊ ပုတ္တ။ ဟိ၊ မှန်၏။ ဧတံ၊ ဤသဿတော လောကော-စသည်သည်။ ဝါ၊သဿ-တော လောကောစသည်ကို ဟောကြားခြင်းသည်။နအတ္ထသံဟိတံ၊အကျိုးနှင့်မစပ်ယှဉ်။ နအာဒိဗြဟ္မ-စရိယကံ၊ ဗြဟ္မစရိယ၏ ရှေးဦးအစ သီလမျှကိုပင် ရကြောင်းမဟုတ်။ ဝါ၊ မဂ္ဂဗြဟ္မစရိယ၏ အခြေခံမျှကိုပင် ရကြောင်းမဟုတ်။ နိဗ္ဗိဒါယ၊ (ဝဋ္ဋ၌) ငြီးငွေ့ခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ ဝိရာဂါယ၊ တပ်မက်မှု ကင်းခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ နိရောဓာယ၊ ရာဂချုပ်ခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ ဥပသမာယ၊

ရာဂမီး ငြိမ်းခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ အဘိညာယ၊ တရားထူးကို သိခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို သိခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ မယာ၊ သည်။ တံ၊ ကို။ အဗျာကတံ၊ မဟောကြားအပ်။

မာလုကျပုတ္တ၊ ပုတ္တ။ မယာ၊ သည်။ ကိဉ္စ၊ အဘယ်တရားကို။ ဗျာကတံ၊ ဟောကြားအပ်သနည်း။

